# မိုးစက်ပွင့်

ချစ်ခြင်းကဖန်ဆင်းတဲ့
မြစ်မင်းသဏ္ဍာန်



## ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း(ဖုန်း-၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'**ရွှေပဒေသာအော့ဖ်ဆက်**'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ဈေး** - ၁၇၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း** (CIP)

ချစ်ခြင်းက ဖန်ဆင်းတဲ့ မြစ်မင်းသဏ္ဍာန်
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။
၂၅၃-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်ခြင်းက ဖန်ဆင်းတဲ့ မြစ်မင်းသဏ္ဍာန်


# ချစ်ခြင်းက ဖန်ဆင်းတဲ့ မြစ်မင်းသဏ္ဍာန်



**မိုးစက်ပွင့်**

"မောင် မှားပါတယ် နှောင်ကြိုးရယ်။ မောင့် အမှားတွေအတွက် မောင့်ကို ပြင်ဆင်ခွင့်ပေးပါ။ မောင် နှောင်ကြိုးကို တကယ်ချစ်တာပါကွာ။ နှောင်ကြိုး သူ့ကို မချစ်ဘူးမို့လားဟင်…"

မင်းစေသော်



"မမ ကျွန်တော့်အချစ်ကို ဥပေက္ခာပြုသလို မမ ချစ်တဲ့သူက မမအချစ်ကို ဥပေက္ခာပြုပါစေ။ မမ ကျွန်တော့်အချစ်ကို တန်ဖိုးမထားသလို…မမ ချစ်တဲ့သူက မမအချစ်ကို တန်ဖိုးမထားပါစေနဲ့။ အဲဒါ…ကျွန်တော့်ရဲ့ကျိန်စာပဲ"

ခွန်းသိုက်ညို

"ကိုကို သူ့ထက် ပိုပြီး မချစ်နိုင်ရင်နေပါ။ သူ့နဲ့ တန်းတူချစ်ပေးနိုင်မလား။ ချစ်ပေးနိုင်အောင် ကြိုးစားကြည့်ပါနော်...ချစ်"

ညီသုတ





"နှောင်ကြိုး...ရှင့်အပေါ်မှာ ရူဠသုဘဒ္ဒါလို အငြိုးကြီးစွာနဲ့ အစွယ်ကိုတောင်းပြီး နားရွှောင်း မပန်ပါဘူး။ မိဖုရားစောလုံလိုလည်း ပွဲတော်အုပ် ကို အဆိပ်မခပ်ဘူး။ ကိုမင်းစေသော် ကျေနပ်ပါ"

သစ္စာနှောင်ကြိုး

# အခန်း (၁)

"မောင်"

"..........."

"မောင်လို့"

"ပြောလေ…ချစ်ရဲ့"

"ချစ်…ရေဆာတယ်"

"ဟင်…ဟုတ်လား၊ ဒါဆို ခဏစောင့်လေ…မောင် သွားဝယ်ပေးမယ်"

"အင်း…မကြာနဲ့နော်"

"ဟုတ်ကဲ့ပါဗျာ"

နှောင်ကြိုး ကိုယ်ထိုင်နေတဲ့ ခုံတန်းလေးနဲ့ မနီးမဝေး ဟိုဘက်ခုံတန်းလေးပေါ်က စုံတွဲလေးကို ငေးကြည့်နေမိတာပါ။





ကိုယ်ကတော့ တစ်ယောက်တည်းပဲ လာထိုင်နေမိတာလေ။ တစ်ချိန်တုန်းကတော့ ကိုယ်လည်း ဒီခုံတန်းလေးပေါ်မှာ နှစ်ယောက်အတူ ထိုင်ခဲ့ဖူးတာပေါ့။

အခု သူ့ကို သတိရမိလို့ ဒီနေရာကို ရောက်လာပေမယ့် တစ်ယောက်တည်းရယ်။ အရင်က ဟောဒီအင်းယားကန်မှာ အတူတူစားခဲ့ဖူးတာ၊ အတူတူသွားခဲ့ဖူးတာတွေ…ဩော်… ခုတော့ ပြီးဆုံးသွားခဲ့ပြီပေါ့။

မောင်တဲ့…

ဒီနာမ်စားကို ကြားမိတိုင်း အခုတော့ ရင်ထဲမှာ ဆစ်ကနဲ နာကျင်နေမိပြီလေ။

နှောင်ကြိုး…

သက်ပြင်းချမိပြီး ကန်ရေပြင်ကို ငေးစိုက်ကြည့်နေမိတော့သည်။ နေရောင်ကြောင့် ရေလှိုင်းလေးတွေကြားမှာ တဖျပ်ဖျပ် လက်နေတာ အတောက်ပဆုံး ကြယ်ပွင့်များလို။ ကောင်းကင် မဟုတ် ရေလွှာမှာပွင့်တဲ့ ကြယ်ပွင့်လေးတွေပေါ့။ နှောင်ကြိုး မျက်လုံးကို စုံမှိတ်ပြီး ခုံတန်းလေးပေါ်မှာ မှီလိုက်သည်။

မောင်…

ဒီနာမ်စားက နှောင်ကြိုးရင်ကို ခွဲခဲ့တဲ့ ဓားပါပဲ။ မောင့် အပေါ်မှာ နှောင်ကြိုး ဘယ်လောက်အထိ ချစ်ခဲ့လဲဆိုတာ နှောင်ကြိုးကိုယ်နှောင်ကြိုး အသိဆုံးပါလေ။ ရှုးမတာတ်ကို ချစ်ခဲ့

တာပါ မောင်။ ဒါကို မောင်လည်း သိပါတယ်။ သိလို့ တမင် အနိုင်ယူတာလား မောင်။

မောင့်နေရာမှာ…

ဘယ်သူ့ကိုမှ အစားထိုးမရနိုင်တဲ့ချစ်ခြင်းနဲ့ ချစ်ခဲ့တာပါ။ ချစ်လွန်းလို့ အရာရာ ဖြည့်ဆည်းပေးခဲ့တာကို မောင်ကလွဲပြီး နှောင်ကြိုးကို အခြားချစ်မယ့်သူ မရှိဘူးလို့ ထင်နေတာလား မောင်…ရှိတာပေါ့။ အိုးပုံ့အတွက် စလောင်းရွှဲ့ရှိသလိုပဲပေါ့ မောင်။ နှောင်ကြိုးကိုချစ်တဲ့သူ ရှိတာပေါ့။ ဒါပေမဲ့…

နှောင်ကြိုး မောင့်နေရာမှာ အခြားသူကို အစားထိုးလို့ မရခဲ့ဘူး။ ဒါကြောင့် နှောင်ကြိုးက မောင့်အပေါ် သစ္စာကြီးခဲ့သူပါ မောင်ရယ်။ ဒါကြောင့် မောင်မဟုတ်တဲ့ အခြားတစ်ယောက် အပေါ်မှာ ရက်စက်သလိုဖြစ်ခဲ့တာ…မောင် သိရဲ့လား။

မောင် သိပ်တော်ပါတယ်။

နှောင်ကြိုးလို ယောကျ်ားတွေနဲ့ပတ်သက်ပြီး မာနကြီးခဲ့တဲ့ မိန်းမတစ်ယောက်အသည်းကို ခွဲနိုင်တာ မောင် သိပ်တော်တာပေါ့။ အဲဒီအတွက် မောင် ဂုဏ်ယူနေမလား။ ဂုဏ်ယူလိုက်စမ်းပါ။ သစ္စာနှောင်ကြိုးရဲ့အသည်းကို လှလှပပလေး ခွဲနိုင်ခဲ့လို့ မောင် သိပ်တော်တယ်။ မောင် ဂုဏ်ယူလိုက်စမ်းပါ။

"မမ"

"…………"





"မမ"

"ဟင်"

မျက်လုံးကိုဖွင့်ပြီး အသံရှင်ကို မော့အကြည့်မှာ မျက်ရည်စက်တွေကို ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာတာ ပူနွေးစွာ။ ရင်ထဲက အပူမီးတွေကြောင့် မျက်ရည်တွေပါ ပူနေရှာသလား။ ညီမနှစ်ယောက်ကို အဖော်ခေါ်လာခဲ့ပေမယ့် ညီမတွေက ကန်တင်းမှာ ကျန်ခဲ့တာပါ။

"မမ ငိုနေပြန်ပြီလား"

နှောင်ကြိုးရဲ့ညီမ သစ္စာလင်းလက်က မမေးရဲလို့ မမေးပေမယ့် ညီမဝမ်းကွဲဖြစ်သူ သရဖီက အလိုမကျတဲ့မျက်နှာနှင့် မေးလေသည်။ နှောင်ကြိုး မဲ့ပြုံးပြုံးလိုက်မိပြီးမှ မျက်ရည်ကို သုတ်ပစ်လိုက်သည်။

ပြီးမှ…

"မငိုပါဘူး…ငါ မငိုဘူးလေ။ မျက်ရည်က သူ့အလိုလို ကျလာတာပါ"

"ဟူး"

"ငါ မငိုတော့ဘူး သရဖီ…သူ့အတွက် ငါ ငိုရတဲ့ မျက်ရည်တွေက သူနဲ့မှ မတန်တာ။ ဒါပေမဲ့ သူ့အကြောင်းတွေးမိလိုက်တိုင်း မျက်ရည်က ထိန်းလို့မရတာတော့ ငါလည်း မတတ်နိုင်ဘူး။ ကျပါစေဟာ…ဒီမျက်လုံးက နောက်ထပ် မျက်ရည်ကျ

နိုင် အလွန်ဆုံး တစ်ပတ်ပေါ့။ အသည်းကွဲလို့သေတဲ့သူမှ မရှိတာ"

"ဟုတ်ပါပြီ…အတတ်နိုင်ဆုံး မငိုမိအောင် ကြိုးစားပါ့ မမ…ကိုယ့်အချစ်နဲ့ မထိုက်တန်သူကို လွမ်းမနေနဲ့။ သူနဲ့ ပတ်သက်တဲ့ အမှတ်တရပစ္စည်းတွေလည်း ဘာမှမထားနဲ့တော့။ ဘုရားမှတ်လို့ ကိုးကွယ်မိတာ အခု ဖွတ်ထွက်ပြီလေ"

"အေးဟယ်…တို့မှာတော့ မမအပေါ် အရမ်းချစ်တဲ့လူ ဆိုပြီး ကိုကြီး…ကိုကြီးနဲ့ လေးစားလိုက်…ချစ်ပြလိုက်ရတာ တန်တောင်မတန်ဘူး"

လင်းလက်ကလည်း မကျေမချမ်းနှင့် ပြောလေသည်။ ဟုတ်တာပေါ့။ အစ်မဖြစ်သူရဲ့ချစ်သူဆိုပြီး ညီမတွေကလည်း လေးစားခဲ့၊ ဂရုစိုက်ခဲ့ကြတာပဲ မဟုတ်လား။ အခါခါ လမ်းခွဲဖို့ နောင်ကြိုး ပြောခဲ့ဖူးတုန်းက သူ လက်မခံခဲ့ပေ။ စိတ်ကောက်လိုက် ပြန်ချော့လိုက်နဲ့ ချစ်သူသက်တမ်း သုံးနှစ်နီးပါးကြာခဲ့တာ။

အခု…

အဲဒီသုံးနှစ်ဆိုတဲ့ကာလ တွယ်ငြိခဲ့တဲ့ သံယောဇဉ်ကြိုးက ပြတ်တောက်သွားပြီပေါ့။

"မမ"

"…………"

"ဘာမှလွမ်းမနေနဲ့…ကိုယ့်အချစ်နဲ့ မထိုက်တန်ဘူးလို့သာ သတ်မှတ်လိုက်"





"စိတ်ချပါ…ငါ သူ့ကို မေ့နိုင်အောင် ကြိုးစားမယ်။ မျှော်လင့်လို့မှ မရတော့…မမျှော်လင့်တော့ပါဘူး"

"ကောင်းတယ်…မမျှော်လင့်နဲ့"

သရဖီက နှုတ်ခမ်းလေးစူ၍ ပြောလေသည်။ အရင်ကဆို မောင်နဲ့နောင်ကြိုး စိတ်ကောက်ရင် သရဖီနဲ့လင်းလက်က မောင့်ဘက်က ကာကွယ်ပြီး ပြောပေးတတ်သူတွေပါ။ အခုကျတော့ သူတို့ပါ စိတ်နာကုန်ပြီပေါ့။ မချစ်ရင် မချစ်ဘူးပြောတာဆို တော်သေး။

အခုတော့…

တွေးရင်း မျက်ရည်က ကျလာပြန်လေသည်။ ဒီတစ်ခါတော့ နောင်ကြိုး မျက်ရည်တွေကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်တော့သည်။ တန်သလား…ကိုယ့်လောက်ချစ်တတ်တဲ့သူနဲ့ သူက မတန်တဲ့လူ။ ကိုယ့်မျက်ရည်နဲ့ မတန်တဲ့လူ။ တွေးရင်း ဒေါသဖြစ်လာပေမယ့် မျက်ရည်က သုတ်လို့မနိုင်ပေ။

မုန်းလိုက်တာ…

ကိုယ့်ကိုယ်ကိုယ် သိပ်မုန်းတာပဲ။ သူ့ကို အရမ်းချစ်တလောက် သူ့ကို အရမ်းချစ်မိတဲ့ ကိုယ့်ကိုယ်ကိုယ် အရမ်းမုန်းပါသည်။ မတန်မရာ ကိုယ်ချစ်သလောက် ကိုယ့်ကို တန်ဖိုးမထားတဲ့လူ။

"တောက်"

"ဟင်"

"မငိုတော့ဘူး···ငါ့မျက်ရည်နဲ့ သူနဲ့ မတန်ဘူး။ သူ့ကို ချစ်မိတာကိုက ငါ မှားတာ"

"ဟုတ်တယ်···မငိုနဲ့၊ မမ မေ့နိုင်အောင်ပဲ ကြိုးစား"

"ချက်ချင်းတော့ မေ့လို့ရမလားဟဲ့···အီး··ဟီး"

"ဟောတော့"

"သူများတွေ ကြည့်ကုန်မယ်···မမရဲ့"

သရဖီနဲ့လင်းလက် မမကို ကိုယ်ချင်းစာပါသည်လေ။ သူတို့လည်း ချစ်သူကိုယ်စီနဲ့ဆိုတော့ ကိုယ်ချင်းစာတာပေါ့။ ဒါပေမဲ့ သူတို့နှစ်ယောက်က ချစ်သူတွေနဲ့ မမလောက် မရင်းနှီးကြပေ။ မမနဲ့ကိုမင်းစေသော်က သူများတွေထက် ပိုချစ်ကြသလား ထင်ရလောက်အောင်···

တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာလို့ ထင်ခဲ့တာ။ တွဲလာခဲ့ကြတာ သုံးနှစ်နီးပါး။ သွားတာလာတာ အတူတွေများခဲ့တော့ ရင်းနှီးခဲ့ကြသည်လေ။ အခု လက်ထပ်ဖို့ပြောတော့မှ ဒီလိုတွေဖြစ်လာတာ။ နောက်ထပ် စောင့်ရအောင် ကလေးတွေလည်း မဟုတ်ကြ။ သုံးဆယ်ကျော်တွေလေ။

"ပြန်မယ်"

ပြောပြီး နှောင်ကြိုး ထရပ်လိုက်သည်။ သူ့ကို သတိရလို့ ဒီနေရာရောက်လာခဲ့ပြီး အခု ဒီနေရာမှာပဲ ရင်ဘတ်တွေ





အောင့်လာလို့ အမြန်မကျောခိုင်းချင်ပါပြီ။ နှောင်ကြိုး ရှေ့မှ ထွက်လာခဲ့တော့ သရဖီနဲ့လင်းလက်က နောက်မှလိုက်ပေါ့။

"မ"

"…………"

"မ"

"ဟင်"

နောက်ကနေလိုက်လာပြီး···ပြီးမှ ရှေ့ကနေ ပိတ်ရပ်ထားသဖြင့် နှောင်ကြိုးတို့ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ပါးပြင်ပေါ်မှာ စိုစွတ်နေဆဲရှိသည့် မျက်ရည်စတွေကို နှောင်ကြိုး င်အောင်သုတ်ပစ်လိုက်မိပြီး···

"သြော်···ညီသုတ"

"ဟုတ်တယ်···မ···ကျွန်တော် ညီဝမ်းကွဲနောက်ကို အဖော်လိုက်လာတာ။ အဲဒါ မမကိုမြင်လို့ လိုက်လာတာ"

"အဲဒီလိုခေါ်စမ်းပါ"

"ဗျာ"

"မမလို့ပဲခေါ်···မ်,တစ်လုံးတည်းခေါ်ရင် မမ မကြိုက်ဘူး။ နားထဲမှာ ကြားရတာ ကန့်လန့်ကြီး"

"သြော်···ဟုတ်···ဟုတ်ကဲ့ပါ မမ···မမ စိတ်တိုင်းကျပါ"

"မမ မင်းနဲ့စကားပြောဖို့ အချိန်မရလို့ ဆောရီး"

"ဟာ…မမ…အဲဗျာ"

နှောင်ကြိုး လှည့်မကြည့်တော့ပေ။ အဲ…တစ်ယောက်က လည်းတစ်မျိုး။ မရောင်းပါဘူးဆို…ချိန်ပါချိန်ပါဆိုတာမျိုးပါပဲ။ ကိုယ်က လှတာမဟုတ်ဘဲနဲ့…ဘာလို့ ကြိုက်တယ်မသိပါဘူး။

သူ့ဘာသာ စန်းပွင့်တာတော့ မတတ်နိုင်တော့ဘူးလေ။





# အခန်း (၂)

## "မျှော်လင့်ခွင့်မရှိတဲ့ မနက်ဖြန်"

မနက်ဖြန်ဆိုတဲ့ မနက်ဖြန်တွေကို အသက်သွင်း
အချင်းသဏ္ဍာန်ဟာ လှပဖူးပွင့်
နံနက်ခင်းအလင်းမှာ နွေးထွေးရှိန်းမြခဲ့သမျှ
နေမြင့်လေ အရှုံးရင့်လေဖြစ်ခဲ့ပြီ။
တိမ်တောက်ချိန်မှာ အရိပ်ပျောက်လို့
ပျော်မဝင်နိုင်တော့တဲ့ နှလုံးသားက အသက်တင်ငင်
ဩော်…နေတောင်ဝင်ခဲ့ပါပေါ့။
မနက်ဖြန်ရယ်…

နောက်နေ့ နံနက်ခင်းကို အသက်သွင်းခွင့်မရှိတော့ပြီမို့
မျှော်လင့်ခြင်းတွေ အဆုံးသတ်ပါရစေတော့
နင်ရယ် ငါရယ် သူရယ်
ဆုံခဲ့ဖူးတဲ့ အိပ်မက်တစ်ခုထဲကနေ
နင်လည်း နင့်လမ်း နင်လျှောက်
ငါလည်း ငါ့ကမ္ဘာသစ်ကို ငါ တည်ဆောက်လို့
သူနဲ့ငါ ဘယ်ဘဝရောက်ရောက်
ရေစက်မဆုံရပါစေလို့ကြောင်း
ဆုတောင်းခါခါ။

သစ္စာနှောင်ကြိုး

နှောင်ကြိုး ကဗျာလေးရဲ့အောက်မှာ ကိုယ့်နာမည်လေး ရေးပြီး လက်မှတ်လေးထိုးပြီးချိန်မှာ စာအုပ်ပေါ်သို့ မျက်ရည်စက်က ပေါက်ကနဲ ကျသွားလေသည်။ ရင်ထဲမှာ အခုထိ မွန်းကျပ်နေတုန်းပါပဲ။ ဘယ်လိုပဲ ကိုယ့်စိတ်ကို နှစ်သိမ့်ဖြေဖျောက်ပေးပေမယ့် ခဏသာ။ သတိရခြင်းတွေက အငြိုးသက်သက်နဲ့ ပွဲဖျက်တဲ့မိုးလို အလွမ်းတွေ ရွာလို့ကောင်းနေဆဲပါပဲ။

ရက်စက်လိုက်တာ မောင်ရယ်…

အစကတည်းက လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ခဲ့တာ မဟုတ်ရင် နှောင်ကြိုးကို ကြိုးရှည်ရှည်လှန်မထားသင့်ပါဘူး။





အခုတော့ နှောင်ကြိုးမှာ အရှက်လည်းရ၊ သိက္ခာလည်းကျ။ မိဘတွေကို မလွန်ဆန်နိုင်ဘူး…မိဘတွေက နှောင်ကြိုးနောက်ကို မထည့်လိုက်နိုင်လို့ဆိုတဲ့စကားနဲ့ အားလုံးကို ချေမွသွားခဲ့တာ။

မောင် သတ္တိမရှိဘူး။

အသက် (၃၀)ကျော်နေတာတောင် ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့လူ။ တကယ်ချစ်ရင် သတ္တိရှိရမှာပေါ့။ နှောင်ကြိုးနားလည်လိုက်ပါပြီ မောင်။ မောင်…နှောင်ကြိုးကို တကယ်မချစ်ခဲ့ဘူးဆိုတာကိုပေါ့။

မေနိုင်အောင် ကြိုးစားမယ်ဆိုကာမှ လက်ကစာအုပ်ကလေးတစ်အုပ်စီသို့ ရောက်သွားပြီး စာအုပ်ကို ဖွင့်လိုက်မိသည်။ စာအုပ်ကြားထဲမှာ ဓာတ်ပုံတွေ ညှပ်ထားသည်လေ။

မောင်နဲ့နှောင်ကြိုး အတူတူတွဲရိုက်ထားတဲ့ ဓာတ်ပုံတွေပေါ့။ အားလုံး စုစုပေါင်း (၁၀)ပုံ။ မောင်က နှောင်ကြိုးရဲ့ခါးလေးကို ဖက်ထားတဲ့ပုံ၊ ပခုံးကို ဖက်ထားတဲ့ပုံ။ အခုလို လမ်းခွဲကြရမယ် မှန်းသိခဲ့ရင် ဒီလိုမျိုးဓာတ်ပုံ မရိုက်ခဲ့ပါဘူး။

အခုတော့…

အမှတ်တရတွေက ကိုယ့်ရင်ဘတ်ကို ထိုးစိုက်နေတဲ့ဓားပါပဲ။

"မောင်"

"ဟင်"

"နှောင်ကြိုးတို့နှစ်ယောက်ပုံကိုလေ…ဓာတ်ပုံဆိုင်က နှစ်ပုံ ပိုကူးပြီးယူထားတယ်…သိလား"

"သူတို့က ဘာလုပ်ဖို့လဲ"

"မသိဘူးလေ…မောင်ရဲ့၊ လှလို့ယူထားတာဖြစ်မှာပေါ့။ သူတို့ယူထားတဲ့ နှစ်ပုံက ပိုလှတာကိုး။ နမူနာပြဖို့ ယူထားတာ ဖြစ်မှာပေါ့"

"ယူတော့လည်းယူပေါ့…မောင်တို့ကို သူတို့ သိတာမှ မဟုတ်တာ"

"အင်းလေ"

အဲဒီတုန်းက နှောင်ကြိုး မောင်နဲ့နှစ်ယောက်အတူ ရိုက်ခဲ့တဲ့ဓာတ်ပုံလေးတွေကို ကြည့်လို့မဝနိုင်ခဲ့ပေ။ မောင်နဲ့နှောင်ကြိုး နှစ်ယောက်စလုံးက အသားညိုကြတော့ အပြင်မှာသာ မလှကြတာ။ ဓာတ်ပုံထဲမှာတော့ ချောကြတယ်လေ။ ညီမတွေ၊ အဒေါ်တွေကတောင် အရမ်းလိုက်ဖက်တယ်တဲ့။

ဩော်…လိုက်ဖက်တယ်တဲ့လား။

ဘယ်လောက်ပဲ လိုက်ဖက်လိုက်ဖက် အခုတော့ ဝေးခဲ့ကြပြီပေါ့။

သမုဒ္ဒရာကြီးက ပြောတယ်×××ရေပြင်ကျယ်ဟာ သူ့ရဲ့ အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်×××စမ်းချောင်းလေးတွေကို ချစ်တယ်×××





ကောင်းကင်ကြီးက ပြောတယ်×××တိမ်ရောင်စုံဟာ သူ့ရဲ့ အဖော်ပဲ×××ကြယ်ကလေးများက ပြောတယ်×××လမင်း မရှိရင် ငိုချင်တယ်×××

"ဟင်"

ကြားလိုက်ရတဲ့သီချင်းသံကြောင့် နှောင်ကြိုးရင်ထဲမှာ နင့်ကနဲ ဖြစ်သွားလေသည်။ သီချင်းသံက ပထမတော့ ခပ်သဲ့သဲ့။ နောက်တော့ အသံက ပိုကျယ်လာပြီး ကိုယ်နှင့် ပို၍နီးကပ်လာသည်လေ။

ဩော်…လင်းလက် ဖုန်းနဲ့ဖွင့်ပြီး ကိုယ့်ဆီလာနေတာကိုး။ လင်းလက် ဒီသီချင်းကိုမှ ဘာလို့ရွေးဖွင့်လာတာလဲ။ သီချင်းသံက ဝေဒနာကို ပို၍ ပြင်းပြစေပြီး မျက်ရည်မိုးက ပိုစွေပြီလေ။

ထာဝရကိုယ့်ရင်ခွင်မှာ×××မင်းလေး နေပါ×××ကိုယ်ဟာ မင်းရဲ့ အမြဲတမ်း အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ချစ်တာ××× တန်ဖိုးထားပြီး ချစ်တာ×××

ယုံကြည်ပါ×××နောက်ဆုံးတစ်နေ့ထိ လက်တွဲမဖြုတ်ဘူး မင်းအနားနေမှာပါ×××

"အဟင့်…ဟင့်"

နှောင်ကြိုး အသံထွက်အောင် ငိုချလိုက်မိတော့သည်။ ဓာတ်ပုံတွေက လက်ထဲမှာ ကိုင်လျက်သားပါပဲ။ သူမ ဘယ်လိုမှ မခံစားနိုင်တော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်

ပေါက်တဲ့အထိ ခံစားရတာလေ။ မောင့်ကို အဲဒီလောက်အထိကိုပဲ နှောင်ကြိုး ချစ်ခဲ့တာပါ။

"ဟင်"

လင်းလက် မမငိုနေတာကို မြင်ရလေတော့ ခြေလှမ်းတွေ ရှေ့ဆက်မတိုးဖြစ်ဘဲ ရပ်တန့်သွားလေသည်။ မမငိုနေပြန်ပြီလို့ပဲ တွေးပြီး လင်းလက်ရင်ထဲမှာ မမကို သနားခြင်းဆိုတာပဲ ဖြစ်တည်ခဲ့၏။ ကျန်တာကို မစဉ်းစားမိဘူးပေါ့လေ။

ဒါကြောင့်···

သီချင်းသံက ပျံ့လွင့်နေဆဲပါပဲ။

အဆိုးအကောင်းနဲ့ တို့ထပ်တူ×××ခံစားမျှဝေသွားမှာ××× အရာရာပေးဆပ်ကာ အသည်းကို နှင်းအပ်လို့ထားတာ×××

ထာဝရအဖော်ဆိုတာ×××

အချစ်စစ်ရဲ့ တန်ဖိုးတစ်ခုပါ×××

မောင် ဆိုပြခဲ့တဲ့သီချင်းပဲလေ။ နှောင်ကြိုး ဘယ်လိုခံစားနိုင်မှာတဲ့လဲ။ အချစ်စစ်ရဲ့တန်ဖိုးကို မောင်ပဲ နားမလည်ခဲ့ဘူးလေ။ ဒီသီချင်းကို ဆိုပြခဲ့တာ တမင်ပါးစပ်ထဲ ဆိုကောင်းလို့ဆိုပြခဲ့တာလား မောင်။

မောင့်ရင်ထဲက ခံစားချက်နဲ့တိုက်ဆိုင်လို့ ဆိုပြခဲ့တာမဟုတ်ဘူးလား။ နှောင်ကြိုးက မောင့်ရင်ခွင်ထဲမှာ ထာဝရနေချင်တာပါ။ မောင်က မထားနိုင်လို့ လမ်းခွဲခဲ့တာပဲလေ။ မောင်ဆိုပြခဲ့တဲ့သီချင်း





နဲ့ မောင့်လုပ်ရပ်ဟာ တခြားစီပါပဲ။ ချစ်တယ်လို့ တဖွဖွပြောခဲ့တဲ့ ပါးစပ်ကပဲ···

မဖြစ်နိုင်ဘူးဆိုတာတွေ ပြောထွက်ခဲ့သည်လေ။ မိဘကို သိပ်ချစ်တဲ့ သားလိမ္မာတစ်ယောက်အဖြစ် မောင့်ကို လေးစားပါတယ်။

ဒါပေမဲ့···

ဒီအရွယ်အထိ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ မိဘတွေနဲ့ မခွဲနိုင်ဘူးတဲ့။ သူ့ကို သိပ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ဥပေက္ခာပြုထားနိုင်တဲ့ နှလုံးသားကိုတော့ အရမ်းမုန်းမိပါပြီလေ။

မေ့နိုင်အောင် ကြိုးစားရမှာပေါ့။

ချစ်သူဆိုတာ မရှိမဖြစ် လိုအပ်နေတဲ့ ခမည်းပေးပစ္စည်းမှ မဟုတ်တာ။ ခမည်းပေးပစ္စည်းတောင် ကျပျောက်ရင် နေရသေးတာပဲ။ ချစ်သူဆိုတာ အချိန်မရွေး ကိုယ့်ကို စွန့်ခွာသွားနိုင်သူပဲလေ။ ဒီလိုတွေးမိပါလျက်နဲ့ မျှော်လင့်ခဲ့မိတာ နှောင်ကြိုး အမှားပါပဲ။

သမုဒ္ဒရာကြီးကပြောတယ်×××ရေပြင်ကျယ်ဟာ သူ့ရဲ့ အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်×××စမ်းချောင်းလေးတွေကို ချစ်တယ်×××

ကောင်းကင်ကြီးက ပြောတယ်×××တိမ်ရောင်စုံဟာ သူ့ရဲ့ အဖော်ပဲ×××ကြယ်ကလေးများက ပြောတယ်×××လမင်းမရှိရင်

ငိုချင်တယ်×××

နှောင်ကြိုး ခေါင်းကို မော့လိုက်ပြီး…

“လင်းလက်”

“ဟင်”

လေသံမာမာနှင့် ခေါ်ပစ်လိုက်မိ၏။

“မမ”

“အဲဒီသီချင်းကိုမှ ရွေးပြီး ဘာလို့ဖွင့်တာလဲ။ အခုပိတ်”

“ဟင်…အဲ”

လင်းလက် ကမန်းကတန်းပဲ သီချင်းကိုပိတ်တာ အခြာ
ဆော့ဝဲလ်တွေ နှိပ်မိလို့ နှိပ်မိပါပဲ။ နောက်မှ သီချင်းကို ပိတ်
သွားလေသည်။ လင်းလက် မေ့ပြီး ဖွင့်နားထောင်မိတာပါ
သူမက သီချင်းလေးကိုကြိုက်လို့ ဖွင့်နားထောင်တာလေ။ ဒီ
သီချင်းနဲ့ပတ်သက်ပြီး ဘာတိုက်ဆိုင်မှုမှ မရှိပါဘူး။

မမက ဒီသီချင်းနဲ့ပတ်သက်ပြီး ခံစားချက်ရှိတဲ့သူပါ
ဒီသီချင်းကို ကိုမင်းစေသော်ဆိုပြလို့ မမက အရမ်းကြိုက်ခဲ့တာ
ဆိုတော့ အခု လမ်းခွဲကြတဲ့အချိန်မှာ ဒီသီချင်းက ဒဏ်ရာကို
ဆွတဲ့ အပ်ပဲပေါ့။

“ဆောရီးပါ မမ…လင်းလက် မေ့ပြီး ဖွင့်မိတာပါ
တောင်းပန်ပါတယ်”

“အဟင့်…ဟင့်…ဟီး”





“မမရယ်”

နာမည်က သစ္စာနှောင်ကြိုးမို့လို့ နာမည်နဲ့လိုက်အောင်
သစ္စာတရားကို တန်ဖိုးထားပြီး ချစ်သူအပေါ် နှောင်ကြိုးတွေ
နိုင်နိုင်မာမာ ရစ်ပတ်ချင်တာလား မမရယ်။

## အခန်း (၃)

နှောင်ကြိုးတစ်ယောက် သစ်ရွက်ကြွေတွေကိုကြည့်ပြီး သစ်ပင်ကို မော့ကြည့်လိုက်မိသည်။ ကိုယ် မော့ကြည့်မိတဲ့အပင်က ဘာပင်လို့ပင် သတိမထားမိအောင် အတွေးက အရာတစ်ခုဆီမှာ စူးနစ်သွားသည်လေ။

ရွက်ဟောင်းတွေကြွေပြီးရင် ရွက်သစ်ဝေတာ သဘာဝပါ။ အဲဒီလိုပဲ အချစ်မှာလည်း အချစ်တွေ ဟောင်းနွမ်းပြီးကြွေလို့ အချစ်သစ်ဝေလို့ရရင် ဘယ်လောက်များကောင်းလိုက်ပါမလဲ။ အခုတော့ တစ်ယောက်ဆို တစ်ယောက်ပဲ ချစ်ခဲ့မိတာ နောက်တစ်ယောက်ကို ထပ်ချစ်နိုင်ဖို့ မလွယ်ပေ။ ဒါကြောင့်ပဲ ဒီလောက်အထိ ခံစားနေရတာပေါ့။





ခွန်းသိုက်…

မင်းရဲ့ကျိန်စာတွေ ငါ့ကို စူးနေပြီ ထင်ပါရဲ့ ခွန်းသိုက်ရယ်။ မမ မင်းကို မာယာနဲ့လှည့်စားခဲ့တာ မဟုတ်ပါဘူး။ တကယ်မချစ်ဘဲနဲ့ ဟန်ဆောင်အချစ်တွေ မပေးချင်လို့ မင်းကို နောက်ဆုတ်ခိုင်းခဲ့တာပါ။ ဒါပေမဲ့ မင်းက ရှေ့တိုးလာခဲ့တယ်လေ။

အလိုက်အထိုက် ဆက်ဆံရင်း…

သံယောဇဉ်နဲ့သနားခြင်းတွေ ပေါင်းပြီး ချစ်သူဆိုတဲ့ ခေါင်းစဉ်အောက်ကို ရောက်သွားပေမယ့် နှောင်ကြိုး ခွန်းသိုက်ကို မချစ်နိုင်ခဲ့ဘူးလေ။ နှလုံးသားထဲမှာ စွဲစွဲမြဲမြဲချစ်နေတာက မောင်မှ မောင်။ မောင့်အပေါ် သစ္စာဖောက်သလိုဖြစ်ခဲ့ပေမယ့် ခွန်းသိုက်ကို လက်ထပ်ဖို့အထိ မရည်ရွယ်ခဲ့ပါဘူး။ တစ်နေ့ ဒီကောင်လေး ငါ့ကို စိတ်ပျက်သွားမှာပါလို့ နှောင်ကြိုး ထင်ခဲ့တာ။ ဒါပေမဲ့ ထင်သလို ဖြစ်မလာခဲ့ပေ။ ခွန်းသိုက်က လက်ထပ်ဖို့အထိပြောလာတော့ မဖြစ်နိုင်တဲ့အကြောင်းတွေပြောပြီး စိတ်ပျက်အောင်လုပ်ခဲ့တာသည် မာယာများသလိုဖြစ်သွားရင် မတတ်နိုင်ဘူးပေါ့။

တကယ်တော့ နေမြင့်လေ အရှးရင့်လေဖြစ်မှာစိုးလို့ နေမမြင့်ခင် ဝေဒနာအပိုင်းအစကို နိဂုံးချုပ်ပေးလိုက်တာပါ ခွန်းသိုက်ရယ်။ ငယ်ရွယ်ချောမောတဲ့ မင်းအတွက် အချစ်သစ် အချစ်စစ်ဆိုတာ ရှိလာဦးမှာပါ။

မမကတော့...

မင်းရဲ့ဝင်္ဌတွေလည်နေပြီ ထင်ပါရဲ့။

"မမ"

"............"

"မမ"

"ဟင်"

"မမတစ်ယောက်တည်းလား...အဖော်မပါဘူးလား မမ"

"ဩော်...ညီသုတ"

ညီသုတက ခေါင်းညိတ်ပြပြီး...

"ကျွန်တော် ထိုင်လို့ရမလား...မမ"

"ဟင်"

"ထိုင်မယ်နော်"

ပြောပြောဆိုဆိုနှင့် ညီသုတ ဝင်ထိုင်လေတော့ နှောင်ကြိုး ထရပ်လိုက်မိသည်။ မောင်နဲ့ အတူတူထိုင်ခဲ့ဖူးတဲ့ ဒီထိုင်ခုံလေးမှာ မောင် မဟုတ်တဲ့ အခြားယောကျ်ားတစ်ယောက်နဲ့ အတူတူတွဲပြီး နှောင်ကြိုး မထိုင်ချင်ပါဘူး။

"ဟင်...ကျွန်တော်ထိုင်ကာမှ မမက ထရပ်တော့ သွားတော့မလို့လား"

"အခြေအနေက သွားရတော့မယ့်အခြေအနေပဲလေ။ မင်းနဲ့ ငါ ဒီခုံပေါ်မှာ အတူထိုင်ပြီး ပြောစရာစကားမှ မရှိတာ"





"ဟာ...အဲလိုကြီးတော့ မသတ်မှတ်ပါနဲ့ မမရဲ့... ပြောစရာစကား ဘာလို့မရှိရမှာလဲ...ရှိတာပေါ့။ မသွားပါနဲ့ဦးဗျာ...ခဏလေး ပြန်ထိုင်ပါဦး"

"မင်း...ငါ့ကို အမိန့်ပေးနေတာလား"

"ဟာ"

နှောင်ကြိုး မျက်မှောင်ကြုတ်ပြီး ခပ်မာမာလေသံနှင့် ပြောလေတော့ ညီသုတ ပျာပျာသလဲဖြစ်ကာ...

"မဟုတ်ပါဘူး မမရယ်...ကျွန်တော်ပြောတာ အဲဒီ သဘောသက်ရောက်သွားသလား... မမ၊ ဒါဆိုရင်တော့ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ထားပါ...အခု မင်း ဘာလာလုပ်တာလဲ"

နှောင်ကြိုး မေးလိုက်တော့...

"မမ"

ဘာလဲဆိုသောသဘောနှင့် နှောင်ကြိုး မျက်ခုံးလေးပင့်၊ မေးလေးဆတ်ပြလိုက်တော့...

"ကျွန်တော်က မမရဲ့အရိပ်လိုပါပဲ"

"ဘာ"

"ဟုတ်တယ်...ကျွန်တော်က မမရဲ့အရိပ်ပါ။ ဘာလို့လဲ မမ သိလား"

"မသိချင်ဘူး"

"သိလိုက်ပါ…မမ"

နောင်ကြီး မျက်နှာလွှဲပစ်လိုက်တော့ လွှဲသွားတဲ့မျက်နှာကို ပဲ ညီသုတ လိုက်ကြည့်လေသည်။ နောင်ကြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားမိ၏။ ညီသုတအပေါ် မုန်းလို့ အမြင်မကြည်လို့ ဒီလိုလုပ်လိုက်တာ မဟုတ်ပါဘူးလေ။

မောင့်ကို နာကြည်းမိတဲ့စိတ်ကြောင့် ဆစ်ကနဲ ရင်ထဲမှာ နာကျင်သွားလို့ပါ။ ရုပ်မလှပေမယ့် နောင်ကြီးက လိပ်ပြာလှခဲ့ လေသလား။ နောင်ကြီး ချစ်တဲ့သူက နောင်ကြီးနဲ့လက်ထပ်ဖို့ သတ္တိမရှိဘဲ နောင်ကြီး မချစ်တဲ့လူတွေက နောင်ကြီးကို လက်ထပ်ခွင့်တောင်းကြတာ ဘယ်လောက်အခံရခက်လိုက်ပါ သလဲ။

"မမ"

"…………"

"မမကို ကျွန်တော် ချစ်တယ်ဆိုတာထက် ပိုတဲ့စကားလုံး ရှိရင် အဲဒီစကားလုံးကိုပဲ ပြောချင်ပါတယ် မမ…အခုကတော့ ကျွန်တော် မမကို မြတ်နိုးပြီး တန်ဖိုးထားတယ်လို့ပဲ ပြောပါရစေ"

"မမမှာ မင်း မက်မောလောက်စရာ ဘာရှိလို့လဲ ညီသုတ၊ ရုပ်ရည်ကလည်း ရွက်ကြမ်းရေကျိုပါပဲ"

"အဲဒါက မတည်မြဲတဲ့ အပေါ်ယံ ပကာသနတွေပါ မမ၊ ကျွန်တော်က အပေါ်ယံလွှာတွေကိုဖောက်ပြီး မမရဲ့ဖြူစင်နူးညံ့တဲ့





တွင်းစိတ်ကို ချစ်တာပါ"

နောင်ကြီး မသိမသာ သက်ပြင်းလေးချလိုက်မိတော့သည်။ ယောကျ်ားတွေရဲ့ ချစ်ပါတယ်ဆိုတဲ့စကားကို နောင်ကြီး မယုံချင်တော့ပါဘူး။ အစပိုင်းတော့ ဒီလိုပဲ အသည်းအသန် ချစ်ပြတတ်ကြတာပဲလေ။ နောက်ကျမှ သူတို့ဘက်က အေးစက်စက်ဖြစ်ကုန်ကြတာမဟုတ်လား။

"အချို့လူတွေက မရတာကို ပိုလိုချင်ကြတယ် ညီသုတ၊ မင်းလည်း မမဆီက အဖြေမရသေးလို့ အသည်းအသန်ဖြစ်နေတာပါ။ ယောကျ်ားတွေရဲ့ ချစ်ပါတယ်ဆိုတဲ့စကားကို မမ မယုံတော့ဘူး"

"ဟာ…မမ အဲဒီလိုခြုံငုံပြီး မပြောနဲ့လေ။ သူက ကိုယ် မဟုတ်သလို ကိုယ်က သူမှမဟုတ်တာ။ မမ တွေ့ဖူးတဲ့ယောကျ်ားမျိုးတွေထဲမှာ ကျွန်တော့်ကို ရောမထည့်ပါနဲ့။ ကျွန်တော်က သူတို့မှမဟုတ်တာ"

နောင်ကြီး နှုတ်ခမ်းလေးမဲ့သွားပြီး…

"ပြောကြတာပါပဲ"

"မမ"

"မမ သွားတော့မယ်"

"မမ"

နောင်ကြီး ညီသုတ ရှေ့ကနေထွက်လာခဲ့တော့သည်။

ကိုယ့်ချစ်သူကို လွမ်းလို့ အတူတူထိုင်ခဲ့ဖူးတဲ့ ဒီနေရာကိုလာမှ နောက်တစ်ယောက်က ချစ်တယ်လို့ လာပြောရတယ်လို့။

ဟူး…

လိုတာမရ၊ ရတာမလိုဆိုတာ ဒါမျိုးပါလား။





# အခန်း (၄)

"မမ"

"ဟင်"

နှောင်ကြိုး အထည်တွေ ရွေးနေစဉ်မှာပဲ နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ညီသုတပါ။ နှောင်ကြိုးတို့က အိမ်မှာပဲ စတိုးဆိုင်သဘောမျိုးလေး ဖွင့်ထားသည်လေ။ အဝတ်အထည်နဲ့ အလှကုန်ပစ္စည်းတွေ ရောင်းတာပါ။ အထည်တွေက လကုန် လစာထုတ်ပေးရောင်းတော့ အရောင်းသွက်သည်သာ။

အခု အထည်တွေ ရွေးနေတုန်းမှာ ညီသုတ ကိုယ့်အနား ရောက်လာပြန်ပြီ။

"မမပြန်ရင် Taxiနဲ့ ပြန်မှာလား မမ"

"ဟုတ်တယ်...ညီသုတ"

"ဒါဆို ကျွန်တော်လိုက်မယ် မမ...ကျွန်တော့်ကိုပဲ ငှားပါ။ မမ ပေးချင်သလောက်ပေး...ဒါတွေ သယ်ရမှာ မမ ပင်ပန်းမှာစိုးလို့ပါ"

"ဟာ...မဟုတ်တာ...ရပါတယ်။ ကားပေါ်အထိ သူတို့ လိုက်ပို့ပေးကြမှာပါ"

သူတို့ဆိုတာက နှောင်ကြိုး အထည်ယူတဲ့အထည်ဆိုင်က အရောင်းဝန်ထမ်းတွေကို ရည်ညွှန်းလိုက်ခြင်းပါ။

"မမကလည်း ကျွန်တော်က စေတနာနဲ့ပြောတာကို... ကားပေါ်တင်တာတော့ သူတို့က တင်ပေးမှာပေါ့။ မမ အိမ်ရောက်ရင် အထုပ်တွေ မမပဲ ချရမှာ မဟုတ်ဘူးလား။ အချို့ Taxi သမားတွေက ကူချပေးတာမှမဟုတ်တာ"

"မင်းရဲ့စေတနာကို မမ အသိအမှတ်ပြုပါတယ် ညီသုတ"

"အသိအမှတ်ပြုတယ်ဆိုရင် လက်ခံမှပေါ့...မမရဲ့"

"ညီသုတ"

"ဗျာ"

"မင်း မမရဲ့အတိတ်ကို ဘယ်လောက်သိထားလဲ"

"ဘာမှမသိပါဘူး...မမ"

"အဲဒါဆိုရင် မင်းခြေလှမ်းတွေကို နောက်ဆုတ်လိုက်ပါ





ညီသုတ...မမက ရင်ဘတ်ထဲမှာ ဒဏ်ရာတွေ ထပ်နေတဲ့ လူတစ်ယောက်ပါ"

ညီသုတ ခေါင်းခါလိုက်မိသည်။ တကယ်ချစ်မိပြီဆိုရင် ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်နိုင်ရမည်မဟုတ်လား။ ကိုယ်ချစ်ရသူရဲ့ ဆိုးခြင်းကောင်းခြင်းတွေကို မျှဝေခံစားနိုင်ရမည်။ ညီသု...မမကို လေးစားရာကနေ ချစ်ခဲ့မိတာပါ။ မမက Facebook မှာ ကဗျာတွေ ရေးတင်သည်လေ။

မမရဲ့အရေးအသား...

မမရဲ့ကဗျာတွေကို ဖတ်ပြီး လေးစားခဲ့ရာကနေ ချစ်ခဲ့မိတာ။ အခြားဘာအကြောင်းပြချက်မှ မရှိပါဘူး။

"မမရဲ့အတိတ်ကို ကျွန်တော် စိတ်မဝင်စားဘူး မမ... အတိတ်ဆိုတာ ပြီးခဲ့ပြီပဲလေ။ ဘာမှပြန်လုပ်လို့ မရတော့တဲ့ အတိတ်ကို မမ ထားခဲ့လိုက်ပါ"

နှောင်ကြိုး လေးတွဲစွာ ခေါင်းခါလိုက်မိတော့၏။ အပြောကတော့ လွယ်တာပေါ့။ အစကောင်း၍ အနှောင်းမသေချာသော အရာသည် အချစ်ဟုခေါ်သည်လို့ပဲ နှောင်ကြိုး တွေးမိပါသည်။ အစမှာ ထားခဲ့လိုက်တော့ဆိုပေမယ့် ကိုယ်က ယုံကြည်အားကိုးလိုက်တဲ့အချိန်မှာ..

အဲဒီအတိတ်ကိုထားခဲ့ခိုင်းတဲ့လူတွေပဲ သူတို့ကိုယ်တိုင် အတိတ်ကို တူးဆွပြီး ပြဿနာရှာကြတာမဟုတ်လား။

"ထားခဲ့လို့ မရဘူး…ညီသုတ၊ မင်း သိကိုသိထားသင့်တယ်"

"ကဲပါ…မမရာ…အဲဒါတွေ ပြီးမှပြော၊ မမအလုပ်ကိုပဲ စိတ်ဖြောင့်ဖြောင့်လုပ်ပါ။ Taxi မငှားနဲ့…ကျွန်တော် လိုက်ပို့မယ်ဒါပဲ"

"ပြီးရောကွာ"

"ဘာပြီးတာလဲ…မမ"

"မင်းပဲလိုက်ပို့မယ်ဆို"

"အင်းလေ"

"အဲဒါကိုပြောတာ"

"ဟုတ်ကဲ့ပါဗျာ"

ဒီလောက်တောင် လိုက်ပို့ချင်တာ ပို့ပါစေ။ ပြီးတော့ နှောင်ကြိုး သူ့ကို အထုပ်တွေ သယ်ခိုင်းလိုက်သည်။ အထည်ဆိုင်မှာ ကျသင့်ငွေရှင်းပြီး အထည်တွေကို အရောင်းဝန်ထမ်းလေး လိုက်ပို့ပြင်တာကို မပို့ဖို့ မျက်စိမှိတ်ပြီး ခေါင်းခါပြလိုက်သည်လေ။

ကဲ…သယ်ပေတော့ပေါ့။

ညီသုတတစ်ယောက် သယ်ရတာ မနိုင်မနင်းပါ။ ပစ္စည်းတွေက လေးလို့ မနိုင်တာ မဟုတ်ပါဘူး။ ဝန်ကျယ်တော့ ထွက်ကျတာတွေကကျလေလျှင် နှောင်ကြိုး ကောက်ပေးပြီး…





"မင်းကလည်း ဒါလေးတောင် မနိုင်ဘူးလား"

"မနိုင်တာ မဟုတ်ပါဘူး မမရဲ့… ဝန်ကျယ်တော့ သက်မကာတာပါ"

"ဆင်ကောင်လုံးကြော်ပေးပြီ"

"ဗျာ"

"ဆင်ခြေ မဟုတ်ဘူး…ဆင်အကောင်လုံးကြော်ပြီး ပေးတယ်လို့ပြောတာ"

"မမကလည်း"

ညီသုတ ရယ်ကျဲကျဲနှင့်ပဲ ရှေ့ကထွက်လာခဲ့တော့သည်။ နိုင်းရက်လေခြင်းလို့ မငြိုငြင်ရက်ပါဘူး။ ချစ်တာကိုးလေ။ ဘာကြောင့် ချစ်မိသွားလဲလို့ မေးရင်တော့ ညီသုတမှာ အကြောင်းပြချက်မရှိပါဘူး။ အသားညိုညိုနဲ့ ရွှက်ကြမ်းရေကျို ရုပ်ရည်ပိုင်ရှင် မမကိုမှ ချစ်မိသွားတာ။

ရှေးဘဝက ရေစက်ကြောင့်လို့ပဲ ပြောရမလားမသိတော့ပါဘူး။

"မမ"

"ဟင်"

"ကျွန်တော့်ကားက ဒီမှာ မမရဲ့၊ ကားတံခါးဖွင့်ပေးပါဦး"

နှောင်ကြိုး ညီသုတကိုကြည့်ပြီး ပြုံးစိစိ ဖြစ်သွားရသည်။ ကားတံခါးဖွင့်ဖို့တောင် လက်က မအား။ အထုပ်တွေနှင့် ကိုးရိုး

ကားရှားပါ။ နောက်ကို လိုက်ပို့ချင်သေးလားလို့ မေးလိုက်ချင်ရဲ့၊ နောင်ကြိုး ကားတံခါးဖွင့်ပေးလိုက်တာနှင့်…

ညီသုတ အထုပ်တွေကို ကားထဲသို့ ပစ်ချလေတော့သည်။

"ဘယ်လိုလဲ…ညီသုတ"

"ဟင်…ဘာလဲ…မမ"

"နောက်ထပ် ဒီလိုမျိုးကြုံရင် လိုက်ပို့ချင်ဦးမှာလားလို့"

"လိုက်ပို့မှာပေါ့ မမရဲ့…တစ်ခေါက်သယ်လို့ မနိုင်ရင် နှစ်ခေါက်ပြန်သယ်ပေးမယ်လေ"

မျက်ခုံးပင့်ပြီး ပြောလိုက်တဲ့ ညီသုတကို ကြည့်ပြီး နောင်ကြိုး တွေကန် ဖြစ်သွားလေသည်။ ရင်ထဲမှာ ခံစားမှုတစ်ခု လည်း ဖြစ်တည်သွားသည်လေ။ မောင်သာ နောင်ကြိုးအပေါ်မှာ ညီသုတလောက် နွေးထွေးမှုပေးနိုင်ရင် ဘယ်လောက်များကောင်း လိုက်ပါမလဲ။

ညီသုတကရော…

အစမို့လို့ အခုလို ဂရုစိုက်တာလား။ မစဉ်းစားတော့ပါဘူး လေ။ အချစ်ဆိုတာကို နောင်ကြိုး ကြောက်နေပါပြီ။

"မမ…ကားပေါ်တက်လေ"

"ဩော်…အင်း"

နောင်ကြိုး ကားပေါ်သို့ တက်လိုက်သည်။ နောက်ခန်းကပဲ တက်လိုက်သည်လေ။ ညီသုတနဲ့ အတူတူထိုင်ရင်း စကားတွေ





အများကြီး ပြောနေရဦးမှာ။ မပြောချင်ပါဘူး။ ညီသုတ ထင်ချင် သလိုသာ ထင်ပါစေတော့။

ညီသုတကလည်း ဘာမှမပြောပါဘူး။ ကိုယ့်ကြောင့် မမ စိတ်ညစ်မှာစိုးလို့ပါ။

# အခန်း (၅)

ညီသုတ ကားပေါ်ကနေ အထုပ်တွေချပြီး နှောင်ကြိုးအိမ် အထိ လိုက်ပို့လေတော့ နှောင်ကြိုးက အားမနာပေမယ့် လင်းလက်က အားနာစွာ ပျာယာခတ်ရသည်သာ။

"ပေး…ပေး…လင်းလက်ကို၊ လင်းလက် ကူသယ်မယ်"

"ရပါတယ်…လင်းလက်…နိုင်ပါတယ်"

"မဟုတ်တာ"

"ဟုတ်ပါတယ်…ဆိုင်ကနေ ကားပေါ်အထိလည်း ကိုယ် ပဲ သယ်ခဲ့တာပဲဟာ"

"ဒါဆို ခဏနော်…ကိုညီသု…ချက်ချင်း မပြန်နဲ့ဦး… သိလား"





လင်းလက် သုတ်သီးသုတ်ပျာနှင့် မီးဖိုချောင်ထဲသို့ ဝင်လာ ခဲ့ပြီး ပန်းသီးဖျော်ရည်တစ်ခွက် ဖျော်လိုက်သည်။ လင်းလက် မမရဲ့ချစ်သူ ကိုမင်းစေသော်ကို အစ်ကိုရင်းတစ်ယောက်လို ချစ်ခဲ့ ပါသည်။ ဒါကြောင့် ကိုကြီး…ကိုကြီးဆိုတာ ပါးစပ်ဖျားက မချ ခဲ့ပါဘူး။

နောက်ဆုံးတော့…

ကိုယ့်မမအပေါ် ရက်စက်သွားသူမို့ မမုန်းပေမယ့် မခင်တွယ်တော့ပေ။ စိတ်နာတယ်ဆိုရင် ပိုမှန်တာပေါ့။ အခု… ကိုညီသုက မမကို အရမ်းချစ်ပြီး အရမ်းဂရုစိုက်တော့ ကိုညီသုကို မမနဲ့ ဖြစ်စေချင်သည်။ သနားလည်း သနားမိသည်လေ။

"ကျေးဇူးတင်ပါတယ် ညီသုတ"

"ရပါတယ်…ပြောနေရမယ့်လူတွေမှ မဟုတ်တာ မမရဲ့။ ဖြစ်နိုင်ရင် ကျွန်တော်က အမြဲတမ်းပဲ မမအတွက် အဖြည့်ခံဖြစ် ချင်တာ"

"ပြောတာပါပဲ…အဖြေမရခင်ပြောတဲ့ ယောကျ်ားလေး တွေရဲ့ လက်သုံးစကားပါ။ မိန်းကလေးတွေဆီက ချစ်တယ်ဆိုတဲ့ အဖြေမရခင်တော့ အရှူးအမူး အမူအယာတွေ ပြကြတာပဲလေ"

"ဟာ…မမ"

နှောင်ကြိုးစကားကြောင့် ညီသု ရင်ထဲမှာ အောင့်သက် သက် ဖြစ်သွားရသည်။ ယောကျ်ားလေးတွေလို့ ခြုံငုံသိမ်းကျုံး

ပြောလိုက်တာကို မခံနိုင်ပေ။ တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်း၊ စရိုက်ချင်းတွေ မတူကြတာ မမ မသိဘူးလား။ သူက ကိုယ်မဟုတ်သလို ကိုယ်က သူမှမဟုတ်ဘဲလေ။

"မမ…မမ တွေ့ဖူးတဲ့ယောကျ်ားမျိုးထဲမှာ ကျွန်တော် မပါဘူးနော်။ ကျွန်တော်က သူတို့မဟုတ်ဘူး"

"ဘာထူးမှာလဲ"

"မမ မယုံရင် ကျွန်တော့်ကို ချစ်ကြည့်လိုက်လေ"

"ဘာ"

"အာ…မမကလည်း မအော်ပါနဲ့၊ လန့်လိုက်တာ"

"ညီသုတ"

"ဗျာ"

"မင်း…မမအကြောင်းကို သိထားဖို့တော့ လိုတယ်နော်။ မမမှာ ချစ်သူရှိခဲ့ဖူးတယ်။ ရည်းစားရှိခဲ့ဖူးတယ်"

နောင်ကြီး ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်သည်။ ဖုံးကွယ်မထားချင်ပါဘူး။ ခုရှုပ်မှ နောင်ရှင်းပဲလေ။ ပြောပြထားတာတော့ ရှေ့တိုးတာ၊ နောက်ဆုတ်တာ သူ့အကြောင်းပေါ့။

"ဟုတ်ပြီ…မမ ပြောပြချင်တယ်ဆိုရင် ပြောပြပါ။ ကျွန်တော် နားထောင်ပေးမယ်"

နားထောင်ပေးမယ်ဆိုတော့ ပြောချင်ကပြော၊ နားထောင်ပေးမယ်။ စိတ်တော့မဝင်စားဘူးဆိုတဲ့သဘောလား။





"မမ ရည်းစားများခဲ့တယ်"

"ဘယ်နှယောက်လဲ"

"နှစ်ယောက်"

"အခု ဘယ်တစ်ယောက်က မမနဲ့ ပတ်သက်မှုရှိနေသေးလဲ"

"ဘယ်သူနဲ့မှ ပတ်သက်မှုမရှိတော့ပါဘူး။ အားလုံးပြီးဆုံးသွားခဲ့ပါပြီ။ တစ်ယောက်က မမ သူ့ကို အရမ်းချစ်ခဲ့တာ။ တစ်ယောက်ကတော့ မမ လုံးဝ မချစ်တဲ့သူပေါ့။ မေတ္တာငတ်လို့ နွေးထွေးတဲ့လက်ကိုရှာရင်း မျက်နှာများသလို ဖြစ်သွားခဲ့တယ်ပေါ့"

"မမ အရင်က ရည်းစားနှစ်ယောက်မကလို့ ဆယ်ယောက်ပဲထားခဲ့ထားခဲ့ ကျွန်တော် စိတ်မဝင်စားဘူး။ အတိတ်ဆိုတာ ဘာမှပြန်လုပ်လို့မရဘူးလေ။ ထားခဲ့လိုက်ပါတော့။ ကျွန်တော် လိုချင်တာ အခု မမ ကျွန်တော့်ကို ပြန်ချစ်နိုင်ဖို့ပဲ"

အမလေးလို့သာ နောင်ကြီး ထအော်လိုက်ချင်တော့သည်။ အဲဒီအချစ်ဆိုတဲ့ စကားသံကြားရမှာကိုပဲ နောင်ကြီး သေမလောက်ကြောက်နေမိတာပါ။ ခံမှန်ဖူးတဲ့ စာသူငယ်ပေါ့လေ။ ရင်ထဲမှာ မောင်နဲ့ပတ်သက်ပြီး နာကျင်နေတုန်းပါပဲ။

ရက်စက်တတ်သူကိုမှ ကိုယ်က အသည်းစွဲချစ်ခဲ့မိတာကိုး။ တကယ်တော့ အချစ်စစ်နဲ့ သစ္စာတရားဟာ လူတိုင်းနဲ့ မထိုက်တန်

ပါဘူး။ ထိုက်တန်သူရှိလာခဲ့မယ်ဆိုရင်တောင် နောင်ကြီးကတော့ ကြောက်နေမိပါပြီလေ။

"အခု…မမ ပြောပြနေတာက နောက်မှသိမှာထက် အခု သိတာ ပိုကောင်းတယ်ထင်လို့ပါ"

"မမ အခုလို အရင်ကအကြောင်းတွေပြောလို့ ကျွန်တော် နောက်ဆုတ်သွားမယ်လို့ မမက ထင်နေတာလား။ မဆိုင်ပါဘူး မမရယ်…မမ ဒီအရွယ်ရောက်နေပြီပဲ၊ ကျွန်တော် နားလည်ပါတယ်။ ရည်းစားထားဖူးတာ…ချစ်သူရှိခဲ့ဖူးတာ အဆန်းမှမဟုတ်တာ။ ကိုယ်နဲ့ ချစ်သူဖြစ်နေတဲ့အချိန်မှာ ကိုယ့်အပေါ် သစ္စာရှိနေရင် ပြီးတာပဲ"

"သစ္စာ"

သစ္စာဆိုတဲ့စကားကို ရွတ်မိပြီး နောင်ကြီးရင်ထဲမှာ အူတွေ အသည်းတွေ လှိုက်တက်လာသလို ခံစားလိုက်ရသည်။

"သစ္စာဆိုတာ လူတိုင်းနဲ့ မတန်ပါဘူး…ညီသုတရယ်"

"အဲဒါ တန်ဖိုးထားတတ်သူအပေါ်မှာ မူတည်တာပါ မမ၊ ကျွန်တော့်ကို မမ တွေ့ဖူးတဲ့ယောကျ်ားမျိုးတွေနဲ့ အတူတူပဲလို့ မသတ်မှတ်ပါနဲ့"

"မင်းလည်း ယောကျ်ားပဲလေ"

"ကျွန်တော်က သူတို့မှမဟုတ်တာ"

နောင်ကြီး နှုတ်ခမ်းလေး မဲ့ကနဲဖြစ်သွားပြီး…





"ငါ ကြောက်နေပြီ"

"မမ"

"……………"

"ကျွန်တော် မမကို တကယ်မြတ်နိုးတန်ဖိုးထားပြီးချစ်တာပါ။ ကျွန်တော် အခုချိန်ထိ ဘယ်မိန်းကလေးကိုမှ သေသေချာချာ မချစ်ခဲ့ဖူးသေးဘူး။ မမနဲ့ကျမှ ချစ်မိသွားတာ။ ဒါ…မှန်သော စကားပါ"

နောင်ကြီး မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားလေသည်။ ဟုတ်ပါ့မလားပေါ့။ ညောင်ပင် ဒီလောက်ကြီးနေတာ ရုက္ခစိုး မကပ်ဘဲနေပါ့မလား။ သူ ညာနေတာလားဆိုတဲ့ အဓိပ္ပာယ် သက်ရောက်တဲ့အကြည့်နဲ့ သူ့ကို ကြည့်လိုက်တော့…

"မမ…ကျွန်တော့်ကို အဲဒီလို မကြည့်ပါနဲ့။ ကျွန်တော် ပြောတာ ဟုတ်မဟုတ်ဆိုတာ မမ ကျွန်တော့်အကြောင်းကို ကြိုက်သလို စုံစမ်းလို့ရပါတယ်"

"မလိုအပ်ဘူးထင်ပါတယ်"

"လိုအပ်တာပေါ့ မမ…ကျွန်တော်က မမကို ချစ်နေတဲ့သူလေ။ အဲဒါကြောင့် ကျွန်တော့်အကြောင်း မမကို သိထားစေချင်တယ်"

"တော်ပါတော့ ညီသုတရယ်"

ညီသုတ စကားထပ်ပြောဖို့ ပါးစပ်ဟလိုက်စဉ်မှာပဲ

လင်းလက်က ပြန်ထွက်လာသဖြင့် မပြောဖြစ်တော့ပေ။ ညီသုတ ဘာလုပ်ရမလဲ။ မမ မုန်းသွားမှာကို သူ အရမ်းကြောက်ပါသည် လေ။ ရရှိထားတဲ့ ခင်မင်မှုလေးလည်း ပျက်မှာစိုး။ ဖွင့်မပြောဘဲ လည်း မနေနိုင်။

"ကိုညီသု…ပန်းသီးဖျော်ရည်လေး သောက်လိုက်ပါဦး"

"ကျေးဇူးပါ…ညီမ"

ညီမလို့ ခေါ်လိုက်တာကြောင့် လင်းလက်ရင်ထဲမှာ လှိုက်ကနဲနေအောင် ဝမ်းသာသွားရသည်သာ။ လင်းလက်တို့ ညီအစ်မမှာ မိဘတွေ မရှိကြတော့…မိသားစုမေတ္တာ ငတ်နေသူ တွေပါ။ အရင်းအချာဆိုလို့ လင်းလက်နဲ့မမပဲရှိတာလေ။

ဝမ်းကွဲညီအစ်ကို မောင်နှမတွေကတော့ ပေါမှပေါပါပဲ။ ပေါသာပေါတာ…ကိုယ့်တွေအပေါ် ကြင်နာတဲ့သူက ခပ်ရှားရှား ပဲလေ။ ဒါကြောင့် လင်းလက်က မမနဲ့ပတ်သက်ပြီး မမရဲ့ လက်တွဲဖော်ဖြစ်မယ့်သူဆို အစ်ကိုရင်းလို ချစ်ခင်ခဲ့တာပါ။

အခု ကိုညီသုတ လင်းလက်ကို ညီမတဲ့။ ဒီအခေါ်လေးက နွေးထွေးလိုက်တာ။ အရင်က ကိုကြီးမင်းစေသော်ခေါ်တာက အငယ်မတဲ့။ သူ့ညီမလေးတစ်ယောက်လို ခေါ်ပြောဆက်ဆံတာမို့ အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်ခဲ့မိပါသည်။

ခုတော့…

သူက မမအပေါ် ရက်စက်ခဲ့သူမို့ မမုန်းပေမယ့် အရင်လို





ချစ်နိုင်တော့တာ အမှန်ပဲလေ။

"မမ…ကျွန်တော် ပြန်တော့မယ်။ ညီမ…ကိုကြီး ပြန်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့…ကိုကြီး…နောက်လည်း အိမ်ကို မကြာမကြာ လာလည်နိုင်ပါတယ်နော်"

လင်းလက်အသံက ဝမ်းသာလွန်းလို့ထင်ပါရဲ့။ ခပ်တုန်တုန် လေးပင် ဖြစ်သွားလေသည်။ ညီသုတ ထွက်သွားတော့မှ နှောင်ကြိုး လင်းလက်ကို မျက်စောင်းထိုးလိုက်ပြီး…

"လင်းလက်တို့ကတော့လေ…မပြောလိုက်ချင်ဘူး… သိလား"

"အမ်…ဘာဖြစ်လို့လဲ မမရဲ့"

"မေတ္တာတရားတွေ သောင်ထွန်းနေလို့လေ…ညီသုတ အပေါ်ကို"

"ဒါကတော့ မမရယ်…စကားပုံက တစ်ဖက်သောင်ထွန်း တစ်ဖက်ကမ်းပြိုတဲ့။ အခုက တစ်ဖက်မှာ သောင်ထွန်းလို့ တစ်ဖက် ကမ်းပြိုရတာမဟုတ်ဘူး။ တစ်ဖက်က ကမ်းပြိုသွားလို့ တစ်ဖက်ကို သောင်ထွန်းလိုက်တာပါ"

"…………"

"ကိုကြီးညီသု သနားပါတယ်"

နှောင်ကြိုး တိတ်ဆိတ်သွားလေတော့သည်။ တစ်ဖက်က

သောင်ထွန်းလို့ တစ်ဖက်က ကမ်းပြိုတာမဟုတ်ဘူး။ တစ်ဖက်က ကမ်းပြိုလို့ တစ်ဖက်ကို သောင်ထွန်းလိုက်တာတဲ့။

စကားအဓိပ္ပာယ်က...

ဟုတ်တော့ ဟုတ်နေတာပါပဲ။



# အခန်း (၆)

"မမ"

"ဟင်"

ခေါ်သံနှင့်အတူ လက်ထဲက ဓာတ်ပုံတွေကို ဆတ်ကနဲ ဆွဲယူခံလိုက်ရတာမို့ နှောင်ကြိုး ဆွဲယူသူကို မော့ကြည့်လိုက်မိလိုက်သည်။

"ကြင်နာရိပ်"

ကြင်နာရိပ်မျက်နှာက ခပ်တင်းတင်းပါပဲ။ ဒါပေါ့လေ... အရာရာကို နားလည်ခွင့်လွှတ်ပေးတတ်တဲ့ သရဖီတောင် မောင့်ကို ခွင့်လွှတ်နားလည်မပေးနိုင်တော့ဘူးဆိုမှတော့ မုန်းရင်မုန်းတဲ့အတိုင်း၊ ချစ်ရင်ချစ်တဲ့အတိုင်း ပွင့်လင်းစွာ ပြောဆိုတတ်တဲ့ အကြင်နာ ခုလိုလုပ်တာ မဆန်းပါဘူး။

နှောင်ကြိုးလည်း…

နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိသည်သာ။

“မမ အခုထိ ဒီဓာတ်ပုံတွေကို ကြည့်နေတုန်းပဲလား။ မလိုတော့ဘူးလေ။ ကိုယ့်ကို လက်မထပ်နိုင်တဲ့ ယောကျာ်းတစ်ယောက်ကို ဒီလောက် တသသလွမ်းနေဖို့မှ မလိုတာ။ မတန်ဘူး…သူနဲ့ပတ်သက်သမျှ အမှတ်တရပစ္စည်းတွေ အကုန်ဖျက်ဆီးပစ်လိုက်တော့”

“အေးပါ…အေးပါဟာ”

“ငကန်းသေရင် ငဆွေပေါ်တယ်တဲ့။ အခု မမအတွက် ထပ်ပေါ်လာတာ ငဆွေမဟုတ်ဘူး မမ…ကိုညီသုက ကိုမင်းဇေသော်ထက် အစစအရာရာ အကုန်သာတယ်။ သူက မမနဲ့ မထိုက်တန်လို့ ထွက်သွားတာ…လွမ်းမနေနဲ့။ အခု ထိုက်တန်သူ ရောက်လာပြီလို့ သတ်မှတ်လိုက်။ ကိုညီသုကိုပဲ မမ လက်ခံနိုင်အောင် ကြိုးစား”

ပြောသွားလိုက်တာ လွယ်လွယ်လေးပါလား။ တကယ် လက်တွေ့ခံစားရတဲ့လူအဖို့က မလွယ်ဘူးလေ။ အချစ်ဆိုတာ ခရီးသွားတဲ့နေရာမှာလို ဒီကားက မတင်ချင်လို့ ထွက်သွားတာဆိုပြီး နောက်ကားမှာ စီးလိုက်တာမျိုး လုပ်လို့မှမရတာ။

ဒါပေမဲ့…

နှောင်ကြိုး…မောင့်ကို မမျှော်လင့်တော့ပါဘူး။ ကိုယ့်ကို





အလိုမရှိတဲ့ရင်ဘတ်မှာ တွယ်ကပ်မနေတော့ဘူးလေ။ သူလည်း လွတ်လပ်စွာ ပျံသန်းပါစေတော့။

“သူ ဝယ်ပေးထားတဲ့ အရုပ်တွေရော ဘယ်မှာလဲ… မိန်းကလေးတစ်ယောက်ကို ချစ်တယ်ပြောပြီး လက်ထပ်ဖို့ သတ္တိမရှိတဲ့ယောကျာ်း။ ဒီလိုပျော့ညံ့တဲ့လူနဲ့ လွဲရတာ မမ ကံကောင်းတယ်လို့မှတ်။ အကုန်လုံးက သူ့ကို ရိုးသားတယ်ဆိုပြီး မမနဲ့ သဘောတူခဲ့ကြတာ။ အခုတော့ ရိုးတာကလွဲပြီး ကျန်တဲ့နေရာမှာ အလကားပဲ။ သူနဲ့ပတ်သက်တာ အကုန်မီးပုံရှို့ပစ်မယ်”

“ဟင်”

“လင်းလက်…လင်းလက်”

“လာပြီ…ရိပ်”

“ဟိုလူဝယ်ပေးထားတဲ့အရုပ်တွေနဲ့ အခြားအမှတ်တရပစ္စည်းတွေရှိရင်…ယူခဲ့”

“အေး…ယူခဲ့မယ်။ သူပေးတာ အမှတ်တရပစ္စည်းများများစားစား မရှိပါဘူးဟယ်…ဟိုအရုပ်ကလေးနဲ့ ဦးထုပ်လေးတစ်လုံးပဲရှိတာ။ ဓာတ်ပုံရယ်…ဒါပဲ ရှိတယ်”

“ရှိတာယူခဲ့”

လင်းလက်ကလည်း တက်တက်ကြွကြွနဲ့ ဦးထုပ်နဲ့အရုပ်ကို ယူသွားလေသည်။ နှောင်ကြိုးရင်ထဲမှာ ဟာသွားတာပါပဲ။ မလုပ်ပါနဲ့လို့ တားချင်ပေမယ့် မတားတော့ပါဘူးလေ။ နောက်ဆုံး

မြင်တွေ့ရခြင်းအဖြစ်နဲ့ လင်းလက် လက်ထဲကအရုပ်ကလေးနဲ့ ဦးထုပ်လေးကို နှောင်ကြိုး လိုက်ငေးနေမိတော့သည်။

ဩော်…နောက်ဆုံးမြင်တွေ့ရခွင့်ဆိုတဲ့အသိနဲ့ ရင်ထဲမှာ ရှုးကနဲ နာကျင်သွားရသည်သာ။

"ဇော်ထွဋ်"

လင်မယားတွေ အလည်လာကြရင်း ဇော်ထွဋ်က ဆိုဖာပေါ်မှာ ကျန်ခဲ့တာလေ။ အခု ဆေးလိပ်ထိုင်သောက်နေတုန်း ဇနီးဖြစ်သူ ကြင်နာရိပ်ကခေါ်လေတော့ လှည့်ကြည့်လိုက်ပြီး…

"ဘာလဲ…မ"

"မီးခြစ်ပေးစမ်း"

"ဘာလုပ်မလို့လဲ…မ"

"ဒါတွေ မီးရှို့ပစ်မလို့"

"ဟင်"

ဇော်ထွဋ် ဇနီးသည်၏လက်ထဲကို အကြည့်ရွှေ့လိုက်တော့ ရိပ်ကိုင်ထားတာ မမနှောင်ကြိုးနဲ့ မမနှောင်ကြိုးရဲ့ချစ်သူ အတူတွဲရိုက်ထားတဲ့ဓာတ်ပုံတွေ…

"မလုပ်ပါနဲ့ မရယ်…ဓာတ်ပုံတွေက အပြစ်မှမရှိတာ။ သူ့ဘာသာသူနေပါစေ"

"နေလို့မရဘူးလေ၊ အရင်တုန်းက သံယောဇဉ်ရှိသလောက် အခု မြင်ကိုမမြင်ချင်တော့တာ။ ပေးစမ်းပါ… မီးခြစ်"





ပြောပြောဆိုဆိုနှင့် ရိပ် ဇော်ထွဋ်လက်ထဲက မီးခြစ်ကို ဆွဲယူသွားလေသည်။ ပြီးတော့ လင်းလက်နဲ့နှစ်ယောက်သား အတူတွေ ပလပ်စတစ်တွေကို စုပုံပြီး မီးမွှေးကြလေသည်။ ပြီးတော့ မီးပုံထဲကို ထည့်နေတာ တစ်ခုပြီးတစ်ခုပါပဲ။ မီးခိုးငွေ့တွေကို ငေးကြည့်ရင်း နှောင်ကြိုးရဲ့ပါးပြင်ပေါ်သို့…

မျက်ရည်ဥတို့က လိမ့်ဆင်းကျလာလေသည်။ ပါးစပ်မှာ ခဲဖျက်မရှိသလို ရင်ထဲကဒဏ်ရာကို ခဲဖျက်နဲ့ဖျက်လို့ မရဘူးဆိုတာ မောင် မသိခဲ့လေရော့သလား။ မျက်ရည်တွေကြားကနေ မီးခိုးငွေ့တွေကို ငေးစိုက်ကြည့်နေရင်းမှာ နှားထဲသို့ အသံတစ်သံက ဝေဝေဝါးဝါး ဝင်လာသည်။

ခွန်းသိုက်ညို ပြောခဲ့တဲ့စကားတွေကို ပြန်လည်ကြားယောင်မိခြင်းပါပဲ။

"မမ…ကျွန်တော့်အချစ်ကို တန်ဖိုးမထားသလို မမချစ်တဲ့သူက မမအချစ်ကို တန်ဖိုးမထားပါစေနဲ့။ အဲဒါ ကျွန်တော့်ရဲ့ ကျိန်စာပဲ။ မမ ကျွန်တော့်အချစ်ကို တန်ဖိုးမထားသလို မမချစ်တဲ့သူက မမအချစ်ကို တန်ဖိုးမထားပါစေနဲ့"

"အို…"

နှောင်ကြိုး ခေါင်းကို ခါယမ်းလိုက်မိသည်။ ခွန်း…မင်းရဲ့ ကျိန်စာတွေ မမကို တကယ်စူးပြီထင်ပါရဲ့ ခွန်းရယ်။ တကယ် ရည်ရွယ်ခဲ့ပါဘူး။ မင်းကို မမ လှည့်စားဖို့ မရည်ရွယ်ခဲ့တာ

အမှန်ပါ။

ဒါပေမဲ့…

လှည့်စားသလိုတော့ ဖြစ်ခဲ့တယ်ပေါ့။ မမ မင်းဝင့်တွေ လည်တာခံရတာပါ။

"ဟဲ့…နင်တို့ ဘာတွေလုပ်နေကြတာလဲ"

သရဖီ ရောက်လာပြီးမေးလေသည်။ ဒီလိုပဲ ဝမ်းကွဲညီအစ်ကို မောင်နှမတွေက တစ်လမ်းတည်း။ ဟိုဘက်လမ်း ဒီဘက်လမ်း အဲဒီလိုတွေ နေကြတာမို့ အားရင်…နှောင်ကြိုးတို့အိမ်ကို အလည်လာကြတာလေ။ သရဖီအမေးကို ပြန်ဖြေသူက အကြင်န ရိပ်ပါ။

"ကိုမင်းစေသော်နဲ့ပတ်သက်တဲ့ အမှတ်တရတွေ မီးရှို့ပစ် နေတာ သရဖီ"

"ကောင်းတယ်… အားပေးတယ်… လုပ်သာလုပ်။ င လည်း လုပ်ချင်နေတာ။ မမကို ကြောက်လို့သာပေါ့"

မောင်နဲ့နှောင်ကြိုးကြားက အမှတ်တရပစ္စည်းတွေကို ဖျက်ဆီးနေတာတဲ့လား။ ရင်ထဲမှာရှိနေတာကိုကျ သူတို့ မဖျက်ဆီး နိုင်ပါဘူးလေ။ ဖျက်ဆီးပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့။

အဟွန်း…

ရင်ထဲက ဒဏ်ရာကိုတော့ ကိုယ့်ဘာသာပဲ ကုစားရတော့ မှာလေ။ အရင်က ကိုကြီး…ကိုကြီးနဲ့ မင်းစေသော်ကို ဝိုင်းချစ်





ကြတာ ကိုယ့်ချစ်သူဖြစ်နေလို့ပေါ့။ စေတနာတွေ၊ မေတ္တာတွေ ထားခဲ့ကြသည်လေ။ အခုကျတော့ သူ့လုပ်ရပ်ကြောင့် ဒေါသ မီးတိုင်းတွေထန်ပြီး မေတ္တာမိုးတွေ ပြေးကုန်ပြီပေါ့"

"မမ"

"…………"

"နှမြောနေတာလား"

နှောင်ကြိုး ကမန်းကတန်း ခေါင်းခါလိုက်ပြီး…

"မဟုတ်ပါဘူး…လုပ်ကြပါ"

ဒါပဲပြောပြီး နှောင်ကြိုး ကိုယ့်အခန်းထဲသို့သာ ဝင်လာခဲ့ တော့သည်။ အတိတ်ဆိုတာကို စားပြီးသားအစားအစာ ပြန်အန် ထုတ်လို့ရရင် အကောင်းသား။ အခုတော့ ထွေးမရ၊ အန်မရနဲ့။

မေ့ပစ်ဖို့ ကြိုးစားရင်းပဲ…

အတိတ်က ပုံရိပ်တွေက မျက်ဝန်းထဲမှာ တရေးရေးနဲ့ ပေါ်လာပြန်သည်။

"ရော့…နှောင်ကြိုး၊ ဒီဦးထုပ်လေးက နှောင်ကြိုးအတွက် မောင် ကိုယ်တိုင်ချုပ်ထားတာ"

"ဟင်…မောင်က ဦးထုပ်ချုပ်တတ်တယ်လား"

"အင်း…အခု မောင်က ဦးထုပ်ချုပ်တဲ့အလုပ် ဝင်လုပ်နေ တာလေ"

"ဟုတ်လား…လစာ ဘယ်လောက်ရလဲ…မောင်။ ဟို…

နှောင်ကြိုးက ဘာသဘောနဲ့မှ မေးတာမဟုတ်ဘူးနော်…မောင်။ သိချင်ရုံသက်သက်ပါ"

"အင်းပါ..လုပ်တာက လစာနဲ့မဟုတ်ဘူး..နှောင်ကြိုးရဲ့။ ဦးထုပ်တစ်လုံးချုပ်ပြီးရင် ဘယ်လောက်ဆိုတာမျိုးလေ"

"ဪ"

နှောင်ကြိုး မောင့်ကို ခပ်ငေးငေး ကြည့်နေမိစဉ်မှာပဲ မောင်က သူ့အလုပ်အကြောင်းကို ရှင်းပြနေလေသည်။ မောင့်စကားကို နှောင်ကြိုး မကြားတစ်ချက်၊ ကြားတစ်ချက်ပါပဲ။ မောင့်အကြောင်းတွေးပြီး မောင့်ကို သနားနေတာလေ။

"နှောင်ကြိုး"

"ဟင်"

"မောင် ချုပ်ပေးတဲ့ ဦးထုပ်လေး ကြိုက်ရဲ့လား။ အဖြူဆိုတော့ ယဉ်တယ်လေ"

"ကြိုက်ပါတယ် မောင်ရဲ့…နှောင်ကြိုး မြတ်နိုးပြီး တန်ဖိုးထားမှာပါ။ ဒီဦးထုပ်လေးကို မောင်ကိုယ်တိုင် မောင့်လက်နဲ့ ချုပ်ပေးတဲ့အတွက် ကျေးဇူးပါ…မောင်"

"ဟာ…နှောင်ကြိုးကလည်း သူစိမ်းဆန်လိုက်တာ။ ချစ်သူချင်းကို ကျေးဇူးတင်စရာမှ မလိုတာ"

"ဟုတ်ပါပြီ…ဒါဆို ကျေးဇူးမတင်တော့ဘူးနော်"

နှောင်ကြိုး ဦးထုပ်လေးကို ခေါင်းမှာဆောင်းပြီး ဖုန်းစခရင်





မှာ ကိုယ့်ပုံကိုယ်ပြန်ကြည့်လိုက်မိသည်။ နှောင်ကြိုးက သွားရင်းလာရင်း ဦးထုပ်ဆောင်းသည်လေ။ အခု မောင်က ဦးထုပ်လေးပေးတော့ ဝမ်းသာပီတိ ဖြစ်ရသည်ပေါ့။

# အခန်း (၇)

ဖေဖော်ဝါရီ ၁၄…

Valentine Day မှာပေါ့…သူများတွေ အထင်သေးတဲ့ ဒီနေ့ကို မောင်နဲ့နှောင်ကြိုး ဖြူစင်စွာနှင့် ဖြတ်သန်းခဲ့ကြသည်။ ပထမဦးဆုံး ရွှေတိဂုံဘုရားကို ဖူးခဲ့ကြသည်လေ။ ပြီးတော့ အင်းယားကန်သို့ရောက်ခဲ့ပြီး အကြော်အတူတူ စားကြတာပေါ့။

"နှောင်ကြိုး"

"ဟင်"

"ဓာတ်ပုံရိုက်ဦးမလား"

"မောင့်သဘောလေ"

"မောင်က နှောင်ကြိုးသဘောပါ"





"ဒါဆို ရိုက်ကြမယ်လေ"

"အင်း…သွားရအောင်"

နှစ်ယောက်သား ဓာတ်ပုံဆိုင်ထဲသို့ ဝင်ခဲ့ကြပြီး ဓာတ်ပုံ ရိုက်ကြလေတော့…

"အစ်ကို…အစ်ကိုက အစ်မကို ဖက်လိုက်၊ နောက်ကနေ သိမ်းဖက်လိုက်"

ဓာတ်ပုံဆရာ ဖက်ခိုင်းတော့ မောင်က နှောင်ကြိုးတစ်ကိုယ်လုံးကို သိမ်းဖက်လိုက်လေလျှင်…

"ဟာ…အဲလိုမဟုတ်ဘူးလေ…အစ်ကိုရဲ့။ ခါးတင်ဖက်ခိုင်းတာဗျ။ ဓာတ်ပုံ မရိုက်ဖူးဘူးလားဗျာ"

ဓာတ်ပုံဆရာ အော်လေတော့ နှစ်ယောက်စလုံး ရှက်ကိုးရှက်ကန်း ဖြစ်သွားကြလေသည်။ တကယ်တော့ ချစ်သူတွေဆိုပေမယ့် အတူတူ သွားတာလာတာကလွဲရင် မောင်နဲ့နှောင်ကြိုးရဲ့ဆက်ဆံရေးက သိပ်မရင်းနှီးပေ။ ချစ်သူဆိုပြီး ဘာအခွင့်အရေးမှ မပေးနိုင်ဘူးလို့ နှောင်ကြိုးက ပြောထားလေတော့…

ပခုံးလေးဖက်တာပင် မဝံ့မရဲပါ။

ဒီတော့ သူ နှောင်ကြိုးခါးကို ဖက်လိုက်တာ မဝံ့မရဲပုံစံနဲ့ပဲလေ။

"ဟုတ်ပြီ…အစ်မက ကိုယ်လေး နည်းနည်းစောင်းလိုက်။ ပြီးတော့ အစ်ကို့ရင်ဘတ်ကို ခေါင်းလေးမှီလိုက်"

"..........."

"အစ်မ...မျက်နှာလေး ဒီဘက်လှည့်လိုက်၊ အစ်ကိုက အစ်မခေါင်းပေါ်ကို မေးလေးတင်လိုက်။ ဖွဖွလေးနော်...ဟုတ်ပြီ ဟုတ်ပြီ"

ဟုတ်ပြီဆိုတဲ့စကားသံရဲ့အဆုံးမှာ မီးရောင်က ဖျတ်ကနဲ လက်သွားလေသည်။

"နောက်တစ်ပုံ ရိုက်မယ်...အစ်ကိုက အစ်မပခုံးကို ဖက်လိုက်...အစ်မက အစ်ကို့ခါးကို ပြန်ဖက်ထား"

နှစ်ယောက်စလုံး ဓာတ်ပုံဆရာ ကြိုးဆွဲရာ က,နေတဲ့ ရုပ်သေးရုပ်ကလေးတွေလိုပါ။ ဒီလိုနဲ့ပဲ ဓာတ်ပုံလေးပုံ ရိုက်ဖြစ်ပြီး ပြန်ထွက်လာခဲ့ကြသည်။ ကန်ဘောင်ကို အတူလျှောက်တော့ မောင်က နှောင်ကြိုးပခုံးလေးကို ဖက်ထားသည်လေ။ နှောင်ကြိုး မရုန်းတော့ပါဘူး။

ချစ်သူပဲလေ။

ဒီအခွင့်အရေးလေးတော့ ပေးသင့်တယ်ထင်လို့ ပေးလိုက်တာပါ။

"နေပူလိုက်တာ...နှောင်ကြိုးမှာ ထီးမပါခဲ့ဘူးလား"

"ဦးထုပ်ဆောင်းလာတော့ ထီးယူမလာခဲ့ဘူး...မောင်"

"မောင်က ဦးထုပ်လည်း မပါဘူး"

နှောင်ကြိုး မောင့်မျက်နှာကို မော့ကြည့်ပြီး ကိုယ့်ခေါင်းမှာ





ဆောင်းထားတဲ့ ဦးထုပ်ကို ချက်ချင်း ဆွဲချွတ်လိုက်ကာ...

"ဒါဆို...ဒီဦးထုပ် မောင် ဆောင်းလေ။ နှောင်ကြိုးက ရပါတယ်"

"နှောင်ကြိုးပဲ ဆောင်းပါ...မောင်က ယောကျ်ားလေးပဲ.. ရပါတယ်"

"နေပူတယ်...မောင်ရဲ့"

"နေက မောင့်တစ်ယောက်တည်း ကွက်ပူနေတာမှမဟုတ်တာ။ နှောင်ကြိုးလည်း ပူနေတာပဲလေ။ နှောင်ကြိုးပဲ ဆောင်းပါ"

ဒီလောက်ကလေး ဦးစားပေးတာကိုပဲ နှောင်ကြိုးရင်ထဲမှာ ပီတိဖြစ်ရသည်သာ။ ချစ်သူတစ်ယောက်ရဲ့အခွင့်အရေး အပြည့်အဝမပေးတာကလွဲရင် နှောင်ကြိုး မောင့်ကို အရမ်းချစ်ပါသည်လေ။ မချစ်ဖူးတော့ အချစ်ရူးပေါ့။ နှောင်ကြိုးဘဝအတွက် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရလို့ အချစ်ရေးကို မစဉ်းစားနိုင်ခဲ့ပေ။

မောင်နဲ့ကျမှ ချစ်ဖူးတော့ မောင်က နှောင်ကြိုးရဲ့အချစ်ဦးပေါ့။ အချစ်ဦး၊ အချစ်ဆုံး၊ လက်ထပ်မယ့်သူ၊ အဲဒီသုံးဦးဟာ တစ်ထပ်တည်းကျပြီး မောင်တစ်ယောက်တည်းပဲ ဖြစ်စေချင်ပါသည်။

"ဟယ်...ဓာတ်ပုံလေးတွေ လှလိုက်တာ။ ကြည့်ပါဦး မောင်ရဲ့...ဓာတ်ပုံဆရာက တော်လိုက်တာ"

"နှောင်ကြိုးကလည်း နဂိုရှိလို့ နဂိုင်းထွက်တာလေ"

နှောင်ကြိုး မောင့်လက်ထဲသို့ ဓာတ်ပုံလေးတွေ ထည့်ပေး လိုက်ပြီး…

"မောင်"

"ဟင်"

"နှောင်ကြိုးတို့နှစ်ယောက်ပုံကိုလေ ဓာတ်ပုံဆိုင်က နှစ်ပုံ ပိုကူးပြီး ယူထားတယ်…သိလား"

"သူတို့က ဘာလုပ်ဖို့လဲ"

"မသိဘူးလေ…မောင်ရဲ့၊ လှလို့ယူထားတာဖြစ်မှာပေါ့။ သူတို့ယူထားတဲ့နှစ်ပုံက ပိုလှတာကိုး။ နမူနာပြဖို့ယူထားတာ ဖြစ်မှာပေါ့"

"ယူတော့လည်းယူပေါ့…မောင်တို့ကို သူတို့သိတာမှ မဟုတ်တာ"

"အင်းလေ"

ဓာတ်ပုံဝင်ရွေးတုန်းက နှောင်ကြိုးတစ်ယောက်တည်း ဝင်ရွေးရတာလေ။ မောင်က အပြင်မှာကျန်ခဲ့လို့ နှောင်ကြိုး ရှင်းပြ နေတာပါ။ ထိုစဉ် စုံတွဲတစ်တွဲ သူတို့ရှေ့ကနေ ဖြတ်လျှောက်သွား တာ အကျီဆင်တူနှင့်ပါ။ ကောင်မလေးက သူမခန္ဓာကိုယ်ထက် ကြီးတဲ့ အရုပ်ကြီးကို ပိုက်လို့ ပျော်နေပုံပါ။

"မောင်"

"ဟင်"

"နှောင်ကြိုးကို အရုပ်တစ်ရုပ်လောက် ဝယ်ပေးပါလား… ဟင်…ဟိုလေ…မောင် ဝယ်ပေးတာကို လိုချင်လို့ပါ"

"အင်း…ဝယ်လေ"

ပြောလိုက်သံက သိပ်စိတ်မပါသလို ခပ်လေးလေးပါ။ ဘာကယ်ဆို မောင် အလိုက်တသိနဲ့ ဝယ်ပေးတာမျိုးပဲ လိုချင်တာ ပေါ့။ ခုတော့ ကိုယ်က ပူဆာရသည့်အဖြစ်ပါ။ ပြောပြီးမှတော့ ထူးတော့ပါဘူးဆိုပြီး…

"ဒါဆိုသွားဝယ်ရအောင်"

"သွားလေ"

နှောင်ကြိုး မောင့်မျက်နှာကို တစ်ချက်မော့ကြည့်ပြီးမှ ရှေ့မှ ထွက်ခဲ့တော့သည်။ အရုပ်ဆိုင်ကိုရောက်လေတော့…

"ဒီအရုပ်က ဘယ်လောက်လဲ…ညီမ"

"ကိုးထောင့်ငါးရာ…အစ်မ"

"ဒီအရုပ်ကရော"

"အဲဒါလေးက ခုနစ်ထောင့်ငါးရာပါ"

"ဒီအသေးလေးကရော"

"အဲဒါလေးက သုံးထောင့်ငါးရာပဲရှိတယ်…အစ်မ"

မောင်က ဘာမှဝင်မပြောဘဲ မတ်တတ်ရပ်ကာ ကြည့်နေ လေသည်။ နှောင်ကြိုး သုံးထောင့်ငါးရာတန် အရုပ်ကလေးကိုပဲ ယူဖို့ ဆုံးဖြတ်လိုက်တာ မောင့်ကို အားနာလို့ပါ။ မောင်က ကြံ့ရာ

ကျပမ်းလုပ်နေရသူဆိုတော့ ပိုက်ဆံလည်း ပေါပေါများများ မသုံးနိုင်ရှာဘူးဆိုတဲ့အတွေးနဲ့ပေါ့။ ဒါကြောင့်…

"ဒါလေးပဲယူလိုက်မယ်…မောင်"

"အင်း"

မောင် ပိုက်ဆံရှင်းနေတာကိုကြည့်ပြီး နောင်ကြီး နောင်တ ရမိသွားချင်ချင်ပါ။ သူမ ပူဆာမိတာ မှားပြီလားလို့ပေါ့။





# အခန်း (၈)

"လက်ထပ်ဖို့ကိစ္စ ဒီနှစ်တော့ ဘယ်လိုမှမဖြစ်နိုင်သေးဘူး နောင်ကြီး…လက်ထပ်တယ်ဆိုကတည်းက ခြေဗလာ၊ လက် ဗလာနဲ့ အိမ်ထောင်ရေးကို တည်ဆောက်လို့မှမရတာ။ မောင် ပိုက်ဆံစုပါရစေဦးကွာ…နော်"

ချစ်သူသက်တမ်း (၂)နှစ်နီးပါးသာရှိလာတယ်။ မောင့်ဘက် က လက်ထပ်ဖို့အကြောင်း တစ်ခွန်းမှ ဟမလာပေ။ ဒါကြောင့် နောင်ကြီးကပဲ မိန်းကလေးတန်မယ့် စပြောရသည့်အဖြစ်ပါ။

"မောင်"

"ပြောပါ…နောင်ကြီး"

"မောင့်မှာ နောင်ကြီးနဲ့လက်ထပ်ဖို့ ဘာမျှော်လင့်ချက်၊ ဘာရည်ရွယ်ချက်မှ မရှိဘူးလား…မောင်။ မောင် ပွင့်ပွင့်လင်း

လင်းပြောပါ။ မဖြစ်နိုင်ဘူးဆိုရင်လည်း နှောင်ကြိုးကို အားမ
ပါနဲ့။ လမ်းခွဲလိုက်ကြတာပေါ့"

မပြောချင်ဘဲ ပြောလိုက်ရတဲ့စကားမို့ ရင်ထဲမှာ လေးဖင့်
ကြီးပါ။ မောင် ဘာလို့ ဒီလောက် အေးစက်စက်ဖြစ်နေရတာလဲ
ချစ်သူဖြစ်စက ဒီလိုမှ မဟုတ်ခဲ့ဘဲလေ။ အချစ်ဆိုတာ ရေနွေး
ပဲလား။ အစကတော့ ကျွက်ကျွက်ဆူ။ နောက်တော့ ခပ်နွေးနွေး
အဲဒီကနေ အေးစက်သွားပြီး နောက်ဆုံး သွန်ပစ်ခံလိုက်ရတဲ့အ
မျိုးလား။

"အဲဒီလိုမဟုတ်ပါဘူး နှောင်ကြိုးရယ်…လောလောဆယ်
မှာ မောင့်ဘက်က အဆင်မပြေသေးလို့ပါ"

"နှောင်ကြိုးတို့အသက်တွေက မငယ်တော့ဘူး…မောင်
နှောင်ကြိုး ဘယ်အချိန်ထိ စောင့်ရမှာလဲ"

"အဲဒါ…မောင် မပြောတတ်သေးဘူး"

"ဟင်"

နှောင်ကြိုး သူ့မျက်နှာကို ခပ်စူးစူး ကြည့်လိုက်မိသည်။
စောင့်ရမယ်ဆိုရင်တောင် အချိန်ကာလတစ်ခုခုတော့ သတ်မှတ်
ပေးသင့်တာပေါ့။ အခုက မသေချာမရေရာ။

"မောင်…နှောင်ကြိုးကို လက်မထပ်ချင်ဘူးလား။ ဒါဆို
လမ်းခွဲလိုက်ကြရအောင်…နှောင်ကြိုး ဒီထက်ပိုပြီး မခံစားချင်
တော့ဘူး"



"နှောင်ကြိုး"

သူ နှောင်ကြိုးရဲ့လက်ဖဝါးကို လှမ်းဆုပ်ကိုင်လိုက်ပြီး…

"ချစ်ကြပြီဆိုကတည်းက နီးချင်လို့ ချစ်တာလေ။ ဝေးဖို့
ချစ်ကြတာမှမဟုတ်တာ"

"အခု မောင်ပြောနေတဲ့စကားက"

"မောင် အချိန်အတိအကျ မပြောနိုင်သေးတာကလွဲရင်
နှောင်ကြိုးကို လက်ထပ်မှာပါ"

နှောင်ကြိုး ဘာမှဆက်မပြောချင်တော့ပေ။ စောင့်ရတော့
မှာပဲပေါ့။ နှောင်ကြိုးက သူ့ကိုမှ ချစ်မိနေတာကိုးလေ။

"ကဲပါ…မောင်ရယ်…ထားလိုက်ပါတော့"

"အင်းပါ…မောင်တို့ ပြန်ကြရအောင်"

"ဟင်…ပြန်တော့မလို့လား"

"မောင်…သွားစရာရှိသေးတယ်…နှောင်ကြိုး"

"ဒါဆိုလည်း ပြန်ကြတာပေါ့"

ပြောပြီး နှောင်ကြိုး ချက်ချင်းပဲ ထရပ်လိုက်သည်။ စိတ်ထဲ
မှာ နည်းနည်းတော့ ခုသွားသည်လေ။ ချစ်သူတွေ ချိန်းတွေ့တာ
အေးအေးဆေးဆေး မရှိ။ အခြားအရာတွေက ပိုအရေးကြီးနေ
သလား။ နှောင်ကြိုး ရှေ့မှ ဘောက်ဆတ်ဘောက်ဆတ် လျှောက်
လာခဲ့တော့…

"နှောင်ကြိုး"

"…………"

"မောင် တကယ်သွားစရာရှိလို့ပါ။ အရေးကြီးတယ်လေ… အဲဒါကြောင့်ပါ"

"အင်းပါ"

သက်ပြင်းနှင့်အတူ နောင်ကြီး စိတ်ကို လျှော့ချပစ်လိုက်တော့သည်။ တကယ် အရေးကြီးကိစ္စ သွားစရာရှိလို့နေမှာပါလို့ စိတ်ကို ဖြေလိုက်တာလေ။

"မောင့်ကို နောင်ကြီး နှုတ်မဆက်ရသေးဘူး"

"ဟင်"

မောင်က နောင်ကြီးမျက်နှာကို ငုံ့ကြည့်ပြီး…

"ဘာလို့ နှုတ်ဆက်ရမှာလဲ ချစ်သူရဲ့…နှုတ်ဆက်တယ်ဆိုတာ ထာဝရ ခွဲခွာသူတွေအတွက်လေ။ မောင်နဲ့နောင်ကြီးက တစ်နေ့ အတူနေကြမှာပဲဟာ"

သြော်…အတူနေဖို့ ရည်ရွယ်ချက်တော့ ရှိသေးသည်ပေါ့။

"မဟုတ်ပါဘူး…မောင့်ကို အာဘွားပေးမလို့ပြောတာပါ"

နောင်ကြီး ရှက်မျက်နှာလေးနှင့်ပြောလေတော့ မောင်တွေကနဲ ဖြစ်သွားပြီးမှ…

"မပေးနဲ့ နောင်ကြီး…ဘာလို့ပေးရမှာလဲ။ မောင် မလိုချင်လို့ပြောတာ မဟုတ်ဘူးနော်။ ဘယ်ယောကျ်ားမဆို ကိုယ့်ချစ်သူနမ်းတာကို ခံချင်တဲ့ကောင်ချည်းပဲ။ ဒါပေမဲ့ ပတ်ဝန်းကျင်က





ူတွေ မြင်သွားရင် မိန်းကလေးက နမ်းတော့ နောင်ကြီး သိက္ခာ ျမှာပေါ့။ မြင်တဲ့လူတွေက မောင်တို့နဲ့ မသိပေမယ့် သူတို့ တွေးထဲမှာ မောင့်ချစ်သူကို အထင်သေးသွားနိုင်တယ်။ မောင်က မောင့်ချစ်သူကို ဘယ်လိုအကြောင်းမျိုးနဲ့မှ သူများ ထင်သေးတာ မခံနိုင်ဘူး"

ရှည်လျားစွာ ရှင်းပြနေတဲ့ မောင့်စကားသံအဆုံးမှာ နောင်ကြီးရင်ထဲ လှိုက်ကနဲ ဖြစ်သွားလေသည်။ ဝမ်းလည်းနည်း၊ မ်းလည်းသာပေါ့။

"မောင်ရယ်"

မောင် ဒီစကားမျိုးပြောလိုက်တဲ့အတွက် စောစောက နေတဲ့စိတ်ကလေးသည် ပိန်းရွက်ပေါ် ရေမတင်သကဲ့သို့ လျှာကျပျောက်ကွယ်သွားလေသည်ပေါ့။ မောင် နောင်ကြီးကို ကယ်ချစ်လို့ တန်ဖိုးထားလို့သာ နောင်ကြီးရဲ့ အရှက်နဲ့သိက္ခာ ိုတာကို ထည့်တွက်ပေးသည်ဆိုတဲ့အတွေးနှင့်ပေါ့လေ။

"ကျေးဇူးတင်ပါတယ် မောင်"

"ချစ်သူတွေကြားမှာ အဲဒီစကားက မလိုပါဘူး နောင်ကြီး ယ်"

နောင်ကြီး ခေါင်းလေးညိတ်လိုက်မိသည်။ ချစ်တဲ့စိတ်နဲ့ မောင်ပြောသမျှ အကောင်းမြင်ပေးခဲ့တာ နောင်ကြီး မှားလား။ ူချင်းမတွေ့ရတဲ့အချိန်တွေမှာ ဖုန်းလေးနဲ့ပဲ အဆက်အသွယ်

လုပ်နေကြတာ။ Facebook ကဖြစ်ဖြစ်၊ Viber ကဖြစ်ဖြစ် စာ
လည်း တစ်နေ့တစ်ခါ။

ဖုန်းဆက်လည်း တစ်ခါပါပဲ။

အချိန်ကတော့ ဖုန်းဆက်ဖြစ်ရင် စားပြီးပြီလား၊ ဘာလု
နေလဲ၊ ဘာချက်စားလဲ၊ အလုပ်အဆင်ပြေလားဆိုတဲ့စကား
အခြားအကြောင်းအရာ၊ မိသားစု၊ ပတ်ဝန်းကျင် စသည်တို့န
ပတ်သက်တာ အနည်းအကျဉ်းသာပြောဖြစ်ပြီး သုံးမိနစ်လောက်
ဖုန်းချတာပဲလေ။ ဒီထက် အချိန်ပိုပြောဖြစ်တာ မရှိသလောက်ပါပဲ

ရှိခဲ့ရင်တောင် ရှားပါသည်။

စာပို့ရင်လည်း စာကြောင်းတိုတိုလေးတွေ အကြောင်းရေ
နှစ်ဆယ်ထက် မပိုခဲ့ပေ။ ချစ်တယ်၊ လွမ်းတယ်ဆိုတဲ့စကားက
ချစ်သူနှစ်ဦးကြားမှာ ပျောက်ဆုံးနေသလောက်ပါပဲ။ တစ်ခါ
တလေမှ ပြောဖြစ်ကြသည်လေ။ ဒီလောက် အေးစက်စက်နိုင်တဲ့
အချစ်ရေးကို နှောင်ကြိုး စိတ်မပျက်ခဲ့ပါဘူး။

ချစ်တဲ့စိတ်နဲ့…

အရာရာကို ဖြည့်စွက်တွက်ပေးခဲ့သူပါ။ တစ်ခါတလေ
တော့…

"မောင်"

"ပြောလေ…နှောင်ကြိုး"

"မောင်…နှောင်ကြိုးကို တကယ်ချစ်တာမှ ဟုတ်ရဲ့လာ





င်"

"တကယ်ချစ်တာပါ နှောင်ကြိုးရဲ့"

"တကယ်ချစ်တယ်သာပြောတယ်…မောင် အရင်လို
ဟုတ်တော့သလိုပဲ။ ဖုန်းဆက်ရင် ခဏပဲ။ စာပို့လည်း စာ
ကြောင်းရေ နှစ်ဆယ်ထက် မပိုခဲ့ဘူး။ လူချင်းလည်း မတွေ့ရ၊
နှောင်ကြိုးကို စိတ်ကုန်နေပြီလား…မောင်။ စိတ်ကုန်ရင်လည်း
နှောင်ကြိုးကို ပွင့်ပွင့်လင်းလင်းပြောပြီး ထားခဲ့ပါ။ နှောင်ကြိုး
နာကျင်ရစ်ခဲ့ပါ့မယ်…မောင်"

"မဟုတ်ပါဘူး…နှောင်ကြိုးရယ်၊ တစ်နေ့တစ်ခါ စကား
ပြောနေရတာပဲ။ နေ့တိုင်း ပြောနေရတာ ဒီစကားတွေပဲဖြစ်နေ
တော့ ထွေထွေထူးထူး ပြောစရာမရှိဘူးလေ"

"ဩော်"

နှောင်ကြိုးရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားရသည်သာ။
သူများတွေပြောတာတော့ ချစ်သူတွေကြားမှာ ပြောစရာစကား
တွေ မကုန်နိုင်ဘူးတဲ့။ နှောင်ကြိုးမှာလည်း ပြောစရာစကားတွေ
အများကြီးပဲလေ။ ကိုယ်က မိန်းကလေးမို့ မပြောဘဲ မျိုသိပ်ထား
ခဲ့တာပါ။ မောင်ကတော့ ပြောစရာစကား မရှိဘူးတဲ့။

"ပြီးတော့ အကြာကြီးပြောရင် ဖုန်းဘေလ် မတတ်နိုင်ဘူး
နှောင်ကြိုးရဲ့…မောင်က သိပ်ဝယ်သုံးနိုင်တာ မဟုတ်ဘူး"

ဩော်…ဒါလည်း ဟုတ်သားပဲလို့ တွေးမိပြီး…

"နောက်ကျရင် နောင်ကြီး ထည့်ပေးပါ့မယ် မောင်"

နောင်ကြီးပြောတာကို မောင်က ခေါင်းညိတ်ခေါင်းခါ ဖာင့်အင်း၊ အင်း မလုပ်ပေ။

"လမ်းမခွဲဘူးဆိုရင်လည်း နောင်ကြီးကို ဥပေက္ခာတော့ ပြုမထားပါနဲ့"

"အင်းပါ…နောက်ကျ မောင်တို့ ကြာကြာစကားပြောကြ တာပေါ့နော်"

ပြောထားတဲ့အတိုင်း နောင်ကြီး မောင့်ဖုန်းထဲမှာ ဘေလ် ကုန်ပြီဆိုတာနဲ့ ဘေလ်ဝယ်ထည့်ပေးတာ အလုပ်တစ်ခုပါ။ တစ်ခါ တလေ လက်ထဲမှာ ပိုက်ဆံပြတ်တဲ့အခါမျိုးဆိုရင်…

"နောင်ကြီး…မောင် ဖုန်းဘေလ်နည်းနေလို့ ဖုန်းချလိုက် တော့မယ်နော်"

ဆိုပြီး ဖုန်းချသွားတဲ့ မောင့်အတွက် နောင်ကြီးက သနား ကရုဏာပိုစွာနှင့် ဘေလ်ထည့်ပေးတတ်မြဲပါ။ အလိုက်သိစွာနှင့် ပေါ့။ အဲဒီလိုထည့်ပေးနိုင်ဖို့ ပိုက်ဆံမရှိတဲ့အခါ…

"လင်းလက်"

"ရှင်…မမ"

"အိမ်မှာ ပိုက်ဆံအသုံးပြတ်နေပြီဟ…ငါ ငါ့လက်စွပ် သွားပေါင်လိုက်ဦးမယ်ဟာ"

"အင်း…သွားလေ"





"မရှိဝမ်းစာ၊ ရှိတန်ဆာတဲ့…လက်စွပ်နှစ်ကွင်း ဝတ်ထား တာ စိတ်ရှုပ်ပါတယ်ဟယ်…တစ်ကွင်းချွတ်ပြီး အိမ်မှာ သိမ်း ထားရင် စိတ်မချရဘူး။ အဲဒါကြောင့် လုံခြုံစိတ်ချရတဲ့နေရာ သွားအပ်ထားလိုက်မယ်…ဟဲ…ဟဲ"

နောင်ကြီး ရယ်သွမ်းသွေး၍ ဒီလိုပြောလိုက်တာ ညီမ ဖြစ်သူသိရင် မကြည်ဖြူမှာစိုးလို့ပါလေ။

# အခန်း (၉)

နှောင်ကြိုး ဝယ်လာတဲ့ငွေဖြည့်ကတ်ကို ဘီရိုပေါ် ခဏ တင်ထားပြီး ဗိုက်ထဲရစ်လာတာနှင့် ကိစ္စဖြေရှင်းရန် ထွက်လာခဲ့ သည်။ ကိစ္စရှင်းပြီးလို့ပြန်လာတော့ ငွေဖြည့်ကတ်က ရှာလို့မတွေ့ ပေ။ အထားမှားသလားလို့ ဟိုရှာဒီရှာ ရှာကြည့်တော့လည်း မတွေ့။ ဒါကြောင့်…

"လင်းလက်"

"……….."

"လင်းလက်ရေ"

"အာ…ဘာလဲ မမရဲ့၊ အလန့်တကြားနဲ့"

"ဘီရိုပေါ်မှာထားတဲ့ ငွေဖြည့်ကတ်ရော…နင် တွေ့မိ လား"





"တွေ့တယ်လေ…တွေ့လို့ လင်းလက်ဖုန်းထဲ ထည့်လိုက် ပြီ"

"ဟင်"

နှောင်ကြိုး လင်းလက်ကို ဆူရအခက်၊ ပြောရအခက် ဖြစ်သွားလေသည်။ ငြိမ်နေရပြန်တော့လည်း အောင့်သက်သက် ပါပဲ။

"မမက အရမ်းအလိုက်သိတာပဲ။ လင်းလက်ဖုန်း မနေ့က ကတည်းက ဘေလ်ကုန်နေတာ။ မမကို ပြောရမှာ အားနာလို့။ ပြန်လာမှ နှစ်ထောင်လောက် ပိုက်ဆံကောင်းပြီးဝယ်မယ်လို့ စဉ်းစားထားတာ။ အခု မမက အလိုက်တသိ ဝယ်လာတာလေ"

နှောင်ကြိုး မျက်နှာစူပုပ်သွားလေတော့သည်။ ပြီးတော့ ဒေါက်ဆတ်ဆတ်လေသံနှင့်သာ…

"အဲဒါ…နင့်ဖို့ဝယ်လာတာ မဟုတ်ဘူး။ မင်းစေသော်ကို ထည့်ပေးမလို့ ဝယ်လာတာ။ အခုတော့ သွားပါပြီဟယ်"

"ဟင်"

ရင်ထဲမကာလို့ ဖွင့်ပြောလိုက်မိလေလျှင်…

"မသိဘူးလေ မမရဲ့… မမက ဘာမှမပြောတော့ လင်းလက်အတွက် ဝယ်လာတာထင်ပြီး လင်းလက်က ထည့် လိုက်တာ"

"ထည့်ပြီးတော့လည်း ဘာတတ်နိုင်မလဲ။ အဲဒါဆို

သွားဝယ်ပေးဦး''

''ပေး…ပိုက်ဆံ''

နှောင်ကြိုး အောင့်သက်သက်နှင့်ပဲ ပိုက်ဆံငါးထောင် ထုတ်ပေးလိုက်ရသည်။ စောစောက လင်းလက် ထည့်လိုက်တာလည်း ငါးထောင်ကတ်။ အခုလည်း ငါးထောင်ကတ်ပဲ ထပ်ဝယ်နိုင်းရတော့တာပေါ့။ ပိုက်ဆံမရှိလို့ လက်စွပ်ပေါင်ရပါတယ်ဆိုမှ ငွေဖြည့်ကတ်ဖိုးက တစ်သောင်း သွားပြီ။

အိမ်မှာ…

နှောင်ကြိုးက အိမ်ထောင်ဦးစီးရာထူး ယူထားလေတော့ ပိုက်ဆံမရှိလည်း ကိုယ်ပဲရှာရလို့ တော်သေး။ လင်းလက်က မှိန်ဆိုတော့ ဘာမှမပြောရဲတာနဲ့ မင်းစေသော်ကို အစ်ကိုရင်းတစ်ယောက်လိုချစ်လို့ ကြည်ဖြူတာလည်း ပါပါသည်။ လင်းလက် ငွေဖြည့်ကတ်ဝယ်ပြီးပြန်လာတော့ နှောင်ကြိုး မောင့်ဖုန်းကို မက်ဆေ့ချ် ပို့လိုက်သည်။

''မောင်…ရ…မရ ပြန်ပြောဦးနော်''

မက်ဆေ့ချ်ပို့ထားပြီး တစ်နာရီလောက် ကြာသည်အထိ မောင့်ဆီမှ ဘာမှမတုံ့ပြန်ပေ။ ကြာတော့ နှောင်ကြိုး စိတ်မရှည်တာနှင့် ဖုန်းခေါ်လိုက်သည်တွင်…

''မောင် မအားသေးလို့ နှောင်ကြိုး…ပြီးမှ ထည့်ကြည့်မယ်လေ…နော်''





''အင်း…အင်း…အဲဒါဆိုလည်း ပြီးတာပဲ''

ဒါပဲပြောပြီး နှောင်ကြိုး ဖုန်းချလိုက်တာ မောင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ ကိုယ့်ရင်ထဲမှာ ပြောစရာစကားတွေ အများကြီးရှိပေမယ့် မပြောဘဲ မျိုသိပ်ထားလိုက်သည်သာ။ အရင်တုန်းကဆိုရင် နှောင်ကြိုးအသံလေးကြားချင်လို့၊ လွမ်းလို့ဆိုတဲ့မောင်က နောက်ပိုင်းမှာ သူငယ်တစ်ယောက်ကို အာလာပသလ္လာပပြောနည်းမျိုးလောက်သာ။

မျိုသိပ်ရတာတွေ များလွန်းလာတော့ မခံစားနိုင်လို့ ပြောမိတဲ့အခါ…

''မောင်…တကယ်အလုပ်မအားလို့ပါ နှောင်ကြိုးရယ်။ နှောင်ကြိုးအပေါ် ချစ်တဲ့အချစ်က အရင်အတိုင်းပါပဲ။ တစ်နေကုန်အလုပ်လုပ်ရတာ ပင်ပန်းတော့ ညကျ စောစောအိပ်ပျော်သွားတာ တာ များနေတာ''

''သြော်…''

''တကယ်ပြောတာ နှောင်ကြိုးရဲ့…မောင် နှောင်ကြိုးကို အရမ်းချစ်တယ်''

''ထားပါတော့လေ…ဒါဆို အလုပ်နားရက်တွေကျတော့ ရော မောင်…မောင့်မှာ နားရက်ဆိုတာ မရှိဘူးလား''

''အဟဲ…အဲဒါကလေ နားရက်ကျတော့လည်း သူငယ်ချင်းတွေနဲ့ ဟိုသွားဒီသွားဆိုတော့ အနားမှာ သူတို့ရှိနေလို့ မဆက်

ဖြစ်တာပါ။ မောင့်သူငယ်ချင်းတွေက အစအနောက်သန်ကြတော့ နှောင်ကြိုးကို စမှာစိုးလို့ပါ''

ချစ်တဲ့စိတ်၊ ယုံကြည်ခြင်းတို့နှင့် ဟုတ်မှာပါလေလို့ ဖြည့်စွက်တွက်ပြီး နှောင်ကြိုး မောင့်အပေါ် အပြစ်မမြင်နိုင်ခဲ့ပေ။ တစ်နေ့တစ်ခါ စာလေးအကြောင်းရေ နှစ်ဆယ်ထက်မပိုတာလေး နဲ့ပဲ ကျေနပ်နေခဲ့ရသည်လေ။

တစ်နေ့…တစ်နေ့။

မောင့်ကို လိုင်းပေါ်မှာ တွေ့မလားလို့ ခဏခဏ ဖွင့်ကြည့် ရတာ အမောပါပဲ။ ဒီလို ဖွင့်ကြည့်တော့ နှောင်ကြိုးရဲ့ Facebook အကောင့်လေးက အမြဲလိုလို မီးစိမ်းနေမှာပေါ့လေ၊ အချို့ဆို စကြလေရဲ့…အွန်လိုင်းအသုံးဆုံး ဆုပေးမယ်တဲ့။

မောင့်အကောင့် မီးစိမ်းနေတာ တွေ့ပြန်တော့လည်း နှောင်ကြိုးဘက်က စပြီးနှုတ်မဆက်ပေ။ နှုတ်ဆက်ဖြစ်တဲ့အခါ ရှိလေတော့ ဘာမှမတုံ့ပြန်ဘဲ နောက်မှ မောင် မဟုတ်ဘူး ဘယ်သူသုံးတာ၊ ဘယ်ဝါသုံးတာဆိုလို့ နှောင်ကြိုး စပြီး နှုတ် မဆက်ဖြစ်တော့တာပါ။

ဒီလိုနဲ့…

ကိုယ့်ကို Hi ဆိုပြီး လာနှုတ်ဆက်ကြ၊ စကားလာပြောကြ တွေကို အားနာပါးနာပြန်ပြောရင်း ခင်ကြမင်ကြ၊ သူငယ်ချင်းတွေ ဖြစ်ကြပေါ့။ ပြီးတော့ နှောင်ကြိုး အလွမ်းကဗျာလေးတွေ၊ အချစ်





ကဗျာလေးတွေ လိုင်းပေါ်မှာဖတ်ရင်း နောက်တော့ ကိုယ်တိုင် ရေးကြည့်ပြီး Post တင်တတ်လာခဲ့သည်လေ။

တစ်စတစ်စနဲ့ အွန်လိုင်းကဗျာဆရာ၊ ဆရာမတွေနဲ့ ခင်မင် မိတော့ သူက ထောက်ပြ၊ ငါက ဝေဖန်နှင့် နှောင်ကြိုးလည်း အွန်လိုင်းကဗျာဆရာမတစ်ပိုင်း ဖြစ်လာခဲ့တော့သည်။

တစ်နေ့မှာတော့…

ခွန်းသိုက်ညိုဆိုတဲ့ အကောင့်တစ်ခုလာအပ်လို့ လက်ခံထား လိုက်သည်။ သူလည်း ကဗျာရေးသူမို့ လက်ခံလိုက်တာလေ။ အစ ကတော့ သူတင်တဲ့ Post ကို ကိုယ်က like ပေး။ ကိုယ်တင်တဲ့ Post ကို သူက like ပေးရုံလောက်ပါပဲ။ နောက်တော့ နှောင်ကြိုး တင်တဲ့ Post တွေထဲမှာ သူ့ရဲ့ comment လေးတွေပါလာသည်။

အဲဒီက အစပြုလို့ နောက်မှာ…

''မင်္ဂလာပါ ဆရာမ''

''ဟင်''

ဘာမှမဟုတ်တဲ့ကိုယ့်ကို ဆရာမဆိုတော့ နှောင်ကြိုး ဘာပြန်ပြောရမှန်း မသိပေ။ နောက်မှ…

''မင်္ဂလာပါ''

လို့ ပြန်နှုတ်ဆက်လိုက်တော့…

''ဆရာမရေးတဲ့ ကဗျာလေးတွေက အရမ်းဖတ်လို့ကောင်း တာပဲဗျာ…ဖတ်ပြီး ရင်ထဲမှာ ခံစားရတယ်''

"သြော်...ဟုတ်လား"

"တကယ်ပြောတာပါ ဆရာမ"

"ဆရာမလို့ မခေါ်ပါနဲ့။ တို့...ဆရာမ မဟုတ်ပါဘူး"

"လေးစားလို့ ဆရာမလို့ ခေါ်တာပါ...ဆရာမ၊ ဆရာမ ရေးတဲ့ကဗျာတွေက အရမ်းကောင်းလို့ပါ"

"မတောက်တခေါက်ပဲ...ရေးတတ်တာပါ"

"ဟာဗျာ"

"ဟင်...ဘာဖြစ်တာလဲ"

"မတောက်တခေါက်သာပြောတယ်...ဆရာမရေးတဲ့ကဗျာတွေမှာ နိမိတ်ပုံယူတာတွေက လှမှလှပဲ"

"ဟုတ်လား"

"ဟုတ်တယ်...တကယ်ပြောတာ"

"မသိပါဘူး...တို့က ရေးသာရေးတာ။ နိမိတ်ပုံတွေ ဘာတွေ နားမလည်ဘူး။ ရမ်းရေးတာ"

"ရမ်းရေးပေမယ့် မသိစိတ်ကတော့ ဆရာမ နားလည်နေပါတယ်"

"မဟုတ်တာ"

"ဟုတ်ပါတယ်ဆို"

"ခစ်...ခစ်"

"အမ်...ဘာရယ်တာလဲ"





"ဘာမှမဟုတ်ပါဘူး၊ ဘာပြောရမှန်း မသိလို့ပါ"

"သြော်"

နှောင်ကြိုးက Facebook မှာ Messenger ကနေ လာနှုတ်ဆက်သူတိုင်းကို စကားပြန်ပြောကြည့်သည်။ ဖွန်ကြောင် ရင် block သည်လေ။ ခင်မင်ရင်းနှီးသွားတာတွေရှိသလို ဟိုမေး မေးဆို ဘုဘောက်ပြန်ပြောရတာတွေလည်း ရှိတာပေါ့။

အခု လာနှုတ်ဆက်သူက...

ကဗျာအကြောင်းပဲပြောနေတော့ စကားတွေ အများကြီး ပြန်ပြောဖြစ်နေတာလေ။

"ကျွန်တော် ဆရာမကို လေးစားတယ်။ ဆရာမနဲ့ခင်လို့ ရမလား။ ခင်ချင်တယ်ဗျာ"

"ခင်လို့ရပါတယ်...ဆရာမလို့ မခေါ်ပါနဲ့နော်။ မင်းက အစ်မထက် ငယ်မယ်ထင်ပါတယ်။ မောင်နှမလို သဘောထားပြီး အစ်မလို့ပဲ ခေါ်ပါ"

"အစ်မလို့ မခေါ်ချင်ဘူး။ မမလို့ခေါ်မယ်နော်...မမ"

"မင်းသဘောပါ"

"ဟား...ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်တော့ မမ တစ်ယောက် ကောက်ရပြီ။ အမြဲတမ်း မောင်နှမလို ခင်ကြမယ် နော်...မမ"

"OK... ထာဝရမောင်နှမပေါ့"

ဒီလိုနဲ့ပဲ ခွန်းသိုက်ညိုဆိုတဲ့ကောင်လေးနဲ့ နှောင်ကြိုး
Facebook ကနေ ခင်မင်ရင်းနှီးကာ နှောင်ကြိုး Account လေး
မီးစိမ်းတာနဲ့ ခွန်းသိုက်ညိုက စကားတွေလာပြော…

ရင်းနှီးသထက် ရင်းနှီးသွားကြသည်ပဲ ဆိုပါတော့။





## အခန်း (၁၀)

"မမ"

"မင်္ဂလာပါ…မောင်လေး"

နှောင်ကြိုး Facebook ဖွင့်လိုက်တာနှင့် သိပ်မကြာခင်မှာပဲ ခွန်းသိုက်ညိုက လာပြီးနှုတ်ဆက်လေသည်။ ခွန်းသိုက်ညိုက သူ့ပုံတွေ Post တင်ထားလို့ နှောင်ကြိုးက မြင်ဖူးပေမယ့် နှောင်ကြိုးကိုတော့ ခွန်းသိုက်ညို အခုထိ မမြင်ဖူးသေးပေ။

နှောင်ကြိုးက…

ကဗျာတွေကလွဲရင် ဘာပုံမှတင်မထားဘူးလေ။ Profile ကအစ ကဗျာဆန်ဆန် နေကြာပွင့်ကိုသာ တင်ထားသည်လေ။ ဒါလည်း သူမ ခံယူချက်နဲ့သူမ…သူမအစီအစဉ်နဲ့သူမပါ။

"မမ ဘာလုပ်နေတာလဲ"

"လိုင်းသုံးနေတာလေ"

"ဟား...လိုင်းသုံးနေတာတော့ သိတာပေါ့...မမရဲ့ ဘယ်လိုပြောရမလဲ...မသိတော့ပါဘူးဗျာ"

"ခစ်...ခစ်"

"မမ ထမင်းစားပြီးပြီလား"

"စားပြီးပြီ"

"ဘာနဲ့စားလဲ...မမ"

"လက်နဲ့စားတယ်လေ"

"ဗျာ"

ပထမတော့ နှောင်ကြိုးစကားကို နားမလည်ဟန်နှင့် ခွန်းသိုက်ညိုဘက်မှ ငြိမ်သွားလေသည်။ ခဏကြာမှ သဘော ပေါက်သွားဟန်ရှိကာ သူ့စာ ဝင်လာသည်လေ။

"ကျွန်တော်က ဇွန်းနဲ့စားတာ...မမ"

"ဩော်...ဟုတ်လား"

"ဟုတ်တယ်...မမ"

"အင်းပါ...ဘာနဲ့ပဲစားစား ဗိုက်ပြည့်ဖို့က အဓိကမဟုတ် လား"

"ဟုတ်တာပေါ့...ဒါနဲ့ မမ"

"အင်း...ပြောလေ"





"မမနဲ့ကျွန်တော် ခင်နေတာပဲ ကြာပြီ...မမကသာ ကျွန်တော့်ပုံကို မြင်ဖူးတာ။ ကျွန်တော်က မမပုံကို မမြင်ဖူးသေး ဘူးနော်"

"အင်း"

"မမ"

"ပြောလေ"

"မမကို ကျွန်တော် မြင်ဖူးချင်တယ်။ မမပုံ ပို့ပေးပါလား"

နှောင်ကြိုး တွေကနဲ ဖြစ်သွားလေသည်။ နှောင်ကြိုးက ဘယ်သူ့ပဲ ပုံပို့ခိုင်းပို့ခိုင်း ပို့ပေးရိုးထုံးစံ မရှိပေ။ တောင်းသထက် တောင်းလာရင် block ပစ်တာလေ။ အခု ခွန်းသိုက်ညိုနဲ့ကျတော့ ရင်းနှီးနေပြီလေ။ ပို့ပေးသင့်ပါသလား။ သူ့မိသားစုအကြောင်း၊ ကိုယ့်မိသားစုအကြောင်းလည်း ပြောဖြစ်ခဲ့ကြပြီ။

အင်း...ကဗျာရေးဖော်ရေးဖက် သူငယ်ချင်းတွေကလည်း နှောင်ကြိုးကို မြင်ဖူးချင်သည်တဲ့။

"မမ...ပို့ပေးနော်...မမ"

ခွန်းသိုက်ညိုနဲ့ အပြန်အလှန်စာပို့ပြီး စကားပြောနေကြချိန် မှာ မောင်နဲ့ပတ်သက်ပြီး ခံစားရတဲ့ နင့်သီးမှုတွေ၊ နာကျင်မှုတွေ က နည်းနည်းတော့ သက်သာသလိုပါ။ ညဘက်တစ်ခါတော့ မောင် နှောင်ကြိုးဆီကို စာပို့တတ်မြဲပါ။ ထုံးစံအတိုင်း စာကြောင်း ရေ နှစ်ဆယ်ထက်တော့ မပိုခဲ့ဘူးပေါ့။

"မမ…ပို့ပေးပါနော်လို့"

"ဟာ…မင်းကလည်း ကလေး မုန့်ပူဆာနေတဲ့အတိုင်းပ လား"

"မြင်ဖူးချင်လို့ပါဆို…မောင်နှမချင်း ကိုယ့်အစ်မကို မမြင် ဖူးရဘူးလား"

"မမက သူများကို ပုံပို့ပေးလေ့ မရှိဘူးကွ"

"သူများတဲ့လား မမရယ်…ကျွန်တော်က သူများလားဗျာ မမက ကျွန်တော့်ကို သူစိမ်းလို့ သတ်မှတ်ထားတာလား မမ… ကျွန်တော်ကတော့ မမကို ကျွန်တော့်အစ်မရင်းလို သတ်မှတ်ထား တာ…မမဗျာ"

"အဲဒီလိုမဟုတ်ပါဘူး မောင်လေး…ဒီလိုလုပ်မယ်လေ"

"ဘယ်လိုလဲ"

"မမရဲ့ Account ထဲက ကျန်တဲ့သူငယ်ချင်းတွေလည်း မမကို မြင်ဖူးချင်နေကြတာဆိုတော့ မမ Post တင်လိုက်မယ် လေ။ မမပုံတင်မယ်…အဲဒီမှာကြည့်ပေါ့"

"ဟာ…မမကလည်း"

ဟာ…မမကလည်းဆိုတော့ သူ ဘာဆက်ပြောမလဲဆိုတာ နောင်ကြီး စောင့်နေလိုက်သည်။ ကိုယ့်ဘက်ကတော့ ဘာစာမှ မပို့တော့ပါဘူး။ သူ့ဘက်ကပဲ စာထပ်ဝင်လာသည်။

"ကျွန်တော်က မမ ပို့ပေးတာကိုပဲ လိုချင်တာ။ ဘာလဲ…





မမ ကျွန်တော့်ကို မယုံဘူးလား"

ဟုတ်တော့လည်း ဟုတ်ပါသည်လေ။ နောင်ကြီး ခွန်းသိုက် ညီနဲ့ ခင်ခဲ့တဲ့ကာလပတ်လုံး စကားပြောကြည့်သလောက် မဟုတ် တာ မလုပ်ဘူးလို့ထင်တာပဲ။ စိတ်ဆတ်ပုံပေါ်ပြီး တိကျပြတ်သား သူပါ။

"ကဲပါ…ပို့ပေးမယ်၊ စိတ်ခိုင်ခိုင်ထားနော်။ သရဲကြောက် တတ်လား"

"ဟင့်အင်း…မကြောက်တတ်ဘူး"

"မမက ရုပ်ဆိုးတယ်"

"စိတ်ကတော့လှတယ်လေ…မမရဲ့။ စိတ်ရဲ့အရောင်က လူကိုဟပ်ပါတယ်။ စိတ်လှရင် လူက အလိုလို လှပြီးသား"

"ကဲ…ထားပါတော့…ခဏစောင့်"

"ဟုတ်ကဲ့…မမ"

နောင်ကြီးက သူများတောင်းရင်သာ ကိုယ့်ပုံတွေ ပို့မပေး တာ။ ဓာတ်ပုံရိုက်တာတော့ ဝါသနာပါသည်လေ။ ရိုက်ထားတာ မှ ပုံစံအမျိုးမျိုးပါပဲ။ ပုံစံအမျိုးမျိုးဆိုတာက အဝတ်အစား အရောင်အမျိုးမျိုးကို ပြောတာပါ။ ဒီဇိုင်းတွေကတော့ ရိုးရိုး ယဉ်ယဉ်ပါပဲ။

နောင်ကြီး…

ခွန်းသိုက်ညီဆီသို့ နှစ်ပုံပို့ပေးလိုက်သည်။ နှစ်ပုံစလုံးက

ရင်ဖုံးအင်္ကျီဆန်ဆန်လေးတွေနဲ့ပါ။ နောင်ကြီးက အသားညိုတော့ အပြင်မှာသာ မလှတာ။ ဓာတ်ပုံထဲကျလှသည်လို့ ညီမတွေက ပြောကြသည်မဟုတ်လား။

"မမ"

"ပြောလေ"

"မမရဲ့ပုံစံလေးက မြင်ရသူရဲ့စိတ်ကို အေးချမ်းစေတယ် မမ…မျက်စိအေးတာပေါ့ဗျာ"

"ဟုတ်လား"

"ကျွန်တော် တကယ်ပြောနေတာ မမရဲ့"

"ဟုတ်ပါပြီ"

"မဟုတ်တာက ဘာလဲ"

"မဟုတ်တာဆိုတော့ မဟာထုတ်ပေါ့"

"အမ်"

"ခစ်…ခစ်"

"ဟိ…ဟိ"

ရင်းနှီးလာတာနဲ့အမျှ ဒီလိုပဲ ရယ်စရာတွေလည်း ပြောဖြစ်ကြသည်သာ။

"ခွန်းသိုက်ညို…ဂစ်တာတီးတတ်လား"

"မတောက်တခေါက်တော့ တီးတတ်တယ် မမ… မမ သီချင်းနားထောင်မလား။ ကျွန်တော် ဂစ်တာတီးပြီး သီချင်းဆိုပြ





မယ်လေ"

"ကောင်းတာပေါ့…မမက ကိုယ်တိုင်သာ သီချင်းတစ်ပုဒ်ဆုံးအောင် မဆိုတတ်တာ။ နားထောင်ရတာတော့ ဝါသနာပါတယ်"

"ဒါဆို…မမ ဖုန်းနံပါတ်ပေးလေ…လိုင်းက မကောင်းတော့ ဖုန်းခေါ်လိုက်မယ်"

"ဒီညတော့ မမ အိပ်ချင်ပြီ။ နောက်နေ့မှပဲ ဆိုပြတော့နော်။ ဖုန်းနံပါတ်ကတော့"

နောင်ကြီး ဖုန်းနံပါတ်ကို ခွန်းသိုက်ညိုအား ပေးလိုက်သည်။

"အိပ်မက်လှလှမက်ပါစေ…မမ"

"သီချင်းလား"

"ဟာ…မမကလည်း"

"ခစ်…ခစ်"

"ဆုတောင်းပေးတာလေ…သီချင်းခေါင်းစဉ်ဖြစ်သွားတယ်"

"ဟုတ်ပါပြီ…မမ အိပ်တော့မယ်။ Good Night နော်"

"Good Night ပါ မမ"

နောင်ကြီး ခွန်းသိုက်ညိုနှင့် စာပို့စကားပြောနေတုန်းသာ စိတ်က သက်သာသလိုရှိပေမယ့် အိပ်ရာထဲဝင်သည်နှင့် မောင့်

အကြောင်းကိုသာ တွေးနေမိတော့သည်။

မောင်ရယ်…

နှောင်ကြိုး မောင်နဲ့ မဝေးချင်ဘူး။ မဝေးပါရစေနဲ့။





# အခန်း (၁၁)

မောင့် Account က မီးစိမ်းမနေပေမယ့် Viber မှာ Online ပေါ်နေသည်လေ။ နှောင်ကြိုး ထို Online ဆိုတာကိုပဲ ကြည့်နေမိပြီး ရင်ထဲမှာ နင့်နေအောင် ခံစားရပါသည်။ ကိုယ့်ဆီ ကိုတော့ စာကြောင်းရေအကြောင်း နှစ်ဆယ်ထက်ပိုအောင် မပို့ ဘူးခဲ့။

ကိုယ်က စနှုတ်ဆက်ရင် ဘာမှပြန်မပြောဘဲ ညဘက် နှောင်ကြိုးနဲ့ စာပို့နေကျအချိန်ရောက်မှ နေ့လယ်က သုံးနေတာ။ မောင် မဟုတ်ဘူးလို့ ဆင်ခြေပေးပေါင်းလည်း များနေပါပြီ။ ဒါကြောင့် ကိုယ်က စနှုတ်ဆက်ဖို့ စာရေးလိုက်၊ ပြီးတော့ မာနနဲ့ စိတ်ကိုတင်းပြီး ပြန်ဖျက်လိုက်ပါပဲ။

မကြည့်တော့ဘူး…

မကြည့်တော့ဘူးလို့ Facebook ဘက်သို့သာ ဖွင့်ပြီး... သူများတင်ထားတဲ့ post တွေကို လိုက်ကြည့်နေစဉ်…

"မမ"

စာဝင်ကြောင်း အနီစက်ကလေး အချက်ပြလို့ ကြည့်လိုက်... တော့ ခွန်းသိုက်ညို စာပို့တာပါ။

"မင်္ဂလာပါ…မောင်လေး"

"မမ ဘာလုပ်နေလဲ"

"ဘာမှမလုပ်ပါဘူး"

"မမတင်ထားတဲ့ ကဗျာလေး အရမ်းကောင်းတယ်နော်"

"ဟုတ်လား…ဒီနေ့ကဗျာက နှစ်ပုဒ်တင်ထားတော့... ဘယ်ကဗျာကို ပြောတာလဲ"

နှောင်ကြိုးမေးလိုက်တော့ ခွန်းသိုက်ညိုက နှောင်ကြိုး... ရေးထားတဲ့ ကဗျာလေးတစ်ပုဒ်ကိုပဲ နှောင်ကြိုးဆီသို့ ပြန်ပို့ပေး... လေသည်။





**မလွှမ်းယစ်မူး**

အကြင်နာတွေ တယုတယပျိုး
သစ္စာကြိုးနဲ့
တစ်ရစ်ပြီးတစ်ရစ် ချည်ခဲ့သော်လည်းလေ
သူ့ဘက်က အရောင်ညှိုးလို့
အချစ်ကို ထမ်းပိုးထားရတာ
လေးတယ်ထင်နေသလား။
လွှတ်ချလိုက်ပါတော့ ချစ်သူ…
အပြစ်မယူ ချစ်သူသာ စိတ်ချမ်းမြေ့မယ်ဆို
ငါ့ရင်ကိုခွဲ ငါ့အသည်းကိုယူ
အသစ်ဆိုသူအတွက်
ယစ်ပူဇော်မယ်ဆိုလည်း
ပူဇော်ပါ ငါ အပြုံးမပျက်ပါဘူး
အလွမ်းစူးစူးကိုမှ
ယစ်မူးမိသူမို့ပါလေ။

သစ္စာနှောင်ကြိုး

ကိုယ်ရေးတဲ့ကဗျာ ကိုယ်ပြန်ဖတ်ပြီး နှောင်ကြိုး မဲ့ပြုံးပြုံး ...ိုက်မိသည်။ ရင်ထဲမှာ ဆစ်ကနဲ နာကျင်သွားသည်လေ။ ...ကဗျာက မောင့်ကို ရည်ရွယ်ပြီး ရေးထားတဲ့ ကဗျာလေးလေ။

မောင် ချစ်သူအသစ်ရနေပြီလားဆိုတဲ့ အတွေးနဲ့ပေါ့။

"မမ"

"ပြောပါ"

"မမမှာ ချစ်သူရှိလား"

"ရှိတယ်…ခွန်းသိုက်ညို"

"ဩော်"

"မမမှာ ချစ်သူရှိပါတယ်။ ဒီကဗျာက သူ့ကို ရည်ရွယ်ပြီး ရေးထားတာပါ"

"ဒါဆို မမတို့ အဆင်မပြေဘူးထင်တယ်"

"အဆင်မပြေတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး မမ အရမ်းခံစားနေရတယ်"

"မမ"

"ပြော"

"မမ တစ်ခုခုအတွက် ခံစားနေရရင် ကျွန်တော့်ကို ရင်ဖွင့် လို့ရပါတယ်။ ကျွန်တော့်ကို ယုံကြည်ပါ။ ကျွန်တော်လည်း ခံစား စရာရှိရင် မမကို ရင်ဖွင့်မယ်လေ"

ရင်ဖွင့်ပါတဲ့။ နှောင်ကြိုးရင်ထဲမှာ မွန်းကျပ်နေတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ နှောင်ကြိုးရာဇဝင်မှာ ကိုယ့်ခံစားချက်ကို ကိုယ့်ဘာသာ မျိုသိပ်ထားပြီး သူများကို ရင်ဖွင့်လေ့မရှိဘူး။ ရင်မဖွင့်တာ လူအတော်များများကို မယုံကြည်လို့ပါပဲ။





နှုတ်မစောင့်စည်းတဲ့လူတွေကြောင့် ရင်ဖွင့်ရမှာကိုပဲ ကြောက်နေမိတာ။ အခု ရင်ထဲမှာ အရမ်းမွန်းကျပ်လေးလံနေတော့ ရင်ဖွင့်လိုက်ရကောင်းမလား။ ခွန်းသိုက်ညိုရဲ့စိတ်ကိုတော့ ယုံကြည်နေမိသလိုပါ။

"အင်း…ကောင်းသားပဲ"

"ကျွန်တော့်မှာလည်း ချစ်သူရှိခဲ့ဖူးတယ် မမ…အခုတော့ ပြတ်သွားပါပြီ။ သူက ကျွန်တော့်အပေါ် သစ္စာမရှိခဲ့တာပါ"

"ဩော်"

"မမကရော မမချစ်သူက မမအပေါ် သစ္စာမရှိလို့လား မမ"

"သစ္စာမရှိတာရယ်လို့တော့ မဟုတ်သေးဘူး။ ကိုယ့် ကွယ်ရာမှာ သူ ဘာလုပ်နေလဲဆိုတာမသိတော့ သစ္စာမရှိဘူးလို့ သတ်မှတ်လို့မရတာ"

"အင်း"

"ဒါပေမဲ့ သူက မမကို ဥပေက္ခာပြုတယ်။ မမက သူ့ကို အရမ်းချစ်တယ်"

ကဲ…ထိန်းနေတဲ့ကြားထဲမှ ရင်ဖွင့်မိသွားပါပြီ။ ဒီတော့ သူဖွင့်ကိုယ်ဖွင့်ပဲပေါ့။

"ဘာပဲဖြစ်ဖြစ် မမရဲ့ချစ်သူက အရမ်းကံကောင်းပါတယ် ဗျာ။ မမကို ပိုင်ဆိုင်ခွင့်ရမယ့် ယောကျ်ားကလည်း ကံကောင်းတဲ့

သူပေါ့''

''ဘာဖြစ်လို့ ကံကောင်းတာလဲ''

''မမက စိတ်ထားဖြူစင်တယ်လေ''

မမကို ပိုင်ဆိုင်ခွင့်ရမယ့် ယောကျ်ားက ကံကောင်းတယ်တဲ့လား။ မပိုင်ဆိုင်ချင်လို့ ရှောင်ခွာသူရှိနေတာတော့ ကိုယ်က ကံဆိုးသူပေါ့လေ။

''မမ''

''............''

''အခု...မမ စိတ်ညစ်နေတာလား''

''အင်း...ဟုတ်တယ်''

''ဒါဆို ကျွန်တော် သီချင်းဆိုပြမယ်လေ။ ပြီးရင် မမက ပုံပြင်ပြောပြ။ ဘယ်လိုလဲ...နားထောင်မှာလား''

''အင်း...နားထောင်မယ်လေ''

''OK...ဒါဆို ကျွန်တော် ဂစ်တာကြိုးညှိလိုက်ဦးမယ်။ ပြီးမှ မမကို ဖုန်းခေါ်လိုက်မယ်နော်''

''အင်းပါ...ဒါဆို မမ လိုင်းပိတ်ပြီး စောင့်နေမယ်''

''OK''

နှောင်ကြိုး အင်တာနက်လိုင်းပိတ်ပြီး စောင့်နေလိုက်သည်။ စောင့်နေရင်းပဲ ရင်ထဲက မွန်းကျပ်ခံစားမှုတွေကြောင့် အတွေးထဲမှာ ခံစားမှုတွေကို စာစီလို့ ကဗျာတစ်ပုဒ် ချရေးပစ်လိုက်သည်။





ကဗျာလေးအဆုံးသတ်ခါနီးမှာပဲ ခွန်းသိုက်ညိုဆီက ဖုန်းဝင်လာသည်လေ။

''ဟယ်လို''

''မမ ကျွန်တော် ခွန်းသိုက်ညိုပါ။ ကျွန်တော့်ဖုန်းနံပါတ် မှတ်ထားနော်''

''အင်းပါ''

''ကဲ...သီချင်းဆိုပြမယ်...နားထောင်နော်''

ပြောပြီးတာနှင့် ဂစ်တာသံကို စကြားရလေပြီ။ ပြီးတော့ သီချင်းသံလေးပေါ့။

×××ဟူး×××ဟူး×××ဟူး×××

နှင်ပြောဖူးတဲ့ အချစ်စစ်တစ်ခုကို ငါ ဖြည့်ဆည်းခဲ့တယ်နော်×××အရာရာ နှင့်အတွက် အမြဲတမ်း အသင့်ရှိခဲ့သူနော်×××

နှင် ဒါဆိုဒါ ငါ ခေါင်းလေးညိတ်လို့ နှင့်နံဘေးနားမှာ××× ကျောက်ရုပ်လေးလို အမြဲတမ်းရှိတာ ငါ××

နံနက်ခင်းအလင်းမှိန် နှင်းများကျချိန် ပြန်သတိရနေလို့×××

အရင်က နှင့်လက်လေးတွဲ လမ်းလျှောက်ဖူးတယ်နော်×××

နှောင်ကြိုး သီချင်းနားထောင်ရင်းပဲ မောင့်ကို သတိရနေမိပြန်သည်။ မောင်နဲ့ အတူတူသွားခဲ့လာခဲ့ဖူးတဲ့ အရိပ်တွေက မနေ့တစ်နေ့ကလိုပါ။

ခွန်းသိုက်ညိုက သီချင်းငါးပုဒ်တောင် ဆက်တိုက်ဆိုပြသွား

သည်လေ။ နောင်ကြီးက နားထောင်နေပြီး ဘာမှမပြောလေ
တော့။

"မမ"

"ဟင်"

"နောက်ထပ် ဘာသီချင်းနားထောင်ချင်သေးလဲ"

"တော်ပါပြီ…ခွန်းသိုက်ညို၊ မင်း ဘေလ်အရမ်းကုန်နေ
မယ်"

"ရပါတယ်…မမရဲ့၊ ကိုယ့်မမအတွက်ပဲ…ကျွန်တော်
မနှမြောပါဘူး"

"နောက်နေ့ဆိုပြဖို့ ချန်ထားဦးလေ"

"ကျွန်တော့်အသံကမကောင်းတော့ မမ နားမထောင်ချင်
တော့ဘူးထင်တယ်"

"မဟုတ်ပါဘူး…မင်းအသံက နားထောင်လို့ကောင်းပါ
တယ်"

"တကယ်လား…မမ"

"တကယ်ပြောတာပါ"

"ဟား…ပျော်ပြီဗျာ"

"ခွန်းသိုက်ညို"

"ဗျာ…မမ"

"မမ အလုပ်ရှိသေးလို့…ဒါပဲနော်"





"ဟုတ်ကဲ့ပါ မမ…see you နော်"

"see you ပါ"

ခွန်းသိုက်ညို ဖုန်းချသွားလေတော့ နောင်ကြီး ရေးလက်စ
ကဗျာလေးကို အဆုံးသတ်လိုက်သည်။

အချစ်တဲ့…

ခေါ်ရတာ နူးညံ့သလောက် နှလုံးသားကို နာကျင်စေပါ
သလားနော်။

# အခန်း (၁၂)

နှောင်ကြိုး မောင်နဲ့ လူချင်းမတွေ့ရတာ ကြာပါပြီ။ မောင့်ရဲ့ ဥပေက္ခာတွေကြောင့် နာကျင်ခံစားနေရပေမယ့် လွမ်းတာက သပ်သပ်ပါပဲ။ သိပ်ချစ်လွန်းတော့လည်း သည်းခံရမှာပေါ့လေ။ နှောင်ကြိုး မောင်နဲ့တွေ့ချင်သည်။ ပြတ်ပြတ်သားသား ဆုံးဖြတ်ရကောင်းမလား။

မဖြစ်နိုင်တော့ရင်လည်း…

လမ်းခွဲလိုက်ကြတာ အကောင်းဆုံးထင်ပါရဲ့။ ဒါကြောင့် နှောင်ကြိုး မောင့်ဆီသို့ ဖုန်းခေါ်လိုက်သည်။

“ဟယ်လို”

“မောင်”





“ပြောလေ…နှောင်ကြိုး”

“နေနိုင်လိုက်တာ မောင်ရယ်…ဖုန်းလေးတောင် ဆက်ဖော်မရဘူး”

“နှောင်ကြိုးကလည်း…မောင် ဘယ်မှာနေနိုင်လို့လဲ။ ညဘက်ဆို စာပို့နေတာပဲလေ။ စာပို့နေလို့ ဖုန်းမဆက်ဖြစ်တာပါ”

“အင်းပါ”

“နှောင်ကြိုး…ထမင်းစားပြီးပြီလား”

“စားပြီးပြီပေါ့…ဘယ်အချိန်ရှိနေပြီလဲ”

မေးတဲ့အချိန်က စကောစက ညနေ သုံးနာရီလောက်မို့ နှောင်ကြိုးအသံလေးက ဆောင့်ဆောင့်အောင့်အောင့် ဖြစ်သွားသည်ပေါ့။

“ရှုပ်များနေလားမသိဘူး”

“အဟဲ…ဘာပြောရမှန်းမသိလို့ မေးမိမေးရာ မေးလိုက်မိတာပါ နှောင်ကြိုးရဲ့”

ဘာပြောရမှန်းမသိလို့ဆိုတဲ့စကားကြောင့် နှောင်ကြိုးလည်ချောင်းထဲမှာ တစ်ဆို့ဆို့ ဖြစ်သွားရ၏။ မောင့်မှာ ပြောစရာစကား မရှိတော့ဘူးလား။ နှောင်ကြိုးမှာတော့ ပြောစရာစကားတွေ အများကြီးပါ။ ဒါပေမဲ့ မပြောတော့ပါဘူးလေ။

မျိုသိပ်လက်စနဲ့…

ဆက်မျိုသိပ်ထားတာ အကောင်းဆုံးပါပဲ။ ချစ်သူဖြစ်စ

ကတော့ စကားတွေ ပြောလို့မကုန်နိုင်ပေ။ အချစ်ဆိုတာ ကြာလေလေ အေးစက်သွားတတ်တဲ့အရာလား။

"မောင်"

"ပြောလေ"

"မောင့်မှာ နှောင်ကြိုးကို ပြောစရာစကား မရှိတော့ဘူးဆိုရင် မောင့်ရင်ထဲမှာ နှောင်ကြိုး မရှိတော့တာ သေချာသွားပြီ မောင်"

"ဟာ…အဲဒီလိုမဟုတ်ပါဘူး နှောင်ကြိုးရဲ့…မောင် နှောင်ကြိုးကို ချစ်ပါတယ်"

နှောင်ကြိုး မဲ့ပြုံးပြုံးလိုက်မိပြီး…

"ဟန်ဆောင်ရတာ မောင် ပင်ပန်းပါတယ်။ နှောင်ကြိုးတို့ ဖြတ်လိုက်ကြရအောင်…မောင်"

မောင့်ဘက်မှ ခေတ္တတိတ်ဆိတ်သွားလေသည်။ အတန်ကြာမှပဲ…

"နှောင်ကြိုးသဘောပါ…လက်ထပ်ဖို့ကိစ္စ မောင့်ဘက်က အချိန်အတိအကျ မပြောနိုင်တာ မောင့်လိုအပ်ချက်ပေါ့။ နှောင်ကြိုး စိတ်ချမ်းသာသလိုလုပ်ပါ"

မောင့်စကားက နှောင်ကြိုးရဲ့အရိုက်တည့်တည့်ကို လက်သီးနှင့် ထိုးနှက်လိုက်သလိုပါပဲ။ မျက်ရည်က ချက်ချင်းဝေတက်လာတော့သည်။ နှောင်ကြိုး စိတ်ချမ်းသာသလို လုပ်ပါတဲ့





သား။ အခုမှ နှောင်ကြိုးမှာ ရှေ့ထိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ်ပါ။

မောင့်ကို အရမ်းချစ်ပေမယ့်…

ရှေ့လည်းမတိုးသာ၊ နောက်လည်းမဆုတ်နိုင်ဖြစ်နေတာပေါ့။

"နှောင်ကြိုး…အသစ်ရှာမယ်ဆိုရင်လည်းရှာပါ။ မောင် အပြစ်မပြောပါဘူး"

"အသစ်ရှာရအောင် လွယ်သလား…မောင်"

"မောင်က နှောင်ကြိုး စိတ်ချမ်းသာဖို့ ပြောတာပါ။ မလွယ်မှန်းတော့ သိပါတယ်"

"မောင် ပြောထွက်ရက်လိုက်တာ။ (၂)နှစ်ကျော်တွယ်ခဲ့တဲ့ သံယောဇဉ်ကို မောင်က ဒီစကားနဲ့…ဟင့်"

နှောင်ကြိုး ဆက်မပြောနိုင်ပေ။ ဒါကြောင့် ဖုန်းချပစ်လိုက်တော့၏။ မောင်များ ဖုန်းခေါ်ပြီး အားပေးနှစ်သိမ့်ပေးမလား မျှော်လင့်မိပေမယ့် ဖုန်းလည်းမခေါ်၊ မက်ဆေ့ချ်တစ်ကြောင်းလည်း မပို့ပေ။ နှောင်ကြိုး ငိုလေတော့…

"မမ ဘာဖြစ်လို့လဲဟင်"

လင်းလက်အမေးကို နှောင်ကြိုး ခေါင်းပဲခါပြပြီး မျက်ရည်တွေသာ တရစပ်ကျနေတော့သည်။ အသစ်ရှာချင်လည်း ရှာပါတဲ့။ လွယ်လွယ်ပြောထွက်လိုက်တဲ့ ပါးစပ်။ အရင်တော့

နှောင်ကြိုးအသံလေးကို တစ်နေ့တစ်ခါမှ မကြားရရင် နေလို့မ ဘူးတဲ့။

အခုတော့…

နှောင်ကြိုးအသံက မောင့်အတွက် နားခါးစရာဖြစ်နေပြီလား မောင်ရယ်။

သမုဒ္ဒရာကြီးက ပြောတယ်×××ရေပြင်ကျယ်ဟာ သူ့ရဲ့ အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်×××စမ်းချောင်းလေး တွေကို ချစ်တယ်×××

ဖုန်းရိန်းတုန်းသံကြောင့် နှောင်ကြိုး မျက်ရည်တွေကိုသုတ် ပြီး ဖုန်းကို ကိုင်လိုက်သည်။ မောင်များလားပေါ့။ ပေါ်နေတဲ့ နာမည်ကို ကြည့်လိုက်တော့ မောင် မဟုတ်ပေ။ ခွန်းသိုက်ညိုပါ။

"ဟယ်လို"

"မမ…မမ ဘာလုပ်နေလဲ။ ဒီနေ့ မမနဲ့ စကားမပြော သေးတော့ ကျွန်တော် မနေတတ်ဘူးဖြစ်နေတာ။ ဘာလိုမှန်းမသိ ရင်ထဲမှာ တစ်ခုခု လိုနေသလိုပဲ။ ဟာတာတာကြီးနဲ့ဗျာ"

"မမ အလုပ်မအားလို့ပါ"

"ဟင်"

နှောင်ကြိုး အသံကို ထိန်းပြောနေတဲ့ကြားက ငိုသံပါသွား လေလျှင်…

"မမ…မမ ငိုနေတာလား။ ဘာဖြစ်လို့လဲ မမ"





"ဘာမှမဖြစ်ပါဘူး"

"ဟာ…ဘာမှမဖြစ်ဘဲနဲ့ မမ ဘာလို့ငိုမှာလဲ"

"ဒီလိုပါပဲ"

"မမ"

"ပြောပါ"

"ဘာပဲဖြစ်ဖြစ် ရင်ထဲပေါ့သွားအောင် ကျွန်တော့်ကို ရင်ဖွင့် ပါလားဗျာ"

"ဟင့်အင်း"

ခွန်းသိုက်ညို ခဏအသံတိတ်သွားပြီးမှ…

"မမ စိတ်ပြေလက်ပျောက်ဖြစ်အောင် ကျွန်တော် သီချင်း ဆိုပြမယ်လေ…မမ"

"ဟင့်အင်း…မဆိုပြပါနဲ့"

"ဒါဆို…ပုံပြင်ပြောပြမယ်"

"နားမထောင်ချင်ပါဘူး"

"ဒါဆို…ရယ်စရာပြောပြမယ်ဗျာ"

"မပြောပါနဲ့…ခွန်းသိုက်ညို၊ မမ အရမ်းခံစားနေရလို့ ရယ်နိုင်မှာမဟုတ်ဘူး"

"ဟူး"

ခွန်းသိုက်ညိုဘက်မှ လေကို မှုတ်ထုတ်သံကို ကြားလေ သည်။ အားတော့နာပါတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။

"မမက ပြောပြဆိုတော့လည်း ပြောမပြဘူး။ ကျွန်တော် တကယ်စိတ်မကောင်းဘူးဗျာ"

"ခွန်းသိုက်ညို"

"ဟုတ်ကဲ့"

"မမလေ"

"မမ အစ်ကိုနဲ့ အဆင်မပြေဘူးလား"

"ဟုတ်တယ်…ခွန်းသိုက်ညို…မမ သူနဲ့ လမ်းခွဲတော့မယ်"

"မမရယ်…"

ပြောရင်းမှ နှောင်ကြိုးဆီက ရှိုက်သံထွက်သွားလေသည်။

"ကျွန်တော် ဘယ်လိုနှစ်သိမ့်ပေးရမှန်းမသိတော့ဘူး။ မမသာ ပျော်မယ်ဆိုရင် ကျွန်တော် ဘာမဆို လုပ်ပေးချင်ပါတယ် မမ"

"ရပါတယ်…မမ ဘာမှမဖြစ်ပါဘူး"

"မငိုပါနဲ့ မမရယ်…ကိုယ့်အချစ်နဲ့ မထိုက်တန်လို့ လမ်းခွဲရတယ်လို့ပဲ သတ်မှတ်လိုက်ပါ။ မမနဲ့ထိုက်တန်သူ ရှိလာဦးမှာပါ"

ခွန်းသိုက်ညို နှစ်သိမ့်ပေးပေမယ့် နှောင်ကြိုးရဲ့ခံစားမှုက ပေါ့မသွားပေ။ နှောင်ကြိုး မောင့်ကို သိပ်ချစ်ခဲ့တာလေ။

"အင်းပါ…မမအတွက် စိတ်မကောင်းမဖြစ်နဲ့နော်။





အသည်းကွဲလို့ သေတဲ့သူ မရှိပါဘူးကွာ"

"အဲဒီလိုလုပ်စမ်းပါ မမရ…နေတတ်အောင်နေ… နောက်တော့ နေသားကျသွားမှာပါ"

နေသားမကျခင် လောလောဆယ် ခံစားရတာက မသက်သာလှပေ။

ဒီလိုမှန်းသိရင်…

နှောင်ကြိုး အစကတည်းက မောင့်ကို မချစ်ခဲ့ပါဘူးလေ။

# အခန်း (၁၃)

"မမ"

ခွန်းသိုက်ညို Account က စာဝင်လာသဖြင့်…

"ဟင်"

ဆိုတာပဲ ပြန်ပို့လိုက်လေလျှင်…

"ဟိ…ဟိ"

"ဟင်…ဘာရယ်တာလဲ"

"ရယ်စရာရှိလို့ပေါ့ မမရဲ့…ကျွန်တော် ပြောပြရမလား"

"အင်း…ပြောပြလေ"

"ကျွန်တော် ဒီနေ့ ညှော်လမ်းညွှန်လုပ်လိုက်တယ် သိလား စေတနာနဲ့ အခမဲ့လုပ်ပေးလိုက်တာ"





"ဟုတ်လား"

"ဟုတ်တယ်…အဲဒီလူက မေးတယ်"

"အင်း"

"ရပ်ကွက်လူကြီးအိမ် ဘယ်မှာလဲတဲ့"

"အင်း"

"ဘယ်ရမလဲ…ကျွန်တော် သင်္ချိုင်းကုန်းဘက် လက်ညှိုးထိုးပြလိုက်တယ်"

"ဟင်"

နှောင်ကြိုး သူမကိုရယ်အောင် ခွန်းသိုက်ညို တမင်စမှန်းသိလိုက်သဖြင့်…

"ခစ်…ခစ်"

ပြန်ပို့လိုက်တော့ သူကလည်း…

"ခစ်…ခစ်"

ပဲ ပြန်ပို့လေသည်။

"အဟွန်း…ရယ်နည်းကလည်း"

"ဘာဖြစ်လို့လဲ…မမ"

"ခစ်…ခစ်ဆိုတာ မိန်းကလေးရယ်တာလေ။ ယောကျ်ားလေးက ဟီးဟီးတို့…ဟားဟားတို့ ရယ်ရမှာကို"

"ဟုတ်လား"

"ဟုတ်တယ်"

“အာ…မမကလည်း စမီးက မိန်းဂလေး၊ အဲဒီလို
ရယ်မှာပေါ့လို့…ဟင့်”

“ခစ်…ခစ်”

“သွပ်ပြားကို မရယ်နဲ့…သိလား၊ စိတ်ကောက်လိုက်မှာ
နော်”

“ကောက်လေ…ကောက်ပါလား၊ တူနဲ့ထုပြီး ဖြောင့်ပေး
မှာပေါ့”

“တကယ်ရက်စက်တော့မှာလား…ဟင့်”

ခွန်းသိုက်ညိုက ရယ်စရာတွေပြော၊ တောင်စွန်ရေမရနှင့်
သရဲအကြောင်းပြော၊ ပုံပြင်ပြောနှင့် စိတ်ပြေလက်ပျောက်ရှိသလို
ပါ။ တစ်ခါတစ်ခါကျတော့လည်း သီချင်းဆိုပြ။ ပြီးတော့ ဟာသ
video လေးတွေ၊ ဟာသပုံလေးတွေလည်း ပို့ပေးလေသည်။

သူ့ကြောင့်…

နှောင်ကြိုးရဲ့စိတ်ခံစားမှုတွေ သက်သာရာရတယ်ပဲ ဆိုပါ
တော့။

“မမ”

“ပြောစေ”

“မမကို ကျွန်တော် မေးစရာရှိတယ်”

“မေးလေ”

“မမ ဟိုလူနဲ့ တကယ်ပြတ်ပြီလား။ သူ့ကို ချစ်နေသေး





လား”

“ဘာလို့မေးတာလဲ”

“သိချင်လို့ပါ…မမ”

“မမ သူ့ကို စိတ်နာတာပဲသိတယ်။ ကျန်တာတွေ မမေးပါ
”

“ဟုတ်ကဲ့ပါ”

ဟုတ်ကဲ့ပါရဲ့နောက်မှာ ထပ်ပို့တဲ့စာကတော့…

“ဟီ…ဟီ”

“ဟင်…ဘာရယ်တာလဲ”

“မမ ဟိုလူ့ဆီက ထောင့်ငါးရာ ပြန်ယူလိုက်တော့”

“ဟင်”

“ပြီးရင် ကျွန်တော့်ကိုပေး”

နှောင်ကြိုး စာကို နောက်တစ်ခေါက် ပြန်ဖတ်ပြီး မျက်ခုံး
လေးနှစ်ဖက် စုကျုံ့သွားလေသည်။ ဒီစကားက ဘာစကားလဲ။

“မမ”

“…………”

“ပေးမှာလား”

“မပေးဘူး”

“ပေးပါဆို”

“မပေးဘူးကွာ”

"ကျွန်တော် မမကို ပျော်ရွှင်အောင်ထားချင်တယ် မမ… မမ ပျော်မယ်ဆိုရင် ဘာမဆိုလုပ်ပေးချင်တယ်"

"ပြောတာပါပဲ"

"ဟာ…တကယ်ပြောတာ မမရဲ့…ကျွန်တော့်ကို မမ တွေ့ဖူးတဲ့ ယောကျ်ားတွေနဲ့ ရောပြီး မသတ်မှတ်ပါနဲ့"

"မင်းလည်း ယောကျ်ားပဲလေ"

"ယောကျ်ားပေမယ့် တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းမှ မတူကြတာ မမရဲ့…မမ ကျွန်တော့်ကို တစ်လတန်သည်… နှစ်လတန်သည် ချစ်ကြည့်…ဟိ…ဟိ"

"ဘာ"

ဒီကောင်လေး နှောင်ကြိုးကို ရည်းစားစကားပြောနေတာလား။ ရည်းစားစကား ပြောရမလားလို့ ပက်ပက်စက်စက်လည်း မပြောရက်ပေ။ သူ့ကြောင့် နှောင်ကြိုးရဲ့ခံစားမှုတွေ နည်းနည်းပေါ့သွားခဲ့တာမဟုတ်လား။

"မအော်ပါနဲ့ မမရယ်"

"စာနဲ့ပို့တာ မင်း မမအသံကို ကြားရလို့လား"

"ဘာဆိုတာ အော်တာလေ မမရဲ့"

"မင်း မမကို ရည်းစားစကားပြောနေတာလား"

"မဟုတ်ဘူး…မမ"

"ဟင်"





မဟုတ်ဘူးဆိုတော့ ကိုယ်ကပဲ တစ်ဖက်သတ်တွေးပြီး ရင်ခုန်မိသလိုပါလား။

"ရည်းစားစကားပြောတယ်ဆိုတဲ့ အသုံးအနှုန်းကို မသုံးပါနဲ့ မမရယ်…ပေါ့ပျက်ပျက်နိုင်လွန်းပါတယ်။ ကျွန်တော် မမကို လေးနက်စွာနဲ့ ပြောနေတာပါ။ မမကို ချစ်တာထက် ပိုတယ်။ မြတ်နိုးတယ်"

"ဟူး"

"မမ"

"ပြောပါ"

"ကျွန်တော် မမနဲ့ အပြင်မှာ တွေ့ချင်တယ်။ တွေ့ကြရအောင်…မမ…နော်"

"အင်း…တွေ့တာက တွေ့လို့ရပါတယ်"

"အဲဒါဆို ၁၅၀၀ ပေးနော်"

"၅၂၈ ပေးထားတယ်လေ"

"အဲဒါက သပ်သပ်ပေါ့…မမရဲ့၊ နောက်ထပ် ၁၅၀၀ ထပ်ပေး"

"မပေးဘူး…နောက်က သုညတစ်လုံးဖြုတ်ပြီး ၁၅၀ ပဲ ပေးမယ်"

ခွန်းသိုက်ညိုဘက်မှ ငြိမ်ချက်သားကောင်းသွားလေသည်။ နှောင်ကြိုးလည်း ဘာမှထပ်မရေးတော့ဘဲ ငြိမ်နေစဉ်…

"မမ"

"..........."

"၁၅၀ ဆိုလည်း ယူမယ်ဗျာ…ရသလောက်ပေါ့"

"ယူစေသတည်း"

နှောင်ကြိုး ပြောလိုက်တာ ခပ်ပေါ့ပေါ့လေးပါ။ မပေါ့တဲ့ လူအတွက် အဓိပ္ပာယ်ကတော့…





# အခန်း (၁၄)

ဖုန်းရိုန်းတုံးသံကြောင့် နှောင်ကြိုး အထည်ရောင်းနေရင်းမှ

"လင်းလက်ရေ…ဒီကို ခဏလာပါဦး"

"လာပြီ…မမ"

လင်းလက်နှင့် ဝယ်သူကိုထားခဲ့ပြီး နှောင်ကြိုး ဖုန်းကိုင်လိုက်သည်။ သြော်…မောင် ဆက်တာကိုး။ ဖြတ်လိုက်တော့မယ် ပြောပေမယ့် စိတ်က မနေနိုင်စွာ ဖုန်းကိုင်လိုက်မိသည်သာ။ ကိုင်ဘဲမှ မနေနိုင်ဘဲလေ။ မောင် ဘာပြောမလို့ပါလိမ့်။

"ဟယ်လို"

"ချစ်သူ…နေကောင်းလား"

"အင်း…ကောင်းပါတယ်"

"နှောင်ကြိုးကို မောင် တောင်းပန်မလို့ပါ"

"ဘာအတွက်လဲ"

"ဟိုတစ်ခါ မောင် စိတ်ညစ်နေလို့ ပြောမိပြောရာ ပြော လိုက်မိတာပါ။ အဲဒီအတွက် မောင် တောင်းပန်ပါတယ်။ မောင် နှောင်ကြိုးကို အရမ်းချစ်တယ်။ တကယ်တမ်းကျ မဆက်သွယ်ဘဲ မနေနိုင်ဘူး…နှောင်ကြိုး"

"သြော်"

"ဘာသြော်လဲ"

"ဘာမှမဟုတ်ပါဘူး"

"နှောင်ကြိုး အဲဒီကိစ္စကို စိတ်ထဲမှာ မထားနဲ့နော်။ မောင် နှောင်ကြိုးကလွဲရင် အခြားဘယ်မိန်းကလေးကိုမှ မချစ်ဘူး"

"ဒါနဲ့များ"

နေနိုင်လိုက်တာ၊ ပြောထွက်လိုက်တာလို့ နှောင်ကြိုး မပြော တော့ပါဘူး။ မောင် စိတ်မကောင်းဖြစ်သွားမှာစိုးလို့ပါ။

"နှောင်ကြိုး…မောင့်ကို စိတ်ဆိုးနေတာလား"

"စဉ်းစားကြည့်လေ…နှောင်ကြိုး ဘယ်လောက်ခံစားနေ လဲ မောင် မသိဘူးလား"

"ဆောရီးပါ…မောင် တကယ်တောင်းပန်ပါတယ်ကွာ… နော်"

"အင်းပါ…နောက် အဲဒါမျိုးမဖြစ်စေနဲ့"





"မောင်လည်း ခံစားရတာပါပဲ နှောင်ကြိုးရယ်"

"ဟုတ်လို့လား"

"တကယ်ပါဆို"

ပြောပြီး မောင်က ရယ်လေသည်။ မောင့်ရယ်သံလေးကို ကြားရတာ ကြာခဲ့ပြီလေ။ နှောင်ကြိုး မောင့်ကို ဘယ်လောက် ချစ်သလဲဆိုရင် မောင့်အတွက် ဘာမဆိုလုပ်ပေးဖို့ အဆင်သင့် ရှိနေသူပါ။

"နှောင်ကြိုး"

"ပြောလေ…မောင်"

"မောင့်ဖုန်းထဲမှာ ဘေလ်မရှိတော့ဘူး"

"ဟုတ်လား"

"ဟုတ်တယ်…ချစ်သူရဲ့"

သြော်…ဟုတ်မှာပေ့ါ။ နှောင်ကြိုး မောင့်ဖုန်းထဲကို ဘေလ် ဖြည့်မပေးဖြစ်တာ ကြာပြီလေ။

"အင်းပါ…နှောင်ကြိုး ဝယ်ပြီးထည့်ပေးမယ်နော်"

"အင်း…အရမ်းချစ်တယ်။ ဒါပဲနော်…မောင် ဖုန်းချလိုက် တော့မယ်"

"မောင်"

"ဟင်…ပြောလေ…နှောင်ကြိုး၊ ဘာပြောစရာရှိလို့လဲ"

"နောက်ကို အသစ်ရှာပါဆိုတဲ့စကား မပြောပါနဲ့နော်။

နှောင်ကြိုး မောင်ကလွဲရင် ဘယ်သူ့ကိုမှ အစားထိုးပြီး မချစ်နိုင်လို့ပါ''

''အင်းပါ…မောင်လည်း နှောင်ကြိုးကို ချစ်ပါတယ်''

''ပြီးတော့လေ''

''အင်း''

''နှောင်ကြိုး မောင်နဲ့ တွေ့ချင်တယ်''

''မောင် အလုပ်အားတဲ့နေ့ကျ တွေ့ကြမယ်လေ''

''ဘယ်နေ့လဲ…မောင်''

''အဆင်ပြေမယ့်နေ့ မောင် ဖုန်းဆက်လိုက်မယ်လေ''

''အင်းပါ''

နှောင်ကြိုး မောင့်အဖြေကို စိတ်ကျေနပ်မှုမရှိပေမယ့် ဘာတတ်နိုင်မှာလဲလေ။ ကိုယ်က မိန်းကလေးဆိုတော့ ကိုယ်ဖြစ်ချင်တာကို တောင်းဆိုလို့ မသင့်တော်ဘူးမဟုတ်လား။

ပြီးတော့…

မောင် စိတ်ခုသွားမှာစိုးလို့ပါ။





## အခန်း (၁၅)

ခွန်းသိုက်ညိုနဲ့ လူချင်းတွေ့ဖို့ သဘောတူထားကြပြီး တွေ့ခင်လေးမှာပဲ…

''မမ''

''ရှင့်''

''၁၅၀ ပေးလေ''

''ယူ…ယူ''

''ဟိ…ဟိ''

''ဟင်…ဘာကိုရယ်ပြန်တာလဲ''

''ဆေးလိပ်ဝယ်ဖို့မရှိလို့ မမ…အဲဒါ ၁၅၀ ထပ်ပေးပါလား။ စောစောက ၁၅၀ နဲ့ဆို ၃၀၀ လေ''

"ယူပာယ်…ယူ"

"တကယ်နော်"

"အင်း"

"မမကို အရမ်းချစ်တယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်ချင်လို့ ပြောနေတာလေ…မမ"

"မောင်နှမလို ခင်နေကြတာပဲ…အေးချမ်းပါတယ ခွန်းသိုက်ညို…မမ ယောကျ်ားတွေကို မယုံတော့ဘူး။ အချ ဆိုတာကိုလည်း မယုံတော့ဘူး"

မောင်နဲ့ ပြန်ပြီးအဆင်ပြေနေတဲ့အကြောင်းကို မပြောချင် ဘူးလေ။ အခု အဆင်ပြေနေပေမယ့် ဘယ်အချိန်မှာ ဘာဖြစ်ဦး မလဲဆိုတာကိုမှ မသိနိုင်တာ။

"ဟာ…မမကလည်း ယောကျ်ားတွေလို့ မပြောပါနဲ့။ မ တွေ့ဖူးတဲ့ ယောကျ်ားတွေထဲမှာ ကျွန်တော် မပါဘူး။ ကျွန်တော က မမကို မြတ်နိုးတာ"

"တော်ပါတော့ ခွန်းသိုက်ညို"

"မမ"

"…………"

"မမ တကယ်ပဲ ကျွန်တော့်အပေါ်မှာ မောင်နှမ သံယော ဇဉ်ထက် မပိုနိုင်တော့ဘူးလားဗျာ"





"ဟုတ်တယ်…မပိုနိုင်ဘူး"

"ကျွန်တော် ကံဆိုးလိုက်တာဗျာ။ အချစ်ရေးမှာ ကျွန်တော် ကံမကောင်းဘူး မမ"

ခွန်းသိုက်ညိုအပေါ်မှာ နှောင်ကြိုးသံယောဇဉ်တွယ်မိတာ အမှန်ပါပဲ။ မောင့်ကိုလည်း ကိုယ့်ဘက်က မပြတ်နိုင်လို့သာ နှုတ်ဆိတ်နေရတာ။ ယုံကြည်မှုမရှိတော့ပေ။ မောင်က နှောင်ကြိုး အပေါ်မှာ အေးစက်စက်နိုင်လွန်းပြီး ဥပေက္ခာပြုနေခဲ့တာလေ။

ခွန်းသိုက်ညိုကတော့ နွေးထွေးမှုတွေ ပေးပါသည်။ ဒါပေမဲ့ နှောင်ကြိုး မောင့်နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးပြီး ချစ်လို့မရ ပါဘူး။

"ကျွန်တော်နဲ့မမ နောက်တစ်ပတ် စနေနေ့မှာ တွေ့ကြရ အောင်…မမ"

"အင်း…တွေ့ကြတာပေါ့"

နှောင်ကြိုးလည်း ခွန်းသိုက်ညိုကို တွေ့ချင်ပါသည်။ ဒါ ကြောင့် လွယ်လွယ်ပဲ အင်းလိုက်ခြင်းပါ။ ခွန်းသိုက်ညိုက လူလိမ် လူညာတစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဖြစ်ရင်လည်း နှောင်ကြိုး ရှောင်တတ်တိမ်းတတ်သည်ပဲလေ။ မတွေ့ခင်အချိန် ထိ…

ဖုန်းဆက်ရင်ဖြစ်ဖြစ်…

စာပို့ရင်ဖြစ်ဖြစ် ခွန်းသိုက်ညိုက…

"မမ…၁၅၀ ပေးဦးလေ"

"ဟာ…ဘာလို့ အဲဒီ ၁၅၀ ကိုပဲ တောင်းနေတာလဲ။ အဲ
၁၅၀ ကို မင်း ဘာလုပ်လို့ရမှာလဲ"

"ရအောင်လုပ်ရင် ရတာပေါ့ မမရဲ့"

"ဘယ်လို"

"စတာပါ…ဟိ…ဟိ…အတည်"

"ဟွန့်"

"ဟင့်"

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး…၁၅၀ ပေးဆို"

"ပေးတယ်…ပေးတယ်"

"ပေးတာကလည်း စိတ်မရှည်သံကြီးနဲ့"

နှောင်ကြိုး ရွဲ့ချင်တာနှင့်ပဲ…

"အဲဒါဆိုလည်း လေသံပြောင်းပြောမယ်။ သေသေချာချာ
နားထောင်"

"အင်း…ပြော"

"ခွန်းရယ်…ခွန်းကိုလေ ခွန်းလိုချင်တဲ့ ၁၅၀ မမ ပေးပါ
တယ်နော်"

နှောင်ကြိုး လေသံကို တမင်ချွဲနွဲ့ဟန်နှင့် ပြောလိုက်တော့
ခွန်းသိုက်ညိုက ရယ်ကာ…





"ကျေနပ်တယ် မမ…ခွန်းလို့ခေါ်လိုက်တာ ကျွန်တော့်
ရင်ထဲ နွေးသွားတာပဲ"

"အမ်"

"နောက်လည်း အဲဒီလိုခေါ်နော်…မမကို အရမ်းချစ်တယ်၊
အာဘွား"

မြတ်စွာဘုရား…အခုမှ ငါးပါးခြောက်ပါးတွေ မှောက်ကုန်
ပြီထင်ပါရဲ့။ ကိုယ်ပြောလိုက်တိုင်း ဒီကောင်လေး အထကောက်
နေတော့ပါလား။ အာဘွားဆိုတော့ သူ မမြင်ပေမယ့် နှောင်ကြိုး
မျက်နှာလေး ရှက်သွေးဖြာသွားသည်သာ။

"မမ"

"…………"

"မမကို ကျွန်တော် ဂစ်တာတီးပြီး သီချင်းဆိုပြမယ်။ ခဏ
စောင့်နော်"

"အင်း"

ဂစ်တာတီးပြီး သီချင်းဆိုပြတတ်တဲ့ ခွန်းသိုက်ညိုနဲ့ သီချင်း
နားထောင်ရတာ ဝါသနာပါတဲ့ နှောင်ကြိုး…ဆက်ဆံရေးက
အပေးအယူမျှနေတော့သည်သာ။

"အဟမ်း"

ခွန်းသိုက်ညို ဖုန်းခေါ်ပြီး ချောင်းဟန့်ပြီးတဲ့နောက်မှာတော့
ဂစ်တာသံက စတင်ထွက်ပေါ်လာလေတော့သည်။ ပြီးတော့

သီချင်းသံလေးပေါ့။

ဒီလိုနဲ့ ဖြတ်သန်းခဲ့ရတဲ့နေ့ရက်တွေက တစ်ရက်ပြီးတစ်ရက် မဟုတ်လား။ တစ်ခါတလေ မောင် ဖုန်းခေါ်လို့ စကားပြောနေတဲ့ အချိန်မှာ ခွန်းသိုက်ညို ဖုန်းခေါ်လို့မရလေလျှင်…

"မမ…ကျွန်တော် ဖုန်းခေါ်နေတာ ကြာပြီ…မအားသေး ပါချည်းပဲ…ဘာလုပ်နေတာလဲဗျာ"

"သြော်…မအားသေးပါဆိုမှတော့ ဖုန်းပြောနေလို့ပေါ့ ခွန်းသိုက်ညိုရယ်"

"ဘယ်သူနဲ့ပြောနေတာလဲ"

"ပြောပြရင် မင်း သိမှာမို့လား…ဘယ်သူနဲ့ပဲပြောပြော မင်းအပူမပါဘူး"

"ပြီးရောဗျာ"

ဒါပဲပြောပြီး ခွန်းသိုက်ညို ဖုန်းချသွားလေတော့သည်။ သူလေးက စိတ်ကောက်တတ်သားပဲ။ မောင်ကတော့ အဲဒီလို မဟုတ်ပေ။ သဝန်တိုလေမလားလို့ စိတ်စမ်းကြည့်တိုင်း မောင် ချစ်သူကို ယုံတယ်။ နားလည်ပေးပါတယ်ဆိုတဲ့စကားပဲ ထွက် ထွက်လာတာ နေသာခံခက်ပါပဲ။

နှောင်ကြိုးက သဝန်တိုစေချင်လို့ ပြောပြတာလေ။ ဘယ်လို ပြောခဲ့သလဲဆိုရင်…

"မောင်"





"ဟင်"

"မောင့်ကို နှောင်ကြိုး ပြောစရာရှိတယ်"

"အင်း…ပြောလေ"

"ဟိုလေ…မောင်…နှောင်ကြိုးကို တစ်မျိုးမထင်ပါနဲ့ နော်။ နှောင်ကြိုးက မောင့်အပေါ် ဘာမှဖုံးကွယ်မထားချင်လို့ ပြောပြတာ"

"အင်းပါ"

"နှောင်ကြိုးကို ကောင်လေးတစ်ယောက်က ရည်းစား စကားပြောနေတယ်…မောင်"

"ဟုတ်လား…ဘယ်သူလဲ"

"သူ့နာမည်က ခွန်းသိုက်ညိုတဲ့"

"သြော်"

နှောင်ကြိုး ဘဝင်မကျ ဖြစ်သွားရလေသည်။ နှောင်ကြိုး မျှော်လင့်မိတာက မောင် ပျာပျာသလဲနှင့် သဝန်တိုတဲ့စကားတွေ ထွက်လာဖို့ပါ။ ဒါပေမဲ့ မောင်ကတော့ အေးစက်စက်၊ အပြုံး မျက်သည့်လေသံနှင့်ပါ။ တကယ်ချစ်ရင် သဝန်တိုကြတယ်တဲ့။

မောင် သဝန်မတိုတာ…

နှောင်ကြိုးကို တကယ်မချစ်လို့များလား။

"မောင်"

"…………"

"မောင် သဝန်မတိုဘူးလားဟင်"

"ဘာလို့ သဝန်တိုရမှာလဲ နှောင်ကြီးရဲ့…နှောင်ကြီး မောင့်ကိုချစ်တာ သိတယ်လေ။ အဲဒါကြောင့် မောင် နှောင်ကြီးကို ယုံတယ်"

"သြော်"

နှောင်ကြီးရဲ့ 'သြော်' ဆိုတဲ့အသံက တိုးလျလျရယ်ပါ။

"နှောင်ကြီး…မောင်နဲ့ ဘယ်တော့တွေ့ရမှာလဲ မောင်"

"လာမယ့်စနေ မောင် အားတယ်။ တွေ့ကြမယ်လေ"

"အင်းပါ"

လာမယ့်စနေ တွေ့ရဖို့ကို နှောင်ကြီး ပျော်ရမယ့်အစား ရင်ထဲမှာ မွန်းကျပ်နေသည်။ သဝန်မတိုတဲ့ မောင့်ကို ရွံ့ချင်စိတ်တွေက တဖွားဖွားပါပဲ။

"နှောင်ကြီးက သူ့ကို စိတ်ပါလို့လား"

"မပါပါဘူး"

"အဲဒါဆို ပြီးတာပဲလေ…နှောင်ကြီး မောင့်အပေါ် သစ္စာ ရှိနေရင် ပြီးတာပဲဟာ"

နှောင်ကြီးရဲ့နှုတ်ခမ်းလေး မဲ့ကနဲ ဖြစ်သွားလေသည်။ ခွန်းသိုက်ညီနဲ့လည်း လာမယ့်စနေတွေ့ဖို့ ချိန်းထားတာ။ မီးစင်ကြည့်ကရတော့မှာပေါ့။

အဟွန်း…





မောင် မသိလေရော့သလား မောင်…မိန်းမဆိုတာ ကြောင်လေးများလို လက်သာရာခင်တဲ့ အမျိုးအစားပါ။ နှောင်ကြီး လက်သာရာမခင်ဘဲ မောင့်ကို ချစ်မြဲချစ်နေဆဲပါ။ ဒါပေမဲ့ ရွံ့ချင်စိတ်ကလေးရှိတာတော့ အမှန်ပါပဲ။

နှောင်ကြီး…

စိတ်ကောက်ပြီး ဖုန်းချသွားတဲ့ ခွန်းသိုက်ညီကို ပြန်တွေးမိတော့ ပြုံးလိုက်မိပါသည်။

သူက…

သဝန်တိုတတ်တာလားလို့ပေါ့။

## အခန်း (၁၆)

"ဟူး"

အပြင်မှာ ခွန်းသိုက်ညိုကို မြင်လိုက်ရတော့ နောင်ကြ
လေကို မှုတ်ထုတ်ပြီး ခေါင်းခါလိုက်မိသည်။

"မမ"

ခွန်းသိုက်ညိုက နောင်ကြီးကို ရယ်ပြပေမယ့် နောင်ကြ
မပြုံးနိုင်ပေ။

"မမ"

နောင်ကြီး မေးဆတ်ပြပြီး ထူးဟန်ပြုလေတော့…

"၁၅၀ ပေး"

"လာပြန်ပြီ‥ဒီ ၁၅၀၊ ဘာလို့ အဲဒီ ၁၅၀ ကိုပဲ ခဏခ
တောင်းနေတာလဲ"





"အာ…မမကလည်း စိတ်မရှည်သံကြီးနဲ့…အသုံးလိုလို့
တောင်းနေတာပေါ့ မမရဲ့"

"မမပေးတော့ မင်း တကယ်သုံးလို့ရလို့လား"

"အင်း…ရတာပေါ့၊ ရတဲ့နေရာမှာ ရတယ်လေ…မမကို
ချစ်လို့တောင်းတာ"

"ဟင်"

ဘာဆိုင်လို့လဲလို့ နောင်ကြီး မျက်မှောင်ကြုတ်၍ သူ့ကို
ကြည့်လိုက်မိသည်။ သူ ဘာလို့ ဒီ ၁၅၀ ကိုပဲ အသည်းအသန်
အခဏ တောင်းနေတာလဲ။ နောင်ကြီး နားမလည်နိုင်တော့ပေ။
နောင်ကြီး မျက်နှာလွှဲလိုက်ပေမယ့် သူက နောင်ကြီးမျက်နှာကိုပဲ
လိုက်ကြည့်ကာ…

"မမကလည်း ၁၅၀ ပေးပါဆို"

"ပေးတယ်ကွာ…ပေးတယ်"

နောင်ကြီး စိတ်မရှည်သလို ပြောတာကိုပဲ ခွန်းသိုက်ညိုက
ရယ်လေသည်။ ခွန်းသိုက်ညိုက နောင်ကြီး မြင်ဖူးထားတဲ့ဓာတ်ပုံ
ထဲမှာနဲ့ အပြင်မှာက တခြားစီပါပဲ။ ဓာတ်ပုံထဲမှာက အသားညို
သလိုထင်ရပြီး ရင့်နေတဲ့ပုံပေါက်ပေမယ့် အပြင်မှာကျတော့ ဖြူနု
နေသည်။

ရယ်လိုက်တဲ့ နှုတ်ခမ်းသားရဲရဲလေးက ရင်ခုန်ချင်စရာ
ကောင်းပေမယ့် သူချောတာကိုကြည့်ရင်းပဲ ရွက်ကြမ်းရည်ကျို

ရုပ်ရည်ပိုင်ရှင် မောင့်မျက်နှာကိုပဲ မြင်ယောင်မိပါသည်။ နှောင်ကြိုး မောင့်ကို အရမ်းချစ်တယ်။

"မမ"

"............"

"ဟိုခုံတန်းလေးမှာ သွားထိုင်ရအောင်"

"အင်း"

နှောင်ကြိုး စိတ်မပါသလိုဖြေပြီး ခုံတန်းလေးဆီသို့ လျှောက်လာခဲ့သည်။ နှစ်ယောက်အတူ ထိုင်မိကြတော့...

"မမ"

"ဟင်"

"ဒီတစ်ခါ ၁၅၀ မတောင်းတော့ဘူးဗျာ။ ၃၀၀ ပေး... နောက်ဘယ်တော့မှ ထပ်မတောင်းတော့ဘူး"

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာလေ"

"ဟား"

"ပေးနော်...မမ"

"ကဲ...ယူကွာ...ပေးတယ်"

"ဟီ...ဟီ"

"ဘာရယ်တာလဲ"

"ဘာရယ်ရမှာလဲ...အခုပဲ မမနဲ့ကျွန်တော် ချစ်သူဖြစ်သွားကြပြီလေ"





"အင်"

နှောင်ကြိုး အလန့်တကြားပုံစံနှင့် ခွန်းသိုက်ညိုကို ကြည့်လိုက်တော့ သူက မျက်ခုံးလေးပင့်ကာ..

"မမဆီက ၁၅၀ တွေတောင်းနေတာ အလကားမှမဟုတ်ဘဲ မမရဲ့...အခု ၁၅၀၀ ပြည့်သွားပြီလေ။ အဲဒီတော့ မမနဲ့ ကျွန်တော် ချစ်သူဖြစ်သွားပြီပေါ့"

"ဟာ...ဘာဆိုင်လို့လဲ"

"မမ"

"..............."

"မမ လူကြီးပီပီ ကတိတည်နော်။ မမက ကဗျာတွေ ရေးနေတဲ့ စာပေသမား၊ စာပေသမားဆိုတာ ကတိတည်ရတယ်"

"ဟင်"

"မမကို အရမ်းချစ်တယ်"

ပြောပြီး ခွန်းသိုက်ညိုက နှောင်ကြိုးပခုံးလေးကို ဖက်လေတော့ နှောင်ကြိုးကိုယ်လေး တောင့်မတ်သွားလေသည်။

"မမရော မောင့်ကို ချစ်တယ်မဟုတ်လား။ ချစ်တယ်မဖြေရင် နှုတ်ခမ်းကို နမ်းမှာနော်"

"ဟာ"

နှောင်ကြိုး တကယ်လန့်သွားရသည်သာ။ မောင်နဲ့တုန်းက

ပခုံးလေးဖက်၊ ပါးလေးပဲ နမ်းဖူးတာလေ။ အခု သူက နှုတ်ခမ်း
တဲ့။ ကျောပင်ချမ်းလာသလိုပါ။ ပြီးတော့ သူ့ကိုယ်သူ မောင်တဲ့

ဟင့်အင်း…

နှောင်ကြိုး…နှောင်ကြိုး…သိပ်ချစ်တဲ့မောင်ကလွဲပြီး အခြားသူကို မောင် မခေါ်နိုင်ပါဘူး။

"ပြောလေ…မမရဲ့"

"ဘာပြောရမှာလဲ"

"မောင့်ကို ချစ်တယ်လို့ပေါ့"

"ဟင့်အင်း"

"မပြောရင် တကယ်နမ်းမှာနော်"

"အာ"

ပြောရင်း ခွန်းသိုက်ညို မျက်နှာရှေ့တိုးလာလေတော့…

"ချစ်တယ်…ချစ်တယ်"

"တကယ်နော်"

"အင်း"

"မမဖြေပုံက တိုတိုပြတ်ပြတ်ကြီးဗျာ…မရဘူး…ပြန်ပြော မောင့်ကို ချစ်တယ်လို့"

"ခွန်းသိုက်ညို"

"ဟာ…မမ ဘယ်လိုခေါ်နေတာလဲ၊ မောင်လို့ ခေါ်ပါဆို"

"မခေါ်ဘူး…အဲဒါတော့ မမကို ခွင့်လွှတ်ပါ။ မမ မောင်





လို့တော့ ဘယ်တော့မှ ခေါ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ…မမ"

"မမ ဟိုတစ်ယောက်ကို အဲဒီလိုခေါ်တာ"

"ဟင်"

ခွန်းသိုက်ညို မျက်နှာပျက်သွားလေသည်။ နှောင်ကြိုး ပခုံးကို ဖက်ထားတဲ့လက်ကလည်း ပြေလျော့သွားလေတော့၏။ သူတို့ အခုထိုင်နေတာ ပြည်သူ့ရင်ပြင်ထဲက ခုံတန်းလေးမှာမို့ နှောင်ကြိုး ဖြတ်သွားဖြတ်လာတွေကို လိုက်ကြည့်နေမိသည်။

ခွန်းသိုက်ညိုကို ချစ်တယ်လို့ ဖြေလိုက်မိတဲ့အတွက် နှောင်ကြိုး စိတ်မလုံပေ။ မောင့်အပေါ် သစ္စာမရှိရာရောက်နေပြီလား။

"ဟိုတစ်ယောက်ကို ခေါ်ခဲ့တော့ရော ဘာဖြစ်မလဲ…မမ၊ မမနဲ့သူနဲ့ ဘာမှမဆိုင်တော့ဘူးလေ။ ပြတ်သွားပြီပဲဟာ…မမမှာ နောက်ထပ် မောင်ခေါ်ခွင့်ရှိနေတာပဲ။ အခေါ်ချင်းတူရင်တောင် လူချင်းမှ မတူတာ။ ကျွန်တော် ရဲရဲကြီး ပြောရဲတယ်။ ကျွန်တော်က မမကို အဲဒီလူထက် ပိုချစ်တဲ့ကောင်"

"ဟင့်အင်း…မမ နောက်ထပ် ဘယ်သူ့ကိုမှ မောင်လို့ မခေါ်ဘူး"

"မမနဲ့ကျွန်တော် ချစ်သူတွေဖြစ်နေပြီလေ။ အခေါ်လေးတော့ ပြောင်းမှပေါ့ဗျာ"

ချစ်သူဖြစ်ပြီတဲ့လား။ နောင်ကြီးဘက်က ချစ်သူ
တစ်ယောက်လိုမှ သူ့အပေါ် ခံစားလို့ မရဘဲလေ။ ဒါ မင်းဘက်
က တဖက်သတ် သတ်မှတ်လိုက်တာပါဆိုတဲ့ စကားကိုလည်း
ပြောမထွက်ပြန်။ နောင်ကြီး ဘာဖြစ်နေတာလဲ။ နောင်ကြီးစိတ်
တွေ ဘာလို့မပြတ်သားနိုင်ပါလိမ့်နော်။

ခွန်းသိုက်ညိုကို သံယောဇဉ်ကြောင့် ပွင့်ပွင့်လင်းလင်း
ဝန်မခံရဲတာလား။

"မောင်လို့တော့ မခေါ်ဘူး... ခွန်းလို့ပဲ ခေါ်မယ်။
မကျေနပ်လည်း မတတ်နိုင်ဘူး"

"ရပါတယ်...မမသဘောပါ၊ ခေါ်ချင်သလိုခေါ်...
ချစ်တယ်ဆိုတဲ့စကားကိုလည်း မမစိတ်ပါမှ ပြောပါ။ ကျွန်တော်
က မမကို ချစ်မိနေတဲ့ကောင်ဆိုတော့ စိတ်ရှည်ရမှာပေါ့"

နောင်ကြီး ခွန်းမျက်နှာကို ဖျတ်ကနဲသာ ကြည့်လိုက်ပြီး
ချက်ချင်း မျက်နှာပြန်လွှဲပစ်ကာ...

"မင်း...မမကို စိတ်မပျက်ဘူးလား"

"ဘာကို စိတ်ပျက်ရမှာလဲ...မမ"

"မမက မလှဘူးလေ။ ခွန်းက ချောတယ်။ မမနဲ့ ယှဉ်သွား
ရင် လိုက်မှမလိုက်ဖက်တာ"

"ဟား...ဘာဆိုင်လို့လဲ မမရာ...ကျွန်တော်က လှတဲ့
မိန်းကလေးကိုမှ ရွေးချစ်ရမှာလား။ မဆိုင်ပါဘူး...ကိုယ်ချစ်ချင်





တဲ့သူကို ချစ်မှာပဲ။ ဘာလဲ...မမက အားငယ်နေတာလား"

"မဟုတ်ပါဘူး"

"ကျွန်တော့်ကို ချောတယ်လို့ပြောတာ မမတစ်ယောက်ပဲ
ရှိသေးတယ်။ ကျွန်တော် မချောပါဘူး မမရဲ့...ဝတ်တတ်စား
တတ်လို့ ကြည့်ကောင်းနေတာပါ"

ပြောပြီး ခွန်းသိုက်ညိုက နောင်ကြီးရဲ့ပခုံးလေးပေါ်သို့
မေးတင်လေလျှင်...

"ခွန်း...ခဏနော်...မမ တွိုင်းလက် ဝင်ချင်လို့"

"ကျွန်တော် လိုက်ခဲ့ရမလား"

"ဟာ...ဘာလိုက်လုပ်မှာလဲ...မလိုက်နဲ့"

နောင်ကြီး မျက်စောင်းထိုးခဲ့ပြီး ဘောက်ဆတ်ဆတ်
ခြေလှမ်းများနှင့် ထွက်လာခဲ့တော့သည်။ တကယ်တော့
နောင်ကြီး ခွန်းကို ညာခဲ့တာပါလေ။ နောင်ကြီး ငိုချင်နေသည်။
နောင်ကြီး မျက်ရည်ကျတာကို ခွန်းမြင်ရင် ဘယ်လိုနေမလဲ။

ခွန်းကို မမြင်စေချင်ပါဘူး။

ဒါကြောင့် လှည့်ပတ်ပြောပြီး ထွက်လာခဲ့တာပါ။ ခွန်း
မမြင်နိုင်တဲ့နေရာကိုရောက်မှ နောင်ကြီး ဖုန်းကိုဖွင့်ကာ Viber
ကနေ မောင့်ဆီသို့ စာပို့ထားလိုက်သည်။ ပို့ထားတဲ့စာတွေ
ကတော့...

"မောင်...မောင်...မောင်"

ဆိုပြီး မောင်တွေ အများကြီးရေးပြီး ပို့နေမိတာပါ။ ပြီးတော့ မောင့်ကို အရမ်းချစ်တယ်ဆိုတာကို စိတ်ရှိလက်ရှိ ရေးမိတာ အများကြီးပေါ့။

မောင့်ဘက်ကတော့…

ညဘက် နောက်နေ့ည နှောင်ကြိုးနဲ့ စာပို့၊ ဖုန်းဆက်ဖြ သည့်တိုင် ဘာကြောင့် ဒီလိုတွေ ရေးထားလဲလို့ တစ်ခွန်းမှ မမေး ခဲ့ပေ။





# အခန်း (၁၇)

ခွန်းနဲ့တွေ့တဲ့နေ့က မောင်နဲ့လည်း အချိန်လွဲပြီး ချိန်းခဲ့ပေမယ့် မနက်အစောကြီးကတည်းက မောင် ဖုန်းဆက်တယ်လေ။ အရေးကြီးတဲ့ကိစ္စပေါ်လာလို့ မောင် မလာဖြစ်ဘူးတဲ့။ ဒါကြောင့် နှောင်ကြိုး ခွန်းနဲ့ စိတ်အေးလက်အေး တွေ့လို့ရပြီး မောင့်ဆီ စာတွေပို့ခဲ့တာပါ။

ပို့ထားတဲ့စာတွေကိစ္စ မမေးဘဲနဲ့…

မောင်က သူ့ရဲ့ပျက်ကွက်မှုအတွက်ပဲ တောင်းပန်ခဲ့သည်လေ။ နောက်တစ်ပတ်မှ မောင်နဲ့ တွေ့ဖြစ်ကြတော့…

"မောင်"

ခေါ်လိုက်တော့ မောင်က နှောင်ကြိုးပခုံးကို ဖွဖွဖက်လိုက်ပြီး…

"ချစ်သူ…ဘာပြောမလို့လဲ…ပြောလေ"

"နှောင်ကြိုး မောင့်ကို ဝန်ခံစရာရှိတယ်"

"ဘာများလဲ"

"နှောင်ကြိုးက အမှားတစ်ခုလုပ်မိရင် ဝန်ခံရဲတဲ့သတ္တိရှိတယ်။ နှောင်ကြိုး အမှားတစ်ခု လုပ်မိတယ်…မောင်၊ အဲဒီအတွက် မောင် ကြိုက်သလို ဆုံးဖြတ်ပါ"

"ဟင်"

မောင်က နှောင်ကြိုးကို အပြုံးမပျက်နှင့် ကြည့်ကာ…

"ဘာများလဲ နှောင်ကြိုး"

"နှောင်ကြိုးလေ"

"အင်း"

"ခွန်းသိုက်ညိုကို အဖြေပေးသလို ဖြစ်သွားပြီ…မောင်၊ နှောင်ကြိုးရဲ့စကားအမှားကြောင့် သူ့ဘက်က ချစ်သူဖြစ်ပြီလို့ တဖက်သတ် သတ်မှတ်ခံလိုက်ရတာပါ။ အဲဒီအတွက် နှောင်ကြိုးမှာ အပြစ်ရှိပါတယ်။ မောင် ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့"

နှောင်ကြိုးရင်ထဲမှာ တင်းကျပ်နေသည်။ ဒါ နှောင်ကြိုး မောင့်ကို ထွက်ပေါက်ပေးလိုက်တယ်ဆိုရင်လည်း မမှားပါဘူး။ မောင် နှောင်ကြိုးကို ဥပေက္ခာပြုတာတွေ များလာပြီလေ။





နှောင်ကြိုးကို မချစ်တော့ဘူးဆိုရင် နှောင်ကြိုးကို အပြစ်ဖို့ပြီး သွားခဲ့နိုင်အောင်လို့ပေါ့။

နှောင်ကြိုးကတော့…

ရင်ကွဲပက်လက်နဲ့ ကျန်ခဲ့မှာပါ။ မောင် တွေကနဲ ဖြစ်သွားပြီးမှ…

"နှောင်ကြိုးက သူ့ကို တကယ်ချစ်ရဲ့လား"

"မချစ်ပါဘူး"

"အဲဒါဆို ပြီးတာပဲလေ…နှောင်ကြိုးက သူ့ကို တကယ်ပြန်ချစ်တာမှမဟုတ်တာ။ မောင် နားလည်ပေးနိုင်ပါတယ်"

"မောင် နှောင်ကြိုးကို စိတ်မဆိုးဘူးလား"

"ဘာလို့စိတ်ဆိုးရမှာလဲ နှောင်ကြိုးရဲ့…နှောင်ကြိုးက သူ့ကို တကယ်ချစ်တာမှ မဟုတ်တာ"

"သြော်"

မောင့်စိတ်က ဘယ်လိုပါလိမ့်။ နားလည်ရခက်လိုက်တာ။ သူများတွေ ချစ်လို့ သဝန်တိုတယ်တဲ့။ မောင်ကတော့ သဝန်တိုခြင်း အလျဉ်းမရှိပါလား။ ဒါဆို မောင် နှောင်ကြိုးကို တကယ် မချစ်လို့လား။

"ခွန်းသိုက်ညိုက အရမ်းချောတယ်…မောင်"

"ဟုတ်လား"

"ဟုတ်တယ်…မောင် သဝန်မတိုဘူးလား"

"သဝန်တိုတယ်ဆိုတာ မကောင်းဘူး…နှောင်ကြိုးရဲ့ ပူလောင်တယ်လေ။ မောင်က နှောင်ကြိုးကို နားလည်ပေးတာပါ။ အဲဒါ နှောင်ကြိုးကို ယုံကြည်လို့ပေါ့"

စကားက တုပ်ပြီးချုပ်ပြီးပါလား။

"မောင် နှောင်ကြိုးကို ဘယ်တော့ လက်ထပ်မှာလဲ"

နှောင်ကြိုး ခပ်ပြတ်ပြတ်ပဲ မေးလိုက်လေတော့ မောင် သက်ပြင်းချပြီး ဖြေလိုက်တာက…

"မောင် မပြောတတ်ဘူး"

"ဟင်…အခုထိ မပြောတတ်သေးဘူးလား မောင်"

"ဟုတ်တယ်…နှောင်ကြိုး၊ နှောင်ကြိုးက ပြောထားတယ်လေ။ မောင်နဲ့ လက်ထပ်ပြီးရင် မောင်က နှောင်ကြိုးအိမ်မှာ လိုက်နေရမယ်တဲ့။ မောင့်မိဘတွေက မောင့်ကို မခွဲနိုင်လို့ မထည့်ချင်ဘူးဖြစ်နေတာ"

နှောင်ကြိုးရင်ထဲမှာ ကျင်ကနဲ ဖြစ်သွားလေသည်။

"ဒါဆို လက်မထပ်နိုင်ဘူးဆိုတဲ့သဘောပေါ့"

"မောင် ဘာပြောရမှန်းကို မသိတော့ပါဘူး နှောင်ကြိုးရယ်။ နှောင်ကြိုး ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့"

"အဟွန်း"

နှောင်ကြိုး မချိပြုံး ပြုံးလိုက်မိတော့၏။ မချိလို့ သွားဖြ ရယ်တယ်လို့ မမှတ်နဲ့ဆိုတာမျိုးပေါ့။





"ကောင်းပြီလေ…ဒါဆို မောင်နဲ့နှောင်ကြိုး လမ်းခွဲလိုက်ကြရုံပဲရှိတော့တာပေါ့။ မိဘကိုချစ်လို့ မိဘကို ဦးစားပေးတဲ့ …တ်ဓာတ်ကိုတော့ လေးစားပါတယ် မောင်…နှောင်ကြိုးက မိဘ …ရှိတော့ မိဘဆိုတာကို တန်ဖိုးထားတယ်။ ကိုယ်ချင်းလည်း …ပါတယ်။ ချစ်ပါ…မောင့်မိဘကို မောင် ချစ်ပါ။ ဒါပေမဲ့ …ရွယ်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်က ကိုယ်ပိုင်ဆုံးဖြတ် …ိုင်ခွင့်မရှိတာကိုတော့ အထင်သေးတယ်"

"ပြောပါ…နှောင်ကြိုး ကြိုက်သလိုသာ ပြောပါတော့"

"ကျွန်မ သိသွားပြီ ကိုမင်းစေသော်…ရှင် ကျွန်မကို …တကယ်မချစ်ဘူးဆိုတာကိုပေါ့"

"မဟုတ်ဘူး…နှောင်ကြိုး၊ မောင် နှောင်ကြိုးကို တကယ် …ချစ်တာပါ"

"တော်ပါတော့ ကိုမင်းစေသော်…အဲဒီစကားနဲ့ ကျွန်မကို …ကြိုးရှည်ရှည်နဲ့ ဆက်မလှန်ပါနဲ့တော့။ ကျွန်မ သုံးနှစ်လုံးလုံး …စောင့်ခဲ့ပြီးပြီ။ ချစ်လွန်းလို့ သည်းခံခဲ့တဲ့ အတိုင်းအတာ လွန်သွား …ပြီပဲလေ။ ကျွန်မကို အပြစ်မတင်ပါနဲ့။ ရှင်နဲ့ကျွန်မ လမ်းခွဲလိုက် …ကြရအောင်"

"နှောင်ကြိုးသဘောပါ…မောင့်ဘက်ကတော့ ဒါပဲပြော …တတ်တယ်"

နှောင်ကြိုး မျက်ရည်တွေဝေ့တက်လာသည်။ မောင်ပြော

လိုက်သမျှစကားတွေက ပေါ့ပျက်ပျက်နိုင်လွန်းလှသည်လေ။ နှောင်ကြိုး ရင်ဘတ်တွေအောင့်လာသည်အထိ ခံစားရပြီပေါ့။

"မဖြစ်နိုင်မှန်းသိရင် ကိုမင်းစေသော် အစကတည်းက ပြောသင့်တယ်။ ကျွန်မက စက်ရုပ်မဟုတ်ဘူး ကိုမင်းစေသော်။ နှလုံးသားနဲ့ တည်ဆောက်ထားတဲ့လူပါ။ ခံစားတတ်တယ်… နာကျင်တတ်တယ်"

"မောင် တောင်းပန်ပါတယ် နှောင်ကြိုးရယ်၊ မောင်လေ"

"တော်တော့"

မျက်ရည်တွေကြားမှ မင်းစေသော်ကို နှောင်ကြိုး ကြည့်လိုက်တဲ့အကြည့်တွေက စူးစူးရဲရဲပါ။

"ရှင်နဲ့ ကျွန်မရဲ့ဇာတ်လမ်း ဒီနေ့ပဲ ပြီးဆုံးသွားပြီ… နှုတ်ဆက်ပါတယ်"

ပြောပြီး နှောင်ကြိုး သူ့ရှေ့မှ ပြေးထွက်လာခဲ့တော့သည်။ ခြေထောက်တွေက ပြေးထွက်လာခဲ့ပေမယ့် အရမ်းချစ်တတ်တဲ့ နှလုံးသားကတော့ ဗုန်းဗုန်းသာ လဲကျကျန်ရစ်ခဲ့ပါပြီ။





# အခန်း (၁၈)

"အား…ကျွတ်…ကျွတ်"

နှောင်ကြိုး မတတ်နိုင်တော့သဖြင့် ခြေထောက် ထော့နဲ့ထော့နဲ့နှင့်ပင် မျက်နှာလေး ရှုံ့မဲ့ကာ ညည်းတွားလေလျှင် ခွန်းသိုက်ညိုက နှောင်ကြိုးခြေထောက်ကို ငုံ့ကြည့်ပြီး…

"တော်တော်နာနေလား မမ"

"အင်း…နာတာပေါ့။ အဖုပေါက်ပြီး ပြဲထွက်နေပြီ"

"ဖိနပ် ခဏချွတ်လိုက်"

"ဘာလုပ်မလို့လဲ"

"ဪ…ခဏချွတ်လိုက်ပါဆို"

နှောင်ကြိုး ဖိနပ်ချွတ်လိုက်တော့ ဖိနပ်သဲကြိုးနေရာမှာ ခြေနှစ်ဖက်လုံး ရဲနေသည်လေ။ ညာဘက်ခြေခုံက ပိုဆိုးသေး။ အနာတောင်ဖြစ်နေပြီ။ နှောင်ကြိုးအကျင့်က ဖိနပ်အသစ်ဝယ်စီး

တိုင်း ဖိနပ်ပေါက်တတ်တာလေ။ အခုလည်း ဖိနပ်က မနေ့က ဝယ်လာပြီး ဒီနေ့ စစီးဖြစ်တာပါ။

"ခြေခုံတွေရဲနေပြီ…မမ ဖိနပ်ကို လွှင့်ပစ်လိုက်ဗျာ"

"ဟာ…ဘယ်ဖြစ်မှာလဲ…လွှင့်ပစ်တော့ ဘာသွားစီးမလဲ"

"လွှင့်ပစ်လိုက်စမ်းပါ…ကျွန်တော် ဒီထက်ကောင်းတဲ့ဖိနပ် အသစ်ဝယ်ပေးမယ့်"

"ဘာလို့ လွှင့်ပစ်ရမှာလဲ…မပစ်ပါဘူး။ မမကြိုက်လို့ ဝယ်စီးတာကို"

"လွှင့်ပစ်လိုက်စမ်းပါ မမရာ…မမဖိနပ်က ဘယ်လောက် တန်လို့လဲ။ ကျွန်တော် ဒါထက်တန်ဖိုးကြီးတာ ဝယ်ပေးပါ့မယ် ဆို"

"မပစ်ဘူး"

"မမ"

"………."

"လွှင့်ပစ်လိုက်ဆိုနော်"

"မပစ်ပါဘူးဆို"

"ပစ်ဗျာ"

"နေပါဦး… မင်းက ဘာလို့ ဒီဖိနပ်ကို လွှင့်ပစ်ခိုင်းနေ တာလဲ"





"အမြင်ကတ်လို့"

ဖြေပုံက တိုတိုပြတ်ပြတ်ပါ။ ဘာကြောင့် အမြင်ကတ်တာလဲလို့ နောင်ကြီး ထပ်မမေးတော့ပါဘူး။ ဒီဖိနပ်က နောင်ကြီး ခြေထောက်ကို ဒဏ်ရာရအောင်လုပ်လို့ အမြင်ကတ်တယ်ဆိုတဲ့ သဘောလေ။ ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ်ဖွင့်ပြီး နောင်ကြီး ခွန်းကို သနားသလိုလိုပါ။

ခွန်းက စိတ်ဆတ်ပေမယ့်…

ချစ်သူအပေါ်မှာတော့ ဂရုစိုက်လွန်းသူ၊ နွေးထွေးမှုပေးနိုင်လွန်းသူပါ။ နောင်ကြီးရင်ထဲမှာ နင့်ကဲဖြစ်သွားပြီး ဝေ့ဝဲချင်လာသော မျက်ရည်ကို စိတ်တင်း၍ ထိန်းလိုက်ရသည်။ မောင်သာ နောင်ကြီးအပေါ်မှာ ခွန်းလောက် ဂရုစိုက်ပြီး နွေးထွေးမှုတွေ ပေးရင် ဘယ်လောက်ကောင်းလိုက်မလဲလို့လည်း တွေးမိသွားတာပါ။

ငါးပိကောင်ဖြစ်တောင် ဖင်တစ်ပိုင်းလှုပ်တုန်းဆိုတာ နောင်ကြီးလိုလူမျိုးကို ပြောတာဖြစ်မှာပေါ့။ အခုချိန်ထိ မောင့်ကို သတိရတမ်းတလွမ်းဆွတ်နေတုန်းပဲလေ။

"မမ…လွှင့်ပစ်လို့ပြောနေတယ်နော်"

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"ချွတ်…အဲဒီဖိနပ်…ခုချွတ်"

နောင်ကြီး ပေကပ်၍ ရပ်နေလေလျှင် ခွန်းက ခါးကြားမှာ

ထိုးထားတဲ့ ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး ဖွင့်လိုက်ကာ…

"ဒီမှာတွေ့လား…ပိုက်ဆံအပြည့်ပါတယ်။ မမ ဘာဝယ်ချင်လဲ…ဘာစားချင်လဲသာပြော"

"မလိုပါဘူး…ဘာမှမလိုချင်ဘူး။ ဘာမှလည်း မစားချင်ဘူး"

"မမ"

"…………"

ခွန်းက နောင်ကြီးရှေ့မှာ ထိုင်ချလိုက်ပြီး နောင်ကြီးခြေထောက်က ဖိနပ်ကို ဆွဲချွတ်လေသည်။ ပါးစပ်ကလည်း…

"ချွတ်…ဒီဖိနပ်"

မတတ်သာ၍ နောင်ကြီး ဖိနပ်ကို ချွတ်လိုက်ရလေသည်။ ခွန်းက ဖိနပ်ကို ကောက်ယူပြီး…

"ကဲ…ဟာ"

"ဟင်"

ခွန်း ဖိနပ်ကို ကန်ရေပြင်ထဲသို့ လွှင့်ပစ်လိုက်လေတော့…

"ခွန်း…မင်း ဘယ်လိုလုပ်လိုက်တာလဲ။ ဖိနပ်မရှိဘဲ မမက ဘယ်လိုသွားရမှာလဲ"

"ကျွန်တော် ကျောပိုးခေါ်မယ်။ ကိုရီးယားလိုလေ…ဟဲ"

"မဖြစ်နိုင်တာ…ဒါ ကိုရီးယားမှ မဟုတ်တာ"





"ဒါဆိုလည်း ပွေ့ချီပြီးခေါ်မယ်"

"မင်းပြောလိုက်သမျှ မဖြစ်နိုင်တာတွေချည်းပဲ"

နောင်ကြီး သူ့ရှေ့ကနေ ဘောက်ဆတ်ဆတ်နှင့် ထွက်လာခဲ့တော့သည်။ သူချစ်ပုံက ပျော်စရာကောင်းပေမယ့် နောင်ကြီး မပျော်နိုင်ပေ။ ခွန်းက နောက်မှ မီအောင်လိုက်လာပြီး…

"မမ"

"…………"

"မမကို မေးစရာရှိသေးတယ်"

"ဘာတုံး"

"ညက မမ လိုင်းသုံးနေတာ တစ်နာရီကျော်အထိပဲ။ ဘယ်သူနဲ့ ပြောနေတာလဲ"

"ဘယ်သူနဲ့မှ မပြောဘူး။ အိပ်မပျော်လို့ သူများတင်တဲ့ ဟာတွေ လိုက်ဖတ်ပြီး Like ပေးနေတာ"

"ဟုတ်လို့လား"

"မယုံလည်း မတတ်နိုင်ဘူး"

"မမ"

"…………"

"ကျွန်တော့်အပေါ် သစ္စာရှိပေးပါလို့ တောင်းပန်ပါတယ်ဗျာ"

"ခွန်း"

နှောင်ကြိုး စိတ်တိုသွားလေသည်။ ဒါကြောင့် ခြေလှမ်း…
ရပ်တန့်သွားပြီး သူ့မျက်နှာကို မော့ကြည့်လိုက်ကာ…

"သစ္စာရှိပေးပါဆိုတော့ မမက ခပ်လွယ်လွယ်…
တစ်ယောက်ပြီးတစ်ယောက် ပြောင်းမယ့်ရုပ်ပေါက်နေသလား…
အဲဒီလို သံသယဝင်နေမယ်ဆိုရင် မင်း အချိန်မရွေး နောက်ဆုတ်…
လို့ရတယ်"

"အဲဒီလိုလွယ်သလား…မမ"

"ဒါတော့ မသိဘူး"

"မမ ကျွန်တော်နဲ့ ချစ်သူဖြစ်ရတာ နောင်တ ရနေပြီလား"

နှောင်ကြိုး ဘာမှပြန်မပြောပေ။

"အေးပေါ့လေ…မမက ကျွန်တော့်ကို တကယ်မှ မ…
တာကိုး။ ဒီတော့ ကျွန်တော့်ကို ဖြတ်ဖို့ဘယ်ဆန်းမှာလဲ…
ကျွန်တော်က ချစ်နေရတဲ့ကောင်ဆိုတော့ နားလည်ပေးရမှာပေ…"

"ဟုတ်တယ်…မင်းကို ငါ မချစ်ဘူး။ ငါ…ငါ့ချစ်သူ…
အခုထိ မမေ့နိုင်သေးဘူး"

"မမ"

ခွန်း အော်လိုက်ချိန်မှာပဲ နှောင်ကြိုး သူ့ရှေ့မှ ထွက်လာ…
တော့သည်။ ဖြစ်ချင်ရာဖြစ်…ဒါ ရင်ထဲကလာတဲ့ စကားပါပဲ…





# အခန်း (၁၉)

နှောင်ကြိုး ဒီရက်ပိုင်းမှာ Facebook သုံးချင်စိတ် မရှိတော့…
…။ ဒါကြောင့် ဖုန်းနှင့် သီချင်းတွေပဲ ဖွင့်နားထောင်ဖြစ်ပြီး
…တွေးတွေက ဟိုရောက်ဒီရောက်ပါ။ ညဘက်ဆို အိပ်လို့မပျော်။
…နီးက ဂရုစိုက်လေ နှောင်ကြိုး ငိုရလေပါပဲ။

မောင်သာ နှောင်ကြိုးအပေါ်မှာ ခွန်းလောက်ချစ်နိုင်ရင်
…ယ်လောက်များ ကောင်းလိုက်မလဲလို့ တွေးမိတိုင်း မျက်ရည်က
…ိန်းလို့မရပေ။ နှောင်ကြိုး အိပ်ရာထဲစောစောဝင်ပြီး အတွေး
…ယ်ချဲ့နေစဉ်မှာပဲ ဖုန်းက ဝင်လာလေလျှင် စိတ်မပါစွာ
…န်းနံပါတ်ပင်မကြည့်ဘဲ ဖုန်းကိုင်လိုက်ကာ…

"ဟယ်လို"

"နှောင်ကြိုး"

"ဟင်"

ကြားလိုက်ရသောအသံက သူမ ဘယ်လိုမှ မေ့လို့မရနိုင်
သော လူတစ်ယောက်၏အသံပါ။

"နှောင်ကြိုး နေကောင်းရဲ့လား"

"ဟုတ်ကဲ့…နေကောင်းပါတယ်"

"ဩော်"

"ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ ကိုမင်းစေသော်"

"နှောင်ကြိုးရယ်…မောင့်ကို ဆက်ဆံတာ သူစိမ်းဆ
လိုက်တာ"

"သူစိမ်းတွေဖြစ်သွားကြပြီပဲ…ကိုမင်းစေသော်"

"နှောင်ကြိုး"

"ပြောပါ…ကိုမင်းစေသော်"

"မောင်…နှောင်ကြိုးကို လွမ်းတယ်"

"ဩော်"

လွမ်းတယ်တဲ့လား။ လွမ်းနေရုံနဲ့ ပြီးနေရမယ့် ခရီးတစ်ခု
နှောင်ကြိုး ဘယ်လိုဆက်လျှောက်ရမှာလဲ မောင်ရယ်…။

"မောင့်ကို ခွင့်လွှတ်ပါ နှောင်ကြိုးရယ်…မောင့်
နားလည်ပေးပါ"

"နားလည်ပါတယ် ကိုမင်းစေသော်…နားလည်လို့
နှောင်ကြိုး နေတတ်အောင်နေခဲ့တာပါ"

"မောင် နှောင်ကြိုးကို အရမ်းချစ်တယ်"





စိတ်ကိုတင်းထားတဲ့ကြားမှ အရမ်းချစ်တယ်ဆိုတဲ့စကားကို
ကြားရတော့ နှောင်ကြိုးရဲ့စိတ်တွေ ပျော့ပျောင်းသွားရပြန်သည်။
…ာင်နဲ့ပတ်သက်ပြီး နှောင်ကြိုး ဘယ်လောက်တောင် မျက်ရည်
…တွေကျနေရဦးမှာလဲ။

"မောင် နှောင်ကြိုးနဲ့ လက်ထပ်ဖို့ကိစ္စ ကြိုးစားကြည့်ပါဦး
…ယ် နှောင်ကြိုးရယ်နော်။ မောင် နှောင်ကြိုးကို အရမ်းချစ်တယ်"

"အဟင့်"

"နှောင်ကြိုး"

"…………"

"နှောင်ကြိုး…ငိုနေတာလား"

"…………"

"မငိုနဲ့လေ နှောင်ကြိုးရဲ့…မောင် တကယ်စိတ်မကောင်း
ဘူးကွာ"

"မောင်"

"ပြောလေ နှောင်ကြိုး"

"မောင် တကယ်ပဲ နှောင်ကြိုးကို လွမ်းတာလား။
နှောင်ကြိုးကို မောင် တကယ်ချစ်တာလား မောင်"

"တကယ်ပါ နှောင်ကြိုးရယ်…မောင် မညာပါဘူး"

"ကောင်းပြီလေ…ဒါဆို နှောင်ကြိုး မောင် အဆင်ပြေမယ့်
နေ့ကို စောင့်ပါ့မယ်"

"ကျေးဇူးပါ နောင်ကြီး…မောင့်ဖုန်းထဲမှာ ဘေလ်မရှိလို့ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်"

ဩော်…ဘေလ်မရှိလို့ဆိုတော့လည်း နောင်ကြီး နားလည်ပေးလိုက်ပါသည်လေ။ မောင့်ဖုန်းကို နောင်ကြီး ဘေလ်ဖြည့်မပေးခဲ့တာကြာပြီပဲ။ ဖြည့်ပေးဦးမှပါဆိုတဲ့စိတ်က ညကို အမြန်ကုန်လွန်စေပြီး နံနက်ခင်းအလင်းကို ရောက်စေချင်ပါပြီ။

နောင်ကြီးက ဖြည့်ဆည်းပေးလိုခြင်းတွေနဲ့ ချစ်ခဲ့သူမို့ မောင့်အတွက် လိုအပ်ချက်ကလေးတွေကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးချင်သူပါ။

"ဟင်"

ဖုန်းရိန်းတုန်းသံလေးက ထွက်ပေါ်လာပြန်ပြီမို့ နောင်ကြီး ဖုန်းကိုင်လိုက်ကာ…

"ဟယ်လို"

"မမ…မမ…ဘာလုပ်နေတာလဲ။ ကျွန်တော် ဖုန်းခေါ်နေတာ ကြာပြီ…မအားသေးပါချည်းပဲ။ ဘယ်သူနဲ့ ပြောနေတာလဲ။ ဒီလောက်အကြာကြီး ဘယ်သူနဲ့ပြောနေတာလဲ"

"ခွန်း"

"လိုင်းပေါ်မှာလည်း မတွေ့ဘူး။ ဘာလဲ…မီးစိမ်းဖျောက်ပြီး သုံးနေတာလား မမ…မမ ကျွန်တော့်ကို ဂရုမစိုက်မှန်း





သိတယ်။ မမ ကျွန်တော့်ကို မချစ်မှန်းသိတယ်"

"အေး…ဟုတ်တယ်၊ ငါ မင်းကို မချစ်ဘူး။ သိနေရင်လည်း မင်း နောက်ဆုတ်လိုက်တော့…ခွန်း"

"ဘာပြောတယ်…မမ"

နောင်ကြီး စိတ်မရှည်စွာနှင့် ပြောလိုက်တော့ ခွန်း ဒေါသထွက်ပြီပေါ့။ ခွန်းက နောင်ကြီးနဲ့ ခင်မင်ရင်းနှီးနေတဲ့အချိန်ကဆို နားလည်မှုတွေ၊ နှစ်သိမ့်မှုတွေပေးသလောက် အခု အတ္တကြီးလာသည်။ နောင်ကြီးကို ချုပ်ချယ်တာ၊ ကန့်သတ်တာတွေ နောင်ကြီး မကြိုက်ပါဘူး။

ချစ်သူဖြစ်ပြီဆိုကတည်းက…

သူ့ဘက်က အသေးစိတ် ဂရုစိုက်ပြီး လိုက်ပြောကန့်သတ်နေတော့တာ။ ဒါကြောင့် အတ္တကြီးတယ်လို့ မြင်လာသည်။ သံယောဇဉ်ကတော့ရှိတာမို့ တုံးတိကြီးလည်း အဆက်အသွယ်မဖြတ်နိုင်။

"မမမှာ မင်းနဲ့ကလွဲပြီး အခြားသူနဲ့ စကားပြောခွင့်မရှိဘူးလား…ခွန်း"

"ဟုတ်တယ်…ဖြစ်နိုင်ရင် ကျွန်တော်နဲ့ကလွဲပြီး မမကို ဘယ်သူနဲ့မှ စကားမပြောစေချင်တာ"

"မင်း တော်တော်အတ္တကြီးတာပဲ"

"အဲဒီလိုအတ္တကြီးတာ မမကို ချစ်လို့…သဝန်တိုတာချစ်လို့

ဆိုတာ မမ မသိဘူးလားဗျာ"

"မင်း မမကို ဘောင်မခတ်ပါနဲ့၊ ကိုယ့်ကိုယ်ကို
ဘောင်ခတ်နေတဲ့သူကို ဘောင်ထပ်မခတ်ပါနဲ့"

"တော်ပြီဗျာ...မပြောတော့ဘူး၊ မမသဘောပဲ...
စိတ်မပါလည်း မပတ်သက်ကြတာကောင်းပါတယ်။ စေတနာ
နားမလည်တာ အခံရခက်တယ်။ ကျွန်တော့်ဘက်က မမ
ဂရုစိုက်သလောက် နွေးထွေးမှုတွေပေးသလောက် မမ ကျွန်တော်
ကို ပြန်မပေးဘူး။ တော်ပြီဗျာ...တော်ပြီ"

"ထွီ"

ခွန်း ဖုန်းချသွားတော့ နောင်ကြီးစိတ်ထဲ တင်းကနဲဖြစ်သွား
ရသည်သာ။ သူကပဲပြောရတယ်ရှိသေး။ နေပေါ့။

နောင်ကြီး...

ဖုန်းကို စားပွဲပေါ်တင်ပြီး တွေးလိုက်မိပြန်သည်။ ခွန်းအပေါ်
မှာ နောင်ကြီး မတရားရာကျနေပြီလားလို့ပေါ့။ ချစ်လို့သဝန်တို
တာကို နားမလည်တာမဟုတ်ပါဘူး။ သူ့နွေးထွေးမှုတွေ ကြင်နာ
မှုတွေပေးတာကိုလည်း သိပါသည်။

ခွန်းရယ်...

မမကို ခွင့်လွှတ်ပါလို့ပဲ ပြောပါရစေ။ မမက မင်းရဲ့အချစ်နဲ့
မထိုက်တန်သူပါ။





# အခန်း (၂၀)

နံနက်စာအဖြစ် နောင်ကြီး ထမင်းကြော်စားနေတုန်းမှာ
သစ္စာဦး ရောက်လာလေသည်။ သစ္စာဦးနဲ့ မတွေ့ဖြစ်တာတောင်
ကြာခဲ့ပြီလေ။ စကားပြောတာတော့ သူစိတ်ညစ်ရင်ပဲဖြစ်၊
ကိုယ်စိတ်ညစ်ရင်ဖြစ်ဖြစ် ဒါမှမဟုတ် အလုပ်ရှုပ်ရင်ပဲဖြစ်ဖြစ်
မပြောဖြစ်။ နှစ်ရက်၊ သုံးရက်ပါပဲ။

ညတိုင်းလိုလိုတော့ Facebook ကနေ စာပို့ပြီး စကားပြော
ဖြစ်ကြသည်။ သစ္စာဦးနဲ့ ခင်ခဲ့တာ သုံးနှစ်နီးပါး ရှိခဲ့ပါပြီ။
တစ်ယောက်အကြောင်းတစ်ယောက်ကို ရင်ဖွင့်ပြီး ဝမ်းသာခြင်း၊
ဝမ်းနည်းခြင်းတွေကို မျှဝေခံစားပေးကြသူတွေ။ မောင်နှမအရင်း
တွေလို ချစ်ကြသူတွေပေါ့။

"မကြီး"

"ဟော…ချစ်တုံးပါလားဟ…လာ…ဘယ်ကလှည့်လာတာလဲ"

"ဘယ်ကမှ လှည့်မလာဘူး…ဒီကိုပဲ တမင်လာခဲ့တာ"

"ဟုတ်လား…ဒါဆို တစ်နေကုန် အေးအေးဆေးဆေး နေပေါ့"

"တစ်နေကုန် မနေပါဘူး…နေ့လယ်စာစားပြီးရင် ပြန်မှာ။ မကြီးကို ပြောစရာရှိလို့လာတာ"

"ဘာလဲ"

"အေးအေးဆေးဆေးမှ ပြောမယ်။ ဒါနဲ့ မလေးရော"

"ရှိပါ့ရှင်"

လင်းလက်က ဆိုင်ထဲကနေ အိမ်ထဲဘက်သို့ ကူးလာရင်း ပြောလေသည်။

"မလေး…ဒီနေ့ မောင်လေး နေ့လယ်စာစားပြီးမှ ပြန်မှာနော်။ ဟင်းကောင်းကောင်းချက်…ဒါပဲ"

"အေးပါ…မင်း ဘာဟင်းစားချင်လဲသာပြော"

"အမဲနှပ်စားချင်တယ်"

"ဟင်…အိမ်မှာက ဘယ်သူမှ အမဲသားမစားဘူးလေ"

"သိဘူး…စားချင်နေတာ…ချက်ကျွေး…ဒါပဲ"

"အေးပါ…အေးပါ…ချက်ကျွေးမယ်"





"အဲဒါကြောင့် ဒီအစ်မတွေကို ချစ်နေရတာ"

"ဟွန်း…အပိုတွေ"

လင်းလက်က မျက်စောင်းထိုးလေသည်။ ဒီကောင်လေးက အိမ်ရောက်လာရင်တော့ ချွဲနေကျပဲလေ။ နောင်ကြီးက ထမင်းကြော်ပန်းကန်ကို ဘေးသို့ရွှေ့ပစ်လိုက်ပြီး…

"ကဲ…ပြောတော့၊ ဘာပြောမှာလဲ၊ ငါ သိချင်လှပြီ"

"တော်တော်သိချင်နေပြီလား"

"မကြီးအကျင့်က ပြောစရာရှိတယ်ဆိုရင် ချက်ချင်းသိချင်တာလေ။ တိုးလိုးတစ်လစ်ကို မကြိုက်ဘူး"

"ဒါဆိုပြောမယ်"

"ပြော"

သစ္စာဦးက နောင်ကြီးမျက်နှာကို ခပ်တွေတွေ စိုက်ကြည့်ပြီး…

"မကြီး… ခွန်းသိုက်ညိုကို တကယ်ချစ်တာလား၊ လက်ထပ်ဖို့အထိ ရည်ရွယ်ထားလား"

"ဟင်"

သစ္စာဦးရဲ့အမေးကြောင့် နောင်ကြီး ခပ်ကြောင်ကြောင် ဖြစ်သွားရသည်သာ။ မောင်နဲ့အကြောင်း ခွန်းသိုက်ညိုနဲ့အကြောင်း အားလုံးကို သစ္စာဦး သိနေသည်လေ။ ဘာပဲဖြစ်ဖြစ် ပြောပြခဲ့သည်ကိုး။

"ဘာဖြစ်လို့မေးတာလဲ ကိုဦး"

"အမှန်ပြောရရင် မောင်လေးက မကြီးကို ခွန်းသိုက်ညီနဲ့ သဘောမတူဘူး။ မကြီးပြောပြသလောက်နဲ့ သုံးသပ်ရရင် သူက စိတ်ဆတ်တယ်။ အတ္တကြီးတယ်။ မကြီးက ခပ်အေးအေးသမား။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပြီးတော့ သူက မကြီးထက် ရှစ်နှစ် တောင်ငယ်နေတာ။ ချောကလည်းချောသေးတယ်ဆို"

"အင်း"

"သူ့ကို တကယ်မချစ်ရင် ပြတ်သားပါ မကြီး...သူ့ အတွက် မကောင်းသလို မကြီးအတွက်လည်း ဘာအကျိုးမှရှိတာ မဟုတ်ဘဲနဲ့"

"အင်းပါ...မကြီး စဉ်းစားနေပါတယ်"

"စဉ်းစားမနေနဲ့...ပြတ်ပြတ်သားသားပြောပြီး ဖြတ်လိုက် တော့။ မကြီး မောင့်ကို တကယ်ချစ်တာမဟုတ်လား"

နှောင်ကြိုး ခေါင်းညိတ်ပြလိုက်သည်။ သစ္စာဦးကို မောင့် အကြောင်း ပြောပြဖြစ်တဲ့အခါ မောင်က မောင်ကနဲ့ပဲ ထည့်ပြော နေမိတော့ သစ္စာဦးပါ မောင့်ကို မောင်ဆိုတဲ့နာမ်စားနဲ့ ခေါ်ဝေါ် ပြောဆိုတတ်သည်သာ။

"မောင့်ကို တကယ်ချစ်တယ်ဆိုရင် မောင့်အပေါ်မှာ သစ္စာ ရှိပြလိုက်ပါ...မကြီး...လက်ထပ်ဖြစ်တာ၊ လက်မထပ်ဖြစ်တာ ကတော့ ဖူးစာလို့ပဲ သတ်မှတ်လိုက်ပါ"





"ဟူး"

နှောင်ကြိုး လေကို မှုတ်ထုတ်လိုက်မိသည်။ နှောင်ကြိုး ကိုယ့်လုပ်ရပ်မှားနေမှန်း သိပါတယ်လေ။ သံယောဇဉ်ဆိုတာ နွယ်တစ်ပင်၊ မြက်တစ်ပင် မဟုတ်လေတော့ ဖြတ်ရတာ ခက်သား။

"ငါလည်း အဲဒါပဲပြောချင်နေတာ ကိုရှီးရေ...မပြောရဲလို့ ကြည့်နေရတာ။ ခွန်းသိုက်ညီက ငါ့ထက်တောင် တစ်နှစ်ငယ် သေး...စိတ်ကဆတ်...အတ္တကကြီး၊ ငါတော့ လုံးဝ သဘော မတူဘူး"

ခွန်းသိုက်ညီ စိတ်ဆတ်တာမှန်ပါသည်။ ချစ်လို့သဝန်တိုတာ အတ္တကြီးတာကိုတော့ ဘယ်သူမှ နားလည်မပေးနိုင်ကြဘူးပေါ့။ နှောင်ကြိုးလည်း သူ့ကြောင့် စိတ်တွေမွန်းကျပ်ခဲ့ရသည်ပဲလေ။

"အေးပါ...ငါ သူ့ကို ဖြတ်မှာပါ။ တကယ်မချစ်ဘဲနဲ့ ဖော်လိုလိုက်နေရတာ ငါလည်း မပျော်ဘူး"

"ဖြတ်မယ်ဆို စောစောစီးစီးဖြတ်...ဖြစ်နိုင်ရင် မကြီး အိမ်ထောင်ပြုမနေနဲ့တော့"

"..............."

"ဟိုတစ်ယောက်ကလည်း မပြောလိုက်ချင်ဘူး။ ချစ်တယ် ဆိုပြီး ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ...သတ္တိမရှိဘူး။ မောင်လေး က သူ့ပါ ဖြတ်ပစ်စေချင်တာ"

"အဲဒါတော့ မင်း ကိုယ်ချင်းမစာတာ။ မောင့်ကို တကယ်
ချစ်တာပါဆို လွယ်လွယ်နဲ့ ဖြတ်လို့ရမလား"

"ဟုတ်ပါပြီ…မပြောတော့ပါဘူး။ စိတ်ချမ်းသာသလိုသာ
လုပ်"

သစ္စာဦးက စိတ်မရှည်သလိုပြောလေတော့ လင်းလက်က
ပြုံးလေသည်။ နှောင်ကြိုးကတော့ မပြုံးနိုင်ပါဘူး။ အချစ်
ပတ်သက်ပြီး နှောင်ကြိုး မရင့်ကျက်နိုင်ပေ။ ကလေးဆန်နေမိတာ
ဘယ်လိုလုပ်ရမလဲ။ စေတနာနဲ့ပြောတာမို့ သစ္စာဦးအပေါ်လည်း
မငြိုငြင်ပါဘူးလေ။

အခု…

ခွန်းလည်း နှောင်ကြိုးကို မဆက်သွယ်တာ နှစ်ရက်ရှိပါပြီ
စာလည်းမပို့၊ ဖုန်းလည်းမဆက်။ ဒါ အေးသွားတာပဲပေါ့
နေနိုင်ရင် နေလိုက်ပါတော့ ခွန်းရယ်။

"အခု…ခွန်း မကြီးကို မဆက်သွယ်တော့ပါဘူး။ သူ
မကြီး စကားများပြီး မကြီးကို စိတ်နာသွားပြီထင်ပါတယ်"

"ဘယ်နှရက်ရှိပြီလဲ…မဆက်သွယ်တာ"

"နှစ်ရက်"

သစ္စာဦး မဲ့ကနဲဖြစ်သွားပြီး…

"နှစ်ရက်ကလေးနဲ့များ စောင့်ကြည့်ပါဦး"

"မကြီး ပြတ်သားတော့မှာပါ"







"စောင့်ကြည့်ရသေးတာပေါ့"

သစ္စာဦးက မယုံသလို ပြောလေသည်။ မယုံလည်း မယုံ
ချင်စရာပါပဲ။ ညရှစ်နာရီလောက်မှာ ခွန်း ဖုန်းခေါ်လေတော့
သည်။ မကိုင်ဘူးလို့ စိတ်ကိုတင်းပြီး မကိုင်ဘဲထားပေမယ့်
ဆက်ဆော့ချ် ဝင်လာပြန်သည်က…

"မမ…ဖုန်းကိုင်ပါ…မမ"

"ကျွန်တော် ထပ်ခေါ်မယ်။ ဖုန်းကိုင်ပါနော်…မမ
ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ခဏလောက် စကားပြောပါ
ရစေ"

"ဖုန်းကိုင်ပါ…မမ"

သံယောဇဉ်က စိတ်ကို ကြာကြာတင်းခွင့်မပေးပေ။ ခွန်းကို
သနားတာကြောင့်…

"အင်း"

ဆိုတဲ့စာလေးတစ်ကြောင်း ပြန်ပို့လိုက်သည်နှင့် ခွန်း
ဖုန်းထပ်ခေါ်သည်ပေါ့။

"ဟယ်လို"

"မမ"

"ပြောပါ ခွန်း…မင်း ဘာပြောစရာရှိလို့လဲ"

"မမ နေနိုင်တယ်နော်…မမ တကယ်နေနိုင်လိုက်တာဗျာ။
ကျွန်တော်ကတော့ မနေနိုင်လို့ အခု ဖုန်းဆက်လိုက်တာ"

နောင်ကြိုး ဘာပြန်ပြောရမှန်း မသိတော့ပေ။ ခွန်းအသံ
တုန်နေသည်ထင်ပါ၏။ သူ ငိုနေတာလား။

"နေနိုင်အောင်ပဲနေတာလေ။ မင်းကို မမ သံယော
ရှိပါတယ်"

"သံယောဇဉ်တဲ့လားဗျာ…မမ ကျွန်တော့်ကို တက
မချစ်ဘူးလား…ကျွန်တော်ကတော့ မမကိုချစ်တယ်"

"ခွန်း"

"ကျွန်တော် အခု ဘာဖြစ်နေလဲ မမ သိလား"

"…………"

"ကျွန်တော် ငိုနေမိတာ မမ…ယောက်ျားမာနနဲ့ စိတ်တ
နေခဲ့တာ နှစ်ရက်…အဲဒီနှစ်ရက်မှာ ကျွန်တော် ဘယ်လိုနေရ
မသိဘူးဗျာ။ ညဘက်လည်း အိပ်လို့မရဘူး"

"မင်း ငိုစရာမလိုဘူးလေ…မင်းငိုအောင် မမ ဘာမှမလု
ဘူး။ မင်း ယောက်ျားမဟုတ်ဘူးလား"

"မမ"

"………"

"ကျွန်တော် ဆက်မပြောချင်တော့ဘူးဗျာ။ ဖုန်းချလို
တော့မယ်…ကျွန်တော် သီချင်းဆိုထားတဲ့ video ဖို
Facebook Messenger ကနေ ပို့ထားတယ်။ မမ ဖွင့်ကြ
ပေးပါ"





"ထွီ"

ပြောပြီး ခွန်း ဖုန်းချသွားလေတော့သည်။ နောင်ကြိုး သိချင်
ကြောင့် Facebook ကို ဖွင့်ကြည့်လိုက်တော့…

## အခန်း (၂၁)

နောင်ကြိုး Facebook ကို ဖွင့်ကြည့်လိုက်တော့ ...
Messenger ကနေ ပို့ထားတာ Video ဖိုင်တစ်ခုနဲ့ ခွန်းရဲ့ဓာတ်...
နှစ်ပုံပါ။ ဓာတ်ပုံကိုကြည့်လိုက်တော့ ခွန်းရဲ့မျက်လုံးတွေ ရဲ...
ငိုနေတဲ့ပုံပါ။

"ဓာတ်ပုံကိုချဲ့ပြီး ကျွန်တော့်မျက်လုံးကို သေသေချာချာ ကြည့်ပါ မမ"

နောင်ကြိုး ကြည့်နေတုန်းမှာပဲ ခွန်းပို့တဲ့စာ ဝင်လာ... သည်။

"အင်း"

ဆိုတာ ပြန်ပို့ပြီး နောင်ကြိုး ခွန်းရဲ့ပုံကို ချဲ့ကြည့်မိ... *စိတ်မကောင်းဖြစ်သွားရသည်။ သူ့မျက်ဝန်းမှ မျက်ရည်တွေ...*





...က်ဝန်းထောင့်မှ ပါးပြင်ပေါ်သို့ စီးကျနေသည်လေ။ သူ အဲဒီ ...ာက်အထိ ခံစားနေရသလား။

"သီချင်းဆိုထားတာ ဖွင့်ကြည့်လိုက်ဦး မမ"

နောင်ကြိုး သီချင်းကို ဖွင့်ကြည့်လိုက်တော့ ဂစ်တာတီးပြီး ...ချင်းဆိုနေတဲ့ ခွန်းအသွင်က နောင်ကြိုးရဲ့နှလုံးသားကို အရည် ...ျော်ပစ်လိုက်သည့်နှယ်ပါ။

ဟူး…ဟူး…

နေညိုရင် တို့ဝေးရမယ် သိထားလည်း×××နောက်ဆုံး ...ားတွေ ငါ မပြောချင်×××အလှဆုံး မင်းရဲ့မျက်ဝန်းက××× မိုးတွေစွေဦးမလား×××တူညီစွာ ရင်ထဲရှိတဲ့စိတ်ကူးများ××× ...ပိလိုက်ပါ အချစ်ဆုံးရာ×××

အလှဆုံးမင်းရဲ့နှုတ်ခမ်းက×××လွင့်ပျံ့လာမယ့်စကား××× ...ရိသံ ပုံမှန်လည်တာ ကြောက်ရွံ့လို့နေပြီ×××ဒီလိုသာ နာကျင် ... အဆုံးသတ်ရမှာလား×××မတွေးရဲတယ်×××

နေညိုရင် ငါတို့ခွဲရမယ်×××အချိန်တွေကို ရပ်ဆိုင်းထားချင် ...ည်း××× ပြင်ဆင်နိုင်ခွင့် မရှိလေသော ဘဝတွေရယ်×××ဆွေး ...တယ်×××

ယုံကြည်ပါ ငါ ပြောခဲ့ပါရစေ×××တစ်ချိန်ချိန်မှာ ဆုံဆည်း ...ရမယ်လို့×××နာကျင်စွာ နှုတ်ဆက်ရသော ခဏတွေကို××× ...ခုန်းမိတယ်×××

ခွန်းရယ်လို့ နောင်ကြိုး ရင်ထဲမှသာ သူ့နာမည်ကို ခေါ်
လိုက်မိသည်။ သီချင်းဆိုနေတဲ့ သူ့မျက်ဝန်းမှာ မျက်ရည်တွေ
လေ။ နောင်ကြိုး မှားခဲ့တာပါ။ သူ့ကို တကယ်မချစ်ဘဲ မောင့်
ရွဲ့ချင်တဲ့စိတ်နဲ့ သူသတ်မှတ်တဲ့ ချစ်သူဆိုတဲ့ဘဝကို လက်ခံမိတာ
ပါ။

နောင်ကြိုး ဘာလုပ်ရမလဲ။

ခုမှ ရှေ့တိုးရမလား၊ နောက်ဆုတ်ရမလား မပြောတတ်
တော့ပါဘူး။ နောင်ကြိုး သီချင်းကို ဆုံးအောင်ကြည့်ပြီးမှ…

"ခွန်း"

"ပြောပါ မမ"

"မင်း မမကို ဘယ်လောက်အထိ ချစ်တာလဲ"

"ကျွန်တော် ကျခဲ့တဲ့မျက်ရည်တွေက သက်သေပါ မမ…
ကျွန်တော်က မာနကြီးတဲ့ ယောကျ်ားတစ်ယောက်ပါ"

"ခွန်း"

"ကျွန်တော် မိန်းကလေးနှစ်ယောက်ကြောင့် မျက်ရည်ကျ
ဖူးတယ်။ အခုက ဒုတိယအကြိမ်ပေါ့"

"ဩော်"

"ကျွန်တော် ဝန်ခံတာပါ မမ…နွေးထွေးမှုကို ရှာရင်း
ကျွန်တော် မျက်နှာများခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်မိန်းမကြောင့်မှ
မငိုခဲ့ဘူး။ ကျွန်တော့်ရဲ့အချစ်ဦးနဲ့ပြတ်တော့ ကျွန်တော် ငိုခဲ့မိ





တယ်"

"အင်း"

"အခု…မမကြောင့် ငိုရပြန်ပြီ"

"မမကြောင့် မင်း မငိုပါနဲ့ ခွန်း"

"မမ"

"မမက မင်းရဲ့အချစ်နဲ့ မထိုက်တန်သူပါ"

"ဆက်မပြောပါနဲ့ မမ…ကျွန်တော် မကြားရဲလို့ပါ"

နောင်ကြိုး ဟူးကနဲ လေကို မှုတ်ထုတ်မိလိုက်ပြန်သည်။

"ကျွန်တော် မမကို တစ်ခုလောက် တောင်းဆိုပါရစေ"

"ဘာလဲ"

"ကျွန်တော့်ကို မောင်လို့ တစ်ခါလောက်ခေါ်ပါ မမရယ်
နော်…တစ်ခါတည်းပါ…ကျွန်တော် နောက်ထပ် မတောင်းဆို
ပါဘူးလို့ ကတိပေးပါတယ်"

နောင်ကြိုး ရင်ထဲမှာသာ မောင်လို့ ခေါ်ကြည့်မိပြီး
ရင်ဘတ်ထဲမှာ အောင့်တက်သွားလေသည်။ ဒါပေမဲ့ ခွန်း စိတ်
ချမ်းသာပါစေတော့ရယ်လို့ စိတ်ကိုတင်းပြီး…

"မောင်"

"ဗျာ"

ခွန်းဆီသို့ မောင်လို့ တစ်ခါရေးပြီး မောင့်ရဲ့ Account
မှာတော့ Messenger ထဲမှာ မောင်ဆိုတဲ့စာတွေ ဘယ်နှခါရေးပို့

မိုမှန်းပြင် မှုသိတော့မေ။

"မမ"

"ပြောပါ"

"ဖုန်းခေါ်မယ်ဗျာ…မမ ကျွန်တော့်ကို မောင်လို့ခေါ်တဲ့ အသံလေး ကြားချင်လို့ပါ"

"ခေါ်ပြီးပြီလေ"

"ဟာ…မမကလည်း စာနဲ့ခေါ်တာ၊ အသံကြားရတာမှ မဟုတ်တာ…ကျွန်တော်က အသံကြားချင်တာ။ ကတိဖျက်တာ မဟုတ်ဘူး…အသံနဲ့ခေါ်ပါနော်"

ပြောပြီးတာနှင့် ခွန်းက ဖုန်းခေါ်လေတော့သည်။

"ကဲ…မမ ခေါ်တော့"

"ဟာ…မခေါ်တော့ဘူး"

"မမ"

"…………"

"တစ်ခါပဲ ခေါ်ပါဗျာနော်။ ကျွန်တော် ကြားချင်လို့ပါ။ မမကြောင့် ကျွန်တော့်မျက်ရည် ကျရတာနော်။ အလျော်ပြန်ပေး"

နှောင်ကြိုး မျက်လုံးကိုမှိတ်ပြီး သက်ပြင်းချလိုက်မိသည်။ ပြီးမှ…

"ကောင်းပြီလေ…သေသေချာချာ နားထောင်…ပြီးမှ ထပ်မခေါ်ခိုင်းနဲ့…တစ်ခါပဲခေါ်မှာ"





"အင်းပါ"

မောင်လို့ခေါ်ဖို့အတွက် နှောင်ကြိုး ပါးစပ်ကထွက်ဖို့ ကြောက်ရွံ့နေသလိုပါ။

"မမ ခေါ်လေ"

"ခေါ်ပြီ…ခေါ်ပြီ…မောင်"

"ဟာ…ဗျာ"

နှောင်ကြိုးရဲ့ခေါ်သံက ခပ်ဆောင့်ဆောင့် ထွက်သွားတဲ့ အသံမို့ ခွန်းဆီက ဟာဗျာဆိုတဲ့အသံ ထွက်လာခဲ့တာပါ။

"ဆောင့်ဆောင့်အောင့်အောင့်အသံကြီးနဲ့ မမရာ… ပြန်ခေါ်"

"တော်ပြီ…မခေါ်တော့ဘူး၊ မင်း ကတိတည်လေ"

"မရဘူး…မမရာ…ပြန်ခေါ်…ကျွန်တော် ခေါ်ပြမယ်။ ကျွန်တော်ခေါ်တဲ့အသံမျိုးနဲ့ခေါ်"

"ဘယ်လိုလဲ"

"မောင်…လို့"

စိတ်ရှုပ်နေသည့်ကြားမှ နှောင်ကြိုး ပြုံးလိုက်မိပါတော့သည်။ ခွန်းခေါ်ပြတဲ့အသံကို သဘောကျလို့လေ။

"ခေါ်လေ မမ"

"မောင်"

"ဟား…အဲဒီလိုမှပေါ့ မမရ…မမကို အရမ်းချစ်တယ်…

အာဘွား"

နှောင်ကြိုး ရွံ့ပြီး ခပ်ချွဲချွဲအသံနဲ့ သံရှည်ဆွဲခေါ်လိုက်တာကိုပဲ ခွန်းက သဘောကျနေလို့ပါ။

"မမ ကျွန်တော့်ကို ဘယ်လောက်ချစ်လဲ"

"မချစ်ဘူး"

"ဘာ"

"မနောက်နဲ့နော်…မမ၊ ကျွန်တော် မမနဲ့ လက်ထပ်ဖို့ ပိုက်ဆံစုနေတာ…သိလား"

"ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ"

"မမ"

"ဘာတုံး"

"မောင် အတည်ပြောနေတာနော်။ ချစ်တယ်ဆိုတဲ့စကားကို မမ စိတ်ပါတဲ့အခါမှ ပြောပါ။ ဒါပေမဲ့ မမကို မောင် လက်ထပ်မယ်"

မင်းကို ငါ မချစ်ဘူး။ သံယောဇဉ်ရှိတာပါ။ လက်မထပ်နိုင်ဘူးလို့ ဘယ်လိုပြောရပါ့မလဲ။ ခွန်းကို မောင်လို့ခေါ်မိတဲ့အတွက် စိတ်ထဲမှာ ခံစားနေရတာက လျှာကို ဓားနဲ့ တစ်ထစ်ချင်း ခုတ်ပစ်နေသလို တစ်ပိုင်းပြီးတစ်ပိုင်း ပြတ်ကျနေသလိုနှယ်။

ရင်ထဲမှာ လေးလံနေပြီး…

ကိုင်ထားတဲ့ဖုန်းကလည်း ပိုလေးလာတယ်လို့ ထင်မိသည်





လေ။

"ခွန်း"

"ဗျာ"

"လက်ထပ်ရင် မင်း မမအိမ်ကို လိုက်နေရမှာနော်"

"အင်း…လိုက်နေမှာပေါ့"

"မမရဲ့ညီမက မင်းထက် အသက်ကြီးတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"မမနဲ့မင်းက အသက်ကွာနေတော့ မဖြစ်နိုင်ဘူးလို့ မင်း မတွေးမိဘူးလား"

"မမကလည်း ဘာလို့ မဖြစ်နိုင်ရမှာလဲ။ မမနဲ့မောင် တစ်ယောက်ကိုတစ်ယောက် ချစ်ပြီး နားလည်မှုရှိနေဖို့ပဲ လိုတာ"

"အင်းပါ"

ပြောနေရင်း နှောင်ကြိုးရဲ့စိတ်က ဟိုရောက်ဒီရောက်ပါ။ ခွန်း နှောင်ကြိုးကို စိတ်ပျက်အောင် ဘယ်လိုလုပ်ရမလဲ။ သူ မကြိုက်တဲ့စကားတွေပြောပြီး သူ မကြိုက်တဲ့စရိုက်တွေပဲ ပြုမူရတော့မည်ပေါ့။

သူပြောဖူးတာ…

နှုတ်ခမ်းနီဆိုးတာ မကြိုက်ဘူး။ အနီရောင် မကြိုက်ဘူးတဲ့။

# အခန်း (၂၂)

မောင်နဲ့တွေ့ပြီး မောင်နဲ့ အတူတူရှိနေတဲ့အချိန်မှာ နှောင်ကြိုး ဖုန်းကို စက်ပိတ်ထားလိုက်သည်။ ပိတ်မထားလို့ မရဘူးလေ။ ခွန်းက သူ ဖုန်းခေါ်ချင်ရာ အချိန်ခေါ်တတ်သည်မဟုတ်လား။ ဖုန်းမကိုင်ဘဲထားရင် ရန်ဖြစ်ရဦးမှာက အသေချာပါ။

နှောင်ကြိုး…

ရန်ဖြစ်ရတာကို စိတ်အပျက်ဆုံးပါပဲ။ အစကတည်းက အေးအေးဆေးဆေး နေတတ်သူပဲလေ။

"နှောင်ကြိုး"

"ဟင်"

"ငရုတ်သီးအစပ်တွေ အဲဒီလောက်မစားနဲ့လေ"

ဝက်သားတုတ်ထိုးစားနေရင်း နှောင်ကြိုးက ငရုတ်သီး တောင့်ကို တစ်ဖက်က ကိုင်ပြီး ကိုက်စားနေတော့ မောင်က





တားလေသည်။

"မောင်ကလည်း နှောင်ကြိုးက ငရုတ်သီးအစပ်ကြိုက်တာကို"

"ကြိုက်တာတော့ ကြိုက်တာပေါ့…ဒါပေမဲ့ အများကြီး စားရင် မကောင်းဘူးလေ။ မောင်က လျှော့စားခိုင်းတာကို"

"အင်းပါ"

မောင်ပြောတာနဲ့ပဲ နှောင်ကြိုး ငရုတ်သီးတောင့်ကို ပြန်ချ ထားလိုက်မိသည်။ စေတနာနဲ့ပြောတာကို မဆန့်ကျင်ချင်ပါဘူး လေ။

"မောင်လည်း စားလေ"

"နှောင်ကြိုးပဲစားပါ…မောင်က ဝက်သားသိပ်မကြိုက် ဘူး"

"နှောင်ကြိုးက အသည်း၊ အဆုပ်၊ အူ၊ နားရွက် အဲဒါတွေ ကြိုက်တာ။ အသားကျတော့ မကြိုက်ဘူး"

"အင်းပါ…မောင်က အမဲသား ကြိုက်တာ"

"နှောင်ကြိုးက အမဲသား မစားဘူး"

"ဘာလို့မစားတာလဲ"

"ငယ်ငယ်ကတည်းက မစားတာပါ"

"သြော်"

မောင်နဲ့တွေ့ရင် အဲဒီလိုပါ။ ချစ်တာ၊ လွမ်းတာတွေ ဖွဲ့နွဲ့ ပြောဆိုမနေဘဲ စကားတွေက ဟိုရောက်ဒီရောက်ပါ။

"ကန်ဘောင်မှာ လမ်းလျှောက်ဦးမလား"

"အင်း…လျှောက်မယ်လေ"

နှောင်ကြိုး ပိုက်ဆံရှင်းပြီး နှစ်ယောက်သား ကန်ဘောင်မှာ လမ်းလျှောက်ကြတော့ မောင်က နှောင်ကြိုးပခုံးလေးကို ဖွဖွဖက်လို့ပါ။ ဒီထက်တော့ မပိုခဲ့ပါဘူး။ မောင်နဲ့နှောင်ကြိုးကြားမှာ အဲဒီလိုစည်းထားသည်လေ။

ခွန်းနဲ့ကျတော့…

ပခုံးလေးဖက်တာတောင် နှောင်ကြိုးကိုယ်လေး တွန့်လိမ်ရုန်းပြီး ခွန်းလက်ကို ဖယ်ချပစ်တတ်စမြဲပါ။

"ထိုင်ခုံတွေကလည်း အလွတ်ကို မရှိဘူး။ ဘယ်နေရာထိုင်ရမှန်းကို မသိတာ"

"ဟုတ်ပါ့"

"နှောင်ကြိုးမှာ ထီးမပါခဲ့ဘူးလား"

"မပါဘူး…မောင်"

"ကောင်းရောပဲ"

လမ်းလျှောက်ရင်း ညောင်းလာတော့ နှောင်ကြိုးက ထိုင်ချင်တယ်ဆိုတာနှင့် မြက်ခင်းစပ်မှာ ထိုင်ဖြစ်ကြသည်။ မောင်က နှောင်ကြိုးထိုင်ဖို့ သူ့ဖိနပ်လေးကို ချွတ်ပေးလေလျှင်…

"ရပါတယ် မောင်ရဲ့…နှောင်ကြိုး ဒီအတိုင်းပဲ ထိုင်ပါ့မယ်"





"ထိုင်ပါ…တော်ကြာ ထဘီကို ဟိုပေဒီပေ ပေကုန်မယ်"

"ရပါတယ်ဆို"

"ထိုင်ပါဆို"

နှစ်ယောက်သား ထိုင်ပြီး သူများတွေလို ကျီစယ်ကလူပြုတာမျိုး မရှိပေ။ သူ့အိမ်အကြောင်း၊ ကိုယ့်အိမ်အကြောင်း ပြောကြရင်းပဲ သူများအတွဲတွေကို လိုက်ငေး၊ သူတို့အချစ်က အေးစက်စက်ပါ။

"နှောင်ကြိုး"

"ဟင်"

"ဆံပင်တွေ ဖြတ်မပစ်နဲ့နော်။ မိန်းကလေးဆိုတာ ဆံပင်အရှည်လေးနဲ့မှ ကြည့်ကောင်းတာ။ ပြီးတော့ သနပ်ခါးပါးကွက်လေးနဲ့ဆို ယဉ်တာပေါ့"

"အင်းပါ…မောင်ရဲ့"

"အင်္ကျီလည်းဟိုက်ကျယ်တာတွေလည်း မဝတ်နဲ့… မောင်မကြိုက်ဘူး"

"မဝတ်ပါဘူး"

မောင့်စကားကြောင့် နှောင်ကြိုး ဆံပင်ခပ်ပါးပါးကို အရှည်ထားခဲ့ပြီး သနပ်ခါးပါးကွက်ကလေး အမြဲကွက်တတ်ခဲ့သည်သာ။

# အခန်း (၂၃)

"မကြီး"

"ရှင့်"

"ကဗျာရေးတဲ့သူတွေစုပြီး မကြီးတို့ ကဗျာစာအုပ် ထုတ် ကြမလို့ဆို"

"ဟုတ်တယ်…ကိုဦး"

"ကောင်းပါတယ်…မောင်လေးလည်း ရေးချင်ပေမယ့် မကြီးတို့လောက် မဖြစ်ဘူး။ လူတွေ ဘယ်နှယောက်လဲ။ အများ ကြီးလား"

သစ္စာဦးက စာပို့လေသဖြင့် နှောင်ကြိုး ကဗျာစာအုပ်ထုတ် ဖို့ကိစ္စတွေ ရှင်းပြနေမိသည်။ သစ္စာဦးနဲ့က အဲဒီလိုလေ။ သူ့အိမ်





အကြောင်း၊ ကိုယ့်အိမ်အကြောင်းအပြင် အခြားဘယ်ကိစ္စမဆို ရင်ဖွင့်တိုင်ပင်ကြသည်။ ရယ်စရာတွေပြောတဲ့အခါလည်း ပြော သည်။

ထိုစဉ်…

"တောက်"

"ဟင်"

'တောက်' ဆိုတဲ့စာဝင်လာသဖြင့် ကြည့်လိုက်တော့ ခွန်းပါ။ နှောင်ကြိုးစိတ်ထဲမှာ တင်းကနဲဖြစ်သွားမိတာ အမှန်ပါ ပဲ။

"မမ…ကျွန်တော့်ကို သောက်ဂရုမစိုက်မှန်း သိပါတယ်။ ရတယ်…လုပ်ချင်တာလုပ်"

"ဘာကိုပြောတာလဲ"

"မမ အကောင့်မီးစိမ်းနေတာကြာပြီ…ကျွန်တော့်ကို စာတ်မဆက်ဘဲ ဘယ်သူနဲ့ ပြောနေတာလဲ…ပြော"

"ခွန်း…လိုင်းပေါ်ရှိမှန်း မသိလို့ပါ"

"ဘယ်သိမလဲ…ကြည့်မှမကြည့်တာ။ အခု ဘယ်သူနဲ့ ပြောနေတာလဲ…မှန်မှန်ပြော"

"သစ္စာဦးနဲ့"

"သူက ကျွန်တော့်ထက် အရေးပါနေလား"

"မင်း…မရစ်နဲ့နော်‥ခွန်း၊ သစ္စာဦးက ကဗျာစာအုပ်ထုတ်

ဖို့ ကိစ္စမေးလို့ တိုင်ပင်နေကြတာ"

"သြော်…သြော်"

"မရွဲ့ပါနဲ့"

"မမအတွက် သစ္စာဦးက ဘာလဲ…ကျွန်တော်က ဘာလဲ မမ"

"မတူတာကို မယှဉ်ပါနဲ့။ သစ္စာဦးနဲ့က မောင်နှမအရင်း တွေလို ချစ်ကြတာ။ အခုမှ မဟုတ်ဘူး။ အရင်ကတည်းက ဘာ ဖြစ်ဖြစ် တိုင်ပင်လာကြတာ"

"သြော်…ဟုတ်လား"

နောင်ကြိုး ဘာမှမပြောတော့ပေ။ ခွန်းဆီကလည်း စာထ ဝင်မလာတော့ဘဲ ခဏကြာတော့ ဖုန်းခေါ်လေတော့သည်။

"ပြော"

"ကျွန်တော်က မမအတွက် သစ္စာဦးလောက် အရေးမ တဲ့ကောင်လား…မမ၊ ကျွန်တော်နဲ့ မတိုင်ပင်ဘဲ သူနဲ့ တိုင်ပင် အောင် ကျွန်တော်က ဘာမှသုံးစားမရတဲ့ ငတုံးငအလား။ ကျွန်တော်က ဘာမှမသိမတတ်တဲ့ကောင်လား…မမ"

"ခွန်း"

"မမဗျာ…ရစ်တာချစ်လို့၊ သဝန်တိုတာ ချစ်လို့။ ဒါကို မမ မသိဘူးလား။ ကျွန်တော် မမကို မြတ်နိုးသလောက် မမက ကျွန်တော့်ကို ဥပေက္ခာပြုတယ်။ ကျွန်တော်က မမကို နွေးထွေး





…ပေးသလောက် မမက ကျွန်တော့်အပေါ် အေးစက်စက်နိုင် …ယ်။ ကျွန်တော် စိတ်ညစ်တယ်ဗျာ"

"ခွန်း"

"ပြော"

နောင်ကြိုး ပြတ်သားမှုဖြစ်တော့မှာပါ။ ဒီလိုပဲ ခရီးဆက်နေ …င် ခွန်း ဒီထက် နာကျင်ခံစားရလေမလား။ မရည်ရွယ်ခဲ့ပါဘူး။ …ယ်မချစ်မနှစ်သက်သူနဲ့ လက်တွဲဖို့ မပြောနဲ့၊ ချစ်သူအဖြစ် …ားပြောနေရတာတောင် ရင်ထဲမှာ ပူလောင်နေရသည်လေ။

နောင်ကြိုးကို အထွာကြီးတယ်လို့ပဲပြောပြော နှစ်ယောက် …ုံး မပျော်ရွှင်ရတဲ့ခရီးကို နောင်ကြိုး ဆက်မလျှောက်ချင်တော့ …ဘူး။

"မင်း…မမကို ဘာလို့ချစ်တာလဲ"

"အဲဒါတော့ ကျွန်တော် မပြောတတ်ဘူး။ မမကို ချစ်တာ …သိတယ်"

"မမ…မင်းနဲ့ တွေ့ချင်တယ်"

"ဘယ်တော့လဲ"

"မနက်ဖြန်"

"ကောင်းပြီ…ကျွန်တော် လာခဲ့မယ်"

"ခွန်း"

"………"

"မမကို ခွင့်လွှတ်ပါ"

"ဘာအတွက်လဲ…မမ"

"မနက်ဖြန် မင်း သိရမှာပါ"

ပြောပြီး နှုတ်ပင်မဆက်၊ နောင်ကြိုး ဖုန်းချပစ်လိုက်
သည်။ တကယ်တော့ အပြစ်ရှိသူက နောင်ကြိုးပါ။ မပြတ်သ
တာက နောင်ကြိုးပဲလေ။ ခွန်းကို ဖြတ်ဖို့ဆုံးဖြတ်လိုက်
မောင့်ကို မျှော်လင့်နေလို့လည်း မဟုတ်ပါဘူး။

နောင်ကြိုး…

မောင့်ကိုလည်း စိတ်နာနေမိပြီလေ။ ခွန်းက ဂရုစိုက်
မောင့်ကို စိတ်နာလေပါပဲ။ ခွန်း ချစ်သလိုမျိုး မောင်
နောင်ကြိုးကိုချစ်ရင် နောင်ကြိုး မိုးကိုပဲ ဒူးနဲ့တိုက်ရတိုက်
အရာအားလုံးကို ရင်ဆိုင်ရဲတဲ့သတ္တိ ရှိခဲ့သည်လေ။

နောက်နေ့…

ခွန်းနဲ့တွေ့ဖို့သွားတော့ နောင်ကြိုးတစ်ကိုယ်လုံး ဆင်မြ
ထားတာ ခွန်း မကြိုက်တဲ့ အနီရောင်တွေပါ။ မဆိုးဖုံး
နှုတ်ခမ်းနီ အနီရောင်ကလည်း ရဲရဲတောက်နေလို့ပါပဲ။ ခွန်း
နောင်ကြိုးကို ခပ်စူးစူးကြည့်ပြီး…

"မမ"

"…………"

"မမ ကျွန်တော့်ကို ရွဲ့တာလား"





"ဘာကိုလဲ…ခွန်း"

"ကျွန်တော် အနီရောင်မကြိုက်မှန်း သိရဲ့နဲ့ မမဗျာ"

"မမက ဒီနေ့ကစပြီး အနီရောင်ပဲ ကြိုက်တော့မှာ"

"ဘာ"

"မမ မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်…ခွန်း၊
ချိန်မှာ ပြတ်သားမှုဖြစ်တော့မှာမို့ မမ ပြတ်သားပါရစေ။
လွှတ်ပါလို့ မတောင်းပန်ဘူး။ မင်းကြိုက်သလို စွပ်စွဲပြောဆို
"

"ဘာကိုလဲ…မမ…ရှင်းရှင်းပဲပြောပါ"

"မင်းကို မမ သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ မချစ်ဘူး"

"ဟင်"

"တကယ်မချစ်ဘဲနဲ့ လက်တွဲကြရင် အိမ်ထောင်ရေးက
ယာမှာမဟုတ်ဘူးလေ။ မင်းရော မမရော စိတ်ဆင်းရဲရမယ့်
ဖြစ်ကို မဖန်တီးချင်ပါနဲ့"

"မမ"

ခေါ်ပြီး ခွန်းက နောင်ကြိုးနှင့် မျက်နှာချင်းဆိုင်မှာ လာရပ်
သည်။

"မမ…မနောက်နဲ့နော်"

နောင်ကြိုး ငုံ့ထားတဲ့မျက်နှာကို မော့လိုက်ပြီး…

"ဒါ နောက်စရာမဟုတ်ဘူး…ခွန်း၊ မင်းကို လှည့်စားဖို့

မရည်ရွယ်ခဲ့ပါဘူး။ ဒါပေမဲ့ လှည့်စားသလို ဖြစ်သွားခဲ့တ
အဲဒီအတွက် မင်း မမကို ကြိုက်သလို ခေါင်းစဉ်တပ်ပါ။ မာ
များတဲ့ မိန်းမ…ဝင်္ဂီယအသည်းနဲ့ မိန်းမ…ဒီထက် ပက်
စက်စက် ပြောချင်လည်း ပြော…"

"မမ…မမဗျာ"

ခွန်းအသံက ဒေါသသံပါလာလေပြီ။

"မမ…မမချစ်သူနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုး
ဘူး။ သူ့ကို ချစ်နေတုန်းပဲ။ ပြတ်လည်းမပြတ်ကြသေးဘူး"

"တောက်"

တောက်ခေါက်သံက ကျယ်ကျယ်လောင်လောင်။ ခွန်း
မျက်နှာမှာ ဒေါသရိပ်တွေ လွှမ်းခြုံသွားပြီး နှောင်ကြိုးကို
ရဲရဲ ကြည့်လေသည်။

ပြီးမှ…

"မမ…တော်တော်မာယာများတာပဲ။ တကယ်ထင်မ
မိဘူး"

"……………"

"ကောင်းပြီလေ…ကျွန်တော်က မာနနဲ့ ထုဆစ်ထား
ယောကျ်ား၊ ဒီထက်ပိုပြီး မိန်းမတစ်ယောက်ကို အောက်ကျို့ခံ
မချစ်နိုင်ဘူး။ ကိုယ့်ရင်ခွင်ကို မခင်တွယ်လို့ ထွက်သွားမှ
သွားပေါ့"





ခွန်းက နာနာကြည်းကြည်း ပြောလေသည်။ ပြောပါစေ။
သူ ပြောချင်သလောက်ပြော။ နှောင်ကြိုး ခေါင်းငုံ့ခံဖို့ အဆင်သင့်
ပါ။ ကိုယ်က မှားခဲ့တာကိုး။

"ဒီထက်ပိုပြီး မပြောတော့ပါဘူး…တစ်ခုပဲ"

"ပြောပါ ခွန်း…မင်း စိတ်ကျေနပ်တဲ့အထိ မမကို
ပြောပါ"

မဲ့ပြုံးပြုံးလိုက်ပြီးမှ ခွန်းက…

"မမ…ကျွန်တော့်အချစ်ကို ဥပေက္ခာပြုသလို မမချစ်တဲ့
သူက မမအချစ်ကို ဥပေက္ခာပြုပါစေ။ မမ ကျွန်တော့်အချစ်ကို
တန်ဖိုးမထားသလို မမချစ်တဲ့သူက မမအချစ်ကို တန်ဖိုးမထားပါ
စေနဲ့။ အဲဒါ…ကျွန်တော့်ရဲ့ကျိန်စာပဲ"

"ဟင်"

နှောင်ကြိုး ခွန်းမျက်နှာကို အလန့်တကြား မော့ကြည့်လိုက်
မိသည်။ ကျိန်စာတဲ့…စောစောက ပြောချင်တာပြောပြီးလို့
ပေါ့သွားသလိုရှိတဲ့ ရင်ဘတ်က အခုချက်ချင်းပဲ ပြန်ပြီး လေးလံ
သွားရသည်သာ။ အခြားကျိန်စာတိုက်ပါတော့လား ခွန်းရယ်။
ကျိန်စာဆိုတာ တကယ်စူးမစူး မသိပေမယ့်…

စူးမှာ ကြောက်တာတော့ အမှန်ပဲလေ။

# အခန်း (၂၄)

"မမ"

"............."

"မမ"

"အင်...ဟင်"

ခေါ်သံကြောင့် နှောင်ကြိုး သတိရပြီး ကိုယ်လေးက မတ်ကနဲ ဖြစ်သွားလေသည်။ ညီမတွေကိုမြင်တော့ ပါးပြင်ပေါ်က စိုစွတ်သည့်အရာတွေကို အမြန်သုတ်ဖယ်ပစ်လိုက်ရသည်လေ။

"အမှတ်တရပစ္စည်းတွေလည်း မရှိတော့ဘူး။ လူကိုလည်း မေ့နိုင်အောင် ကြိုးစား...ဘာမှ ခံစားမနေနဲ့။ ကိုယ်နဲ့ မထိုက်တန်လို့ လွဲသွားတယ်လို့ သတ်မှတ်လိုက်"





"အေးလေ...ယောကျ်ားဖြစ်ပြီး သတ္တိမရှိတဲ့လူအတွက် က်ရည်ကျနေတာ တန်ကိုမတန်ဘူး။ မမကိုချစ်တဲ့သူ၊ သူ စ်ယောက်တည်း ရှိနေတာကျလို့။ ကိုညီသုကို လက်ခံနိုင်အောင် မမ ကြိုးစား"

"မမကိုက အစွဲအလမ်းကြီးတာပါဟာ...ငါတော့ ယောကျ်ားတွေကို မယုံလို့ ဘယ်သူ့ကိုမှ အတည်လို့ သတ်မှတ် း မချစ်တာ"

လင်းလက်က ပြောပြီပေါ့။ မှန်နေတာပဲလေ။ သူက ည်းစားကို အတည်ရယ်လို့ သတ်မှတ်ပြီးမှ မကြိုက်တာ။ ဒါ ကြောင့် နှောင်ကြိုး လင်းလက်ကို ဆူခဲ့ဖူးသည်လေ။ နှင် လောက် ရည်းစားများတာ တစ်နေ့ ဒုက္ခရောက်လိမ့်မယ်လို့ပေါ့။ ခု လောလောဆယ် သောကရောက်နေသူကတော့ အစွဲအလမ်း ကြီးတတ်တဲ့ ကိုယ်ပါ။

"ပြီးတော့ နင်တို့ကို ငါ ပြောပြရဦးမယ်"

"ဘာလဲ"

သရဖီနဲ့ကြင်နာရိပ် အကြည့်က လင်းလက်ဆီသို့ ရောက် သွားလေသည်။

"အချစ်စစ်ရဲ့တန်ဖိုးသီချင်းကို သူများဖွင့်ရင်သာ မမက အသေမုန်းတာ။ သူကိုယ်တိုင်ကတော့ ခဏခဏ ဖွင့်ပြီး းထောင်နေတတ်တာလေ"

"ဟုတ်လား...အဲဒီသီချင်း ဖျက်ပစ်လိုက်တော့လေ...
ထားမနေနဲ့၊ ဖုန်းထဲမှာ"

"ပေး...မမဖုန်း"

ကြင်နာရိပ်က နှောင်ကြိုးဖုန်းကိုယူပြီး သီချင်းကို ဖျက်
လေသည်။ လုပ်ချင်တာလုပ်ကြပါစေတော့။ မင်းစေသော်က မိ
တွေကို မခွဲနိုင်လို့ ကိုယ့်ကို လက်မထပ်နိုင်ဘူးဆိုမှတော့ ဘယ်
မျှော်လင့်ချက်နဲ့ ဒါတွေကို ထားနေရဦးမှာလဲ။

"နင်တို့လုပ်ချင်တာ လုပ်ပါ။ ငါ့မှာ မာနရှိတယ်။ သူ့
လွမ်းနေမယ့်အစား ငါ ညီသုတကို လက်ခံနိုင်အောင် ကြိုးစား
မယ်"

"တကယ်"

"လုပ်သာလုပ်"

"နောက်ကျ...ကိုမင်းစေသော် ပြန်ဆက်သွယ်ရင်
လက်မခံနဲ့တော့နော် မမ"

"အေးပါ"

"လက်ခံလို့ကတော့ တို့နဲ့တွေ့မယ်"

ပြောချင်တာ ပြောကြပါစေတော့။ အခုတော့ အငယ်တွေ
ပြန်ဆုံးမတာခံနေရတဲ့ ကိုယ့်အဖြစ်ရယ်လေ။ ဟုတ်တယ်...
မောင်ဆိုတဲ့နာမ်စား နှောင်ကြိုးဘဝထဲမှာ သေဆုံးသွားပါပြီ။
စိတ်က အဓိကပဲလေ။ စိတ်ကသတ်လို့ လူသေတတ်သလို...





စိတ်က နှိပ်စက်လို့ ဘဝပျက်တာတွေ ရှိတာပါ။ နှောင်ကြိုး
ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် ဆုံးမမှပါလေ။

"တီ...တီ"

"..........."

"တီ....တီ"

ကားဟွန်းတီးသံကြောင့် အားလုံးရဲ့အကြည့်တွေက
ကားဟွန်းတီးရာဆီသို့ ရောက်သွားလေတော့သည်။

"မမ. ဧည့်သည်လာတယ်"

ဇော်ထွဋ်က လှမ်းအော်လေလျှင်...

"အေး...အေး...လာပြီ"

လာပြီဆိုပြီးထွက်သွားတော့ ညီအစ်မလေးယောက်စလုံးပါ။

"ကိုညီသုပါလား"

"အေး...ဟုတ်တယ်"

"သရဖီ"

"ပြောလေ...မရိပ်"

"တို့ပြန်ကြမယ်ဟေ့...အလိုက်တသိ"

"ပြန်ကြတာပေါ့...ဟိ...ဟိ"

သရဖီက ပြောင်စပ်စပ်လုပ်သွားတော့ နှောင်ကြိုး
မျက်စောင်းထိုးပစ်လိုက်မိသည်။

"ညီသု...ဘယ်ကနေ လှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာ...မမ"

"သြော်"

"ဟဲ့...ဓော်ထွင့်"

"ဟင်"

"နင်က ဘာထိုင်လုပ်နေတာလဲ...ပြန်မယ်လေ...လာ"

"သြော်...အေး...လာပြီ"

အကြင်နာရိပ်က သူ့ယောကျ်ားကို ခပ်ဆောင့်ဆောင့်လေသံနဲ့ ခေါ်သွားလေတော့သည်။

"ကိုကြီးညီသု"

"ပြောလေ...ညီမ"

"ဒီကို တမင်လာတာဆိုရင် အေးအေးဆေးဆေးနေနော်။ လင်းလက်က ဆိုင်ထိုင်ရဦးမှာ"

"ကောင်းပါပြီ...ညီမ"

လင်းလက်လည်း ပြောင်စပ်စပ်နှင့် လျှာထုတ်ပြပြီး ထွက်သွားလေတော့သည်။ အိမ်ထဲမှာကျန်ခဲ့တာ ညီသုတနဲ့ နှောင်ကြိုး နှစ်ယောက်တည်းပဲပေါ့။ ညီသုက နှောင်ကြိုးမျက်နှာကိုပဲ ငေးနေလေတော့ နှောင်ကြိုး မနေတတ်စွာနဲ့ မျက်နှာကို ဟိုလွှဲဒီလွှဲပါ။

"မမ"

"..........."





"ကျွန်တော် မမကို ချစ်တယ်နော်"

"အဲဒါဘာဖြစ်လဲ"

"မမကလည်း ကျွန်တော်က မမကိုချစ်တော့ မမလည်း ကျွန်တော့်ကို ပြန်ချစ်ပေါ့"

"အဲဒီလောက်လွယ်လို့လား"

"မမ စဉ်းစားမယ်ဆို စဉ်းစားလေ...ကျွန်တော် မမ စောင့်နိုင်းသလောက် စောင့်မယ်"

"အဲဒါဆို တစ်နှစ်စောင့်"

"ဟာ...အဲဒီလောက်ကြီးတော့ မစောင့်နိုင်ဘူးလေ မမရဲ့။ အသက်တွေက ငယ်တော့တာမှ မဟုတ်တာ။ အဲဒီလောက်ကြီးတော့ မစောင့်ပါရစေနဲ့ မမရယ်နော်...တစ်လဆို တော်သေး"

နှောင်ကြိုး သက်ပြင်းလေးချလိုက်မိသည်။ လောလောဆယ်တော့ မဖြစ်နိုင်သေးဘူးလေ။ သူမရဲ့စိတ်ခံစားမှုကို အရင်ကုစားရဦးမှာပါ။

"မမ စဉ်းစားပေးပါ့မယ် ညီသုတ"

"တကယ်နော်...မမ"

"အင်း"

"ဟား...ပျော်လိုက်တာဗျာ"

နှောင်ကြိုး ညီသုတကိုကြည့်ပြီး တွေကနဲ ဖြစ်သွားလေသည်။ ယောကျ်ားတွေက ချစ်တယ်လို့ပြောပြီး အဖြေတောင်းချိန်

မှာ ဒီလိုပုံစံမျိုးချည်းပါပဲ။ နောက်ကျမှ သူတို့ဘက်က အေးစက်သွားတာ။

ညီသုတကရော…

ဘယ်လိုပြောင်းလဲလာဦးမှာတဲ့လဲ။





## အခန်း (၂၅)

နောက်ပိုင်းမှာ ညီသုတတစ်ယောက် နောင်ကြီးတို့အိမ်ကို အဝင်အထွက်များလာသည်လေ။ လာတိုင်းလည်း အဖြေတောင်းတာ တဂျီဂျီ။ နောင်ကြီးကတော့ စဉ်းစားနေတုန်းပါ။ ဘာလို့လဲဆို အချစ်ဆိုတာကို အယုံအကြည်မရှိတော့ပေ။

ယောကျ်ားတွေက…

အဖြေမရခင်သာ အသည်းအသန်။ ချစ်သူဖြစ်ပြီးသိပ်မကြာခင် သူတို့ဘက်က အေးစက်သွားတတ်ကြတာပဲမဟုတ်လား။ နောင်ကြီးက ခဲမှန်ဖူးတော့ နောက်ထပ် ခဲမှန်မှာကိုတောင် ကြောက်နေသူပါ။

"ဟယ်…ကိုကြီးညီသူ အရုပ်ကြီးဝယ်လာတာ လှလိုက်တာ…ဘယ်သူ့အတွက်လဲ…မမအတွက်လားဟင်"

"ဟုတ်တယ်လေ…ညည်းမမအတွက်ပဲပေါ့"

"ဟီး…အဲလိုမျိုး လိုချင်လိုက်တာ။ လင်းလက်တို့မှာတော့ ရည်းစားသာများတယ်။ အဲလိုဝယ်ပေးမယ့်သူ တစ်ယောက်မှ မရှိဘူး"

"ဟဲ့…လင်းလက်"

"အမ်"

"ဘာတွေလျှောက်ပြောနေတာလဲ။ ပြောသင့်မပြောသင့် မစဉ်းစားဘူး"

နှောင်ကြိုး ဟောက်လိုက်တော့ လင်းလက် ဇက်ကလေးပုသွားလေတော့သည်။ နှောင်ကြိုးတို့မှာ မိဘတွေမရှိကြတော့ နှောင်ကြိုးက အုပ်ထိန်းသူ။ မိဘမဲ့မို့ လင်းလက်ကို နှောင်ကြိုး အလိုလိုက်ထားတော့ အသက်ကသာ အရွယ်ရောက်နေတာ… စိတ်က ကလေးစိတ်ပါ။

ဒါကြောင့် ပြောချင်တဲ့စကားကို ဘာရယ်ညာရယ် မစဉ်းစားဘဲ ပြောချင်ရာပြောတတ်တာလေ။

"ပြောပါစေ မမရယ်…သူ့စိတ်ထဲရှိတဲ့အတိုင်း ပြောတာကို"

"ညီသူကလည်း သူ့ ရည်းစားများတာကို ပြောစရာလား"





"ဟုတ်လား…လင်းလက်က တကယ်ရည်းစားများတာလား"

"ဟီး"

"ငါ့ညီမ…တယ်စွံပါလားကွ"

"ကိုကြီးကလည်း ဒီလိုပဲပေါ့"

ညီသူက ဆိုင်ဘက်သို့ကြည့်ပြီး…

"ဆိုင်…ဘယ်သူထိုင်လဲ"

"ကောင်မလေးတစ်ယောက် ရှိတယ်။ လင်းလက်လည်း အခုပဲ သွားတော့မှာပါ"

ညီသူ ပညာသားနဲ့ နှင်လွှတ်တာကို လင်းလက် သဘောပေါက်ပါသည်။ ဒါကြောင့် စပ်ဖြဲဖြဲရုပ်နှင့် ထွက်သွားလေလျှင်…

"မမ"

"…………"

"ရော့…မမအတွက် ဝယ်လာတာ၊ ကြိုက်ရဲ့လား မသိဘူး"

"အင်း…ကြိုက်ပါတယ်၊ မမက အရုပ်ချစ်တယ်၊ ကလေးလည်း ချစ်တယ်"

"ဟုတ်လား"

"ဟင်"

မေးလိုက်တဲ့ ညီသူရုပ်က စပ်ဖြဲဖြဲပုံပေါက်နေသဖြင့်

နောင်ကြိုး တစ်ခုခုကို တွေးမိကာ သူ့ကို မျက်စောင်းထိုးလိုက်သည်သာ။

"တစ်ခုရှိသေးတယ်…မမ…မမအတွက် အသုံးဝင်မယ်ထင်လို့ ကျွန်တော် လက်ဆောင်ပေးဖို့ ဝယ်လာတာ"

"ဘာလဲ…တစ်ခုပေးရင် ရပါပြီ..ညီသုရဲ့။ ဘာလို့ နှစ်ခု ဝယ်လာရတာလဲ"

"မမကို ပေးချင်လို့ပေါ့"

ပြောပြီး ညီသုက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဗူးလေးကို လှမ်းပေးလေသည်။ အရုပ်ကတော့ နောင်ကြိုးရင်ခွင်ထဲကို ရောက်နေပါပြီ။ နောက်ထပ်ပေးတဲ့ ဗူးလေးကို နောင်ကြိုး ချက်ချင်း မယူပေ။

"ညီသု"

"ဗျာ…မမ"

"ဒီတစ်ခါတော့ ရှိပါစေတော့…မမ ယူလိုက်မယ်။ နောက်ကို မမအတွက် ဘာလက်ဆောင်မှ ဝယ်မပေးပါနဲ့"

"မမကလည်း ကိုယ်ချစ်တဲ့သူမို့လို့ ပေးတာကို"

"မမ သူများပေးတဲ့လက်ဆောင်ပစ္စည်းကို ပေးတိုင်းမယူတတ်လို့ပါ။ မင်းက မမဆီမှာ အဖြေတောင်းထားတဲ့သူဆိုတော့ ပိုဆိုးတယ်။ ဘာဖြစ်လို့လဲဆို ချူစားတယ်၊ မြှူစားတယ်ဆိုတာမျိုး မမ အထင်မခံနိုင်လို့ပါ"

"ဟာ…ဘယ်သူက ထင်မှာလဲ…မမရဲ့။ မဆိုင်ပါဘူး…ကိုယ့်ချစ်သူကိုယ်ပေးတာပဲဟာ"

"နောက်ကို မပေးပါနဲ့"

နောင်ကြိုး ညီသုကမ်းပေးတဲ့ ဗူးလေးကို ယူလိုက်သည်။ ဗူးပေါ်မှာ ရေးထားတဲ့စာက…

"မမရဲ့ ဘဝခရီးမှာ အစက်အပြောက်ကလေးဖြစ်ဖြစ် ပါဝင်ခွင့်ရလည်း ကျေနပ်နေမယ့် ဘောလ်ပင်န်လေးပါ" တဲ့။

ပြီးတော့ ညီသုတဆိုတဲ့ လက်မှတ်လေးပေါ့။ ဗူးခွံလေးကို ဖယ်လိုက်တော့ အတွင်းမှာ ဗူးလေးတစ်ဗူးနဲ့ပဲ ရွှေရောင်ဘောလ်ပင်န်လေးပါ။

"မမက ကဗျာတွေရေးတော့လေ…လိုအပ်မယ်ထင်လို့ သတိရပြီး ဝယ်လိုက်တာပါ"

"ကျေးဇူးပါ…ညီသု"

"ကျေးဇူးမလိုဘူးလေ…မမ…ဒီတစ်ခါတော့ ကျွန်တော့်ကို အဖြေပေးတော့လေလို့ မတောင်းတော့ပါဘူး"

နောင်ကြိုး မျက်ခုံးလေးနှစ်ဖက် စုကျုံ့မိပြီး…

"ဘာဖြစ်လို့လဲ"

"ဒီနေ့ မမကို ကျွန်တော် လက်ဆောင်တွေပေးမိလို့ပါ။ လက်ဆောင်ပေးပြီး အဖြေတောင်းတယ်ဆိုတာမျိုး မဖြစ်စေချင်လို့ပါ"

“ကောင်းတယ်…မတောင်းနဲ့”

“ဒီနေ့ပဲနော် မမ…နောက်နေ့တွေကျ တောင်းနေဦးမှာပဲ”

“ဘာတောင်းမှာလဲ”

ပြောပြီး နောင်ကြီးက ရယ်လေသည်။ တောင်းမှာပဲဆိုတာကိုပဲ အဓိပ္ပာယ်တစ်မျိုး ပြောင်းစေလိုက ညီသုကို နောက်လိုက်ခြင်းပါ။ ညီသုကလည်း သဘောပေါက်ကာ…

“အာ…ကျွန်တော်က မမဆီက ချစ်တယ်ဆိုတဲ့အဖြေကို တောင်းမှာပြောတာ…မလှောင်ပါနဲ့ မမရာ”

“မလှောင်ပါဘူး…လှောင်ရအောင် မင်းက သိုလှောင်ပစ္စည်းမှ မဟုတ်တာ”

“မမကလည်း”

နှစ်ယောက်သား ရယ်လိုက်မိကြသည်။ အတိတ်ဆိုတာကို အတတ်နိုင်ဆုံး မေ့ထားချင်သူမို့ လက်ရှိအခြေအနေမှာ ရယ်စရာတွေ ပြောနေမိခြင်းသာ။ အတိတ်က အရိပ်တွေ လွင့်ပြယ်ပျောက်ကွယ်သွားပါတော့။

“ကျွန်တော့်ကို အသည်းယားအောင် မလုပ်နဲ့…သိလား။ ဖက်နမ်းမိလိမ့်မယ်”

“အမယ်‥နမ်းရဲနမ်းကြည့်ပါလား”

“နမ်းရင် မမက ဘာလုပ်မှာလဲ”

“ပါးတော့ မရဘူး…လက်ဝါးပဲရမယ်”





“ဟာ…ဗျာ”

ညီသုတ မျက်နှာညှိုးသွားမလားလို့… လုံးဝ မျက်နှာမညှိုးဘဲ ရယ်ကျဲကျဲနှင့်သာ။

“မမ ရိုက်ရက်ရင် ရိုက်လေ…ကျွန်တော် ပါးဖောင်းပေးမယ်။ နှစ်ဖက်လုံးရိုက်မှာလား…ပြီးရင်တော့ မမက ချစ်တယ်လို့ ပြောပေါ့။ အဟဲ…နမ်းရင်လည်း စိတ်မဆိုးပါဘူးလို့”

“မင်း နစ်နာနေဦးမယ်”

“နစ်နာပါစေဆို”

နောင်ကြီး မျက်စောင်းထိုးမိပြန်သည်။ ပြီးတော့ ဝက်ဝံရုပ်ကလေးကို ခပ်တင်းတင်းဖက်ပြီး နှာခေါင်းလေးကို ငုံ့နမ်းလေလျှင်…

“မနာလိုတော့ဘူး…အဲဒီအရုပ်ကို”

ညီသုတပုံစံက တကယ့်ကို အရုပ်ကိုပင် မနာလိုသည့်ပုံပါ။

“မမ”

“ဟင်”

“အဲဒီအတိုင်းနေနော်”

“ဘာလုပ်မလို့လဲ”

“ဓာတ်ပုံရိုက်ယူထားမလို့…ခဏလေး”

ညီသု ပြောပြောဆိုဆိုနှင့် ထရပ်ကာ ဖုန်းကင်မရာနှင့် နောင်ကြီးကို ဓာတ်ပုံရိုက်လေတော့ နောင်ကြီးက ဓာတ်ပုံရိုက်

တာ ဝါသနာပါသူပီပီ ပဲပေးလိုက်သည်သာ။

"မမက ဓာတ်ပုံထဲမှာ အရမ်းလှတာပဲ"

"အပြင်မှာ မလှမှန်း…ကိုယ့်ကိုယ်ကိုယ် သိပါတယ်"

"ဟာ…မဟုတ်ပါဘူး မမရဲ့…ရုပ်လှဖို့ထက် စိတ်လှဖို့က အဓိကပဲဟာ"

"ထားပါ"

"ဒီမှာ မမပုံတွေ ကြည့်ပါဦး"

နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး ဓာတ်ပုံတွေကို ကြည့်နေစဉ်…

သမုဒ္ဒရာကြီးက ပြောတယ်×××ရေပြင်ကျယ်ဟာ သူ့ရဲ့ အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်×××စမ်းချောင်းကလေးတွေကို ချစ်တယ်×××

ထိုရောင်းတာထင်ပါရဲ့။ အချစ်စစ်ရဲ့ဟန်ဖိုးသီချင်းကိုမှ ဖွင့်လေတော့ နောင်ကြိုး တွေကနဲ ဖြစ်သွားလေသည်။

အို…မကြားချင်ဘူး။

နောင်ကြိုး ပြုံးနိုင်အောင်ကြိုးစားပြီး ညီသုနဲ့ စကားတွေ ဖောင်နေလိုက်တော့သည်သာ။





## အခန်း (၂၆)

နောင်ကြိုး ဒီနေ့ ရေးဖြစ်တဲ့ကဗျာလေးကို Facebook မှာရေးပြီး post တင်နေစဉ်…

"မမ"

"မမ နေကောင်းရဲ့လား"

"အလုပ်အကိုင်ရော အဆင်ပြေရဲ့လား"

စာက ဆက်တိုက်ဝင်လာသဖြင့် post တင်ပြီးတာနှင့် ကြည့်လိုက်စဉ် ဩော်…စာပို့တာ ခွန်းသိုက်ညိုပဲကိုး။ လူချင်း လမ်းခွဲလိုက်ကြပေမယ့် Facebook မှာတော့ သူငယ်ချင်းအဖြစ် ရှိနေသေးသည်လေ။ သူကစပြီး နှုတ်ဆက်တော့လည်း…

"မင်္ဂလာပါ မောင်လေး…မမ နေကောင်းပါတယ်"

"ဝမ်းသာပါတယ် မမ"

"မောင်လေးရော နေကောင်းလား"

"ဒီလိုပါပဲဗျာ…ကျန်းမာရေးက ကောင်းလိုက်၊ မကောင်းလိုက်ပါပဲ"

"ဟုတ်လား…ဆေးခန်းသွားပြလေ"

"မပြဘူး…မမ၊ သေချင်သေပါစေတော့"

"ဟင်"

သူ အဲဒီလိုပြောတော့ နှောင်ကြိုး ဘာပြန်ရေးရမှန်း မသိတော့ပေ။

"မမ"

သူ ခေါ်မှပဲ…

"ပြောလေ"

"မမကို ကျွန်တော် အရမ်းသတိရနေတာ။ မမရော ကျွန်တော့်ကို သတိမရဘူးလား"

"သတိရပါတယ်"

"ကျွန်တော် မမနဲ့ အတူတူသွားခဲ့တဲ့ နေရာတွေကို ခဏခဏရောက်တယ် မမ"

"ဘာသွားလုပ်တာလဲ"

"အရိပ်ကလေးတစ်ခုကို တွေ့လိုတွေ့ငြား သွားရှာနေမိ





…တာပါ"

"သြော်"

နှောင်ကြိုး စိတ်မကောင်းတော့ ဖြစ်မိပါသည်။ ဒါပေမဲ့ …သူ့ကို မျှော်လင့်ချက်တွေ ထပ်မပေးချင်တော့ပါဘူး။ နေလက်စ …နေပါစေတော့။ သူ့ရဲ့သဝန်တိုမှု၊ စိတ်ဆတ်မှု၊ ဒေါသဖြစ်လွယ် …တွေကြားမှာ…

နှောင်ကြိုး မမွန်းကျပ်ချင်တော့ပေ။

ပြီးတော့ သူက ကိုယ့်ထက် အရမ်းငယ်နေတာ အပြစ် …တစ်ခုပဲပေါ့။

"မမက နေနိုင်တယ်နော်။ ကျွန်တော့်အပေါ် အရမ်းစိမ်း …သွားတာပဲ"

"မစိမ်းပါဘူး…ပုံမှန်ပါ။ အရင်လိုခင်ပါတယ်"

"မမ…ကျွန်တော့်အပေါ်မှာ မောင်လေးတစ်ယောက်လို …တောင် သဘောမထားနိုင်တော့ဘူးလားဗျာ"

"မောင်လေး"

"ဗျာ"

"မမ…မောင်လေးကို မောင်လေးတစ်ယောက်လို သဘော …ထားပါတယ်"

"ကျေးဇူးပါ…မမ"

"ရပါတယ်…မောင်နှမချင်း ပြောစရာမလိုပါဘူး"

"ဟုတ်ကဲ့ပါ"

ခွန်းဘက်က စာထပ်မပို့တော့ နှောင်ကြိုးလည်း ထပ်မပို့တော့ပေ။ ကိုယ့်ကဗျာလေးမှာ comment ဝင်ရေးတဲ့သူတွေကိုသာ reply ပြန်နေစဉ် ခွန်းဆီမှ စာထပ်ဝင်လာလေသည်။

"မမ"

"ပြောလေ မောင်လေး"

"မမ အခု ချစ်သူအသစ်ရနေပြီလား"

"အင်း...ရပြီ"

နှောင်ကြိုး ပြီးစလွယ်ပဲ ဖြေလိုက်သည်။ နောက်ထပ် သံသရာမရှည်ချင်တော့ပါဘူး။

"ဘယ်သူလဲ...မမ...ဘယ်ကလဲ"

"သူ့နာမည်က ညီသုတပါ"

"သြော်"

"အင်း"

"အဆင်ပြေရဲ့လား မမ"

"ပြေပါတယ်...သူက မမကို အရမ်းချစ်တယ်လေ"

"ဟုတ်"

ခွန်း တွေးနေမလား။ ကျွန်တော်လည်း မမကို အရမ်းချစ်ခဲ့တာပါလို့လေ။ ဒါမှမဟုတ် ကိုယ့်ကို အရင်လို ကျိန်ဦးမလား။ မာနနဲ့ နှုတ်ခမ်းပဲ မဲ့သွားမလား...မပြောတတ်ပါဘူး။





"ကောင်းပါတယ်...ဝမ်းသာပါတယ် မမ"

"မင်းရော"

"ဘာလဲ မမ"

"အသစ်ရနေပြီလား"

"ဟုတ်တယ်...ရနေပြီ"

"သြော်"

"ဒါပေမဲ့ ကျွန်တော် မပျော်ဘူး...မမ၊ ဦးနှောက်နဲ့ ရွေးချယ်လိုက်တာပါ။ သူ့ကို ကျွန်တော် မချစ်ဘူး...မမ"

နှောင်ကြိုး စိတ်မကောင်းဖြစ်သွားရသည်။ ခွန်းအတွက် မဟုတ်ပါဘူး။ သူ့ကောင်မလေးအတွက်ပါ။ အခု ခွန်းပြောတဲ့စကားကို ခွန်းရဲ့ကောင်မလေးသာသိရင် ဘယ်လိုခံစားရမလဲလို့ပေါ့။

"ခွန်း"

"ဗျာ...မမ"

"မင်းပြောတဲ့စကားမျိုးကို အခြားသူတွေ မပြောမိပါစေနဲ့။ ကောင်မလေးသိသွားရင် ခံစားရမှာပေါ့"

"မတတ်နိုင်ဘူး...မမ"

"ကလေးမလေးကို မင်း ချစ်နိုင်အောင် ကြိုးစားပါ"

"ဟူး"

နှောင်ကြိုး ခွန်းကို နားချနေမိသည်။ ကလေးမလေးက

ခွန်းကို တကယ်ချစ်တာဆိုရင် ခွန်းပြောတဲ့စကားတွေကို ကြားလို့ ကတော့…

ဟူး…

နှောင်ကြိုး ကိုယ်ချင်းစာပါသည်လေ။ အချစ်ဆိုတာ ပိုချစ်တဲ့သူက ပိုပြီးခံစားရတာပါ။

"မလွယ်ဘူး…မမ…ကျွန်တော်က အစွဲအလမ်းကြီးတတ်တယ်"

"ထားပါတော့"

"မမ"

"ပြောပါ"

"မမကို ပိုင်ဆိုင်ခွင့်ရမယ့်ယောကျ်ားက သိပ်ကံကောင်းမှာပဲနော်"

"မမ အိပ်တော့မယ်…မောင်လေး"

"ဟုတ်ကဲ့ပါ…မမ…မမ ပျော်ရွှင်ပါစေဗျာ။ တွဲသော လက်တွေ နိုင်မြဲပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"ကျေးဇူးပါ မောင်လေး…good night ပါ"

"good night ပါ"

နှောင်ကြိုး အင်တာနက်ကို ပိတ်ပစ်လိုက်တော့သည်။ မင်းလည်း တစ်နေ့မှာ အချစ်စစ်ကို တွေ့ပါစေ ခွန်းရယ်။





# အခန်း (၂၇)

ဒီနေ့…

နှောင်ကြိုး ညီသုကို အဖြေပေးမယ်လို့ ပြောထားတာလေ။ အဖြေပေးရင် မက်ဆေ့ချ်နဲ့လည်း မဖြေနဲ့။ ဖုန်းထဲကနေလည်း မဖြေနဲ့။ လူချင်းတွေ့ပြီး ဖြေပါဆိုလို့ ချိန်းထားခဲ့ကြတာပါ။ အရင်ရက်ကတည်းက ညီသုက ပုဆိုးနဲ့ထဘီ ဆင်တူဝယ်ထားသည်တဲ့။

နှောင်ကြိုးဆီသို့ ထဘီလာပို့ပေးသည်လေ။ မမ ကျွန်တော့်ကို ချစ်တယ်ဆိုရင် ဒီထဘီလေး ဝတ်ခဲ့ပါတဲ့။ နှောင်ကြိုး ဝတ်လာခဲ့ပါပြီ။ ချိန်းထားတာ ရွှေတိဂုံဘုရားမှာပါ။ သောကြာထောင့်ကိုရောက်တော့ ညီသု နှောင်ကြိုးလာနေတာကို မမြင်ဘဲ ဖုန်းနှင့်ဘာတွေအလုပ်ရှုပ်နေသည် မသိပေ။

"ညီသု"

"…………"

"ညီသု"

နောက်တစ်ခါ ခပ်ဆောင့်ဆောင့်ခေါ်မှပဲ ညီသု မော့ကြည့်ပြီး နောင်ကြီးကိုမြင်တော့ ပျာပျာသလဲ ဖြစ်သွားလေသည်။

"ဟာ…မမ"

"မမတစ်ယောက်လုံးလာတာကို မမြင်ရအောင် အဲဒါ ဘာလုပ်နေတာလဲ"

"အဟဲ"

"ပြောလေ"

"ဒီမှာကြည့်"

ညီသုက သူ့ဖုန်းလေးကို နောင်ကြီးမျက်နှာရှေ့သို့ တိုးပေ ပြီး ပုံတွေကို လက်ညှိုးနှင့် ဆွဲပြလေသည်။

"ဟင်"

နောင်ကြီးရဲ့ပုံတွေကို ကာတွန်းရုပ်ကလေးတွေ လုပ်ထား တာပါ။

"သူများပုံတွေကို ဖျက်လိုဖျက်ဆီးနဲ့"

"ချစ်လို့လုပ်တာလေ"

"ပွန်း"

ညီသုအကြည့်က နောင်ကြီးရဲ့ထဘီဆီသို့ ရောက်သွားပြီး





မျက်နှာက ဝမ်းသာအားရပုံဖြစ်သွားကာ…

"ဟာ…မမ"

"ဘုရားကို ပန်းကပ်မလို့…ပန်းသွားဝယ်ပေးဦး"

"ဟုတ်သားပဲ…ခဏစောင့်နော်…မမ"

ချက်ချင်း လှည့်ထွက်သွားတဲ့ ညီသုရဲ့ခြေလှမ်းတွေက လန်းလန်းတက်ကြွနေသည်။ ချစ်တယ်ဆိုတဲ့စကားကို မဖြေကြား သေးပေမယ့် ထဘီလေးမှာ အဲဒီအဓိပ္ပာယ်တွေ ကပ်ပါလာလေ တော့ ညီသု မပျော်ဘဲနေပါ့မလားလေ။

နောင်ကြီး…

ထိုင်စောင့်နေတာ သိပ်မကြာခင်မှာပဲ ညီသု ပြန်ရောက်လာ လေသည်။

"ရော့…မမ"

"အင်း…မမ ပန်းကပ်လိုက်ဦးမယ်"

"အင်းပါ"

နောင်ကြီး ဘုရားမှာ ပန်းကပ်၊ ဆင်းတုတော်ကို ရေသပ္ပာယ်နေတဲ့အချိန်မှာ ညီသုက သူ့ဖုန်းနှင့် ဓာတ်ပုံရိုက်ပေးနေ သည်သာ။ ဘုရားရှိခိုးတုန်းကတော့ အတူတူပေါ့။ ဒီလိုပဲ ရွှေတိဂုံ မှာ မောင်နဲ့ဆုံခဲ့တဲ့အခါတွေ မနည်းခဲ့ပေမယ့် အခု ညီသုနဲ့လို ဘုရားအတူ ရှိခိုးခဲ့တာမရှိပေ။

မင်းစေသော်က နားလည်ရခက်တဲ့လူလေ။ နောင်ကြီး

လည်း အတူတူပဲလို့ ပြောရမလား။ သူ့ ဘုရားဆင်းတုတော်ကို ရေသပ္ပာယ်နေတဲ့အချိန်မှာ နှောင်ကြိုးက ထိုင်ကြည့်နေပြီး နှောင်ကြိုး ပန်းကပ်တော့ မောင်က မတ်တတ်ရပ်စောင့်နေခဲ့တာ လေ။ အတူတူရှိနေပြီး အတူဘုရားမဖူးခဲ့ကြဘူးဆိုပါတော့။ ဒါကြောင့်ပဲ ဝေးခဲ့လေသလား။

အခု…

ညီသုနဲ့ကျတော့ ဘေးချင်းယှဉ်ပြီး အတူတူ ဘုရားရှိခိုးဖြစ် သည်ဆိုတော့…

"မမ"

"ဟင်"

"ဘယ်သွားချင်လဲ"

"မသိဘူးလေ…ညီသု ခေါ်ရာလိုက်မယ်"

"တကယ်လား"

"ဟင်းနော်၊ ဒီက အကောင်းပြောတာကို ဖောက်မလာနဲ့"

နှောင်ကြိုး မျက်စောင်းထိုးလေတော့ ညီသုက မျက်ခုံးပင့် ကြည့်ပြီး ရယ်လေသည်။ ပြီးတော့ နှစ်ယောက်သား ဟက်ပီးဝါး ဘက်သို့ ကူးခဲ့ကြသည်။ အဆောင်လေးထဲမှာ ဘယ်သူမှ မရှိလေ တော့ အဆောင်ထဲမှာပဲ ဝင်ထိုင်ဖြစ်ကြပြီး…

"မမ"

"ဟင်"





"မမ…ကျွန်တော့်ကို ချစ်တယ်ပေါ့နော်"

"ပြောမိလို့လား"

"ဟာ…မမ…မနောက်နဲ့ဗျာ။ မမ ကျွန်တော့်ပုဆိုးနဲ့ ဆင်တူ ထဘီဝတ်လာတယ်လေ။ အဲဒါ ကျွန်တော့်ကိုချစ်လို့ပေါ့"

"အင်း"

"ဟင်…ဘာအင်းလဲ"

"မသိဘူးလေ"

"မမ"

"………"

"မမကို ကျွန်တော် အရမ်းချစ်တယ်။ မမလည်း ကျွန်တော့် ကို ချစ်တယ်မဟုတ်လားဟင်"

"…………"

"မမ ဖြေလေ"

"အင်းပါဆို"

"ဘာအင်းပါလဲ…အင်းပါလို့ မရဘူးလေ…ချစ်တယ်လို့ ပြော"

"………"

"မမ…ပြောဆို"

"အင်းပါ…ချစ်တယ် တစ်သိန်း"

"ဟား"

မှီရတဲ့မျက်နှာဆိုတာ ညီသု ယခုဖြစ်တည်သွားတဲ့ မျက်နှာမျိုးကို ပြောတာပဲဖြစ်မှာပါ။ ချစ်တဲ့မျက်စိနဲ့ကြည့်ရင် ချစ်စရာကောင်းပြီး မုန်းတဲ့မျက်စိနဲ့ကြည့်ရင် မုန်းစရာကောင်းတယ်တဲ့။ ညီသုက မချောပါဘူး။ ဒါပေမဲ့ နှောင်ကြိုး မျက်လုံးထဲမှာ ညီသုက ကြည့်လို့ကောင်းနေသည်ပေါ့။

"ဝမ်းသာလိုက်တာ မမရာ"

"ညီသု"

"မမနဲ့ကျွန်တော် ချစ်သူဖြစ်ပြီနော်"

"အင်း"

"ဒါဆို ညီသုလို့ မခေါ်နဲ့တော့"

"ဟင်…ဘယ်လိုခေါ်ရမလဲ"

"မောင်လို့ခေါ်"

နှောင်ကြိုး မျက်နှာလေးညှိုသွားလေသည်။ ခွန်းနဲ့တုန်းက မောင်ခေါ်ခိုင်းတာ မခေါ်လို့ စကားများရတာ ခဏခဏပါပဲ။ ကျွန်တော့်ကို မောင်ခေါ်ရမှာ မမ သေမလောက်ကြောက်နေသလား။ မောင်လို့မခေါ်ရင် ကျွန်တော့်ကို ဂြိုဟ်ကောင်လို့သာ ခေါ်တော့ဗျာဆိုတာတွေပေါ့။

အခု…

ညီသုကလည်း မောင်လို့ခေါ်ခိုင်းနေပြန်ပြီ။ နှောင်ကြိုးရင်ထဲမှာ မောင်ဆိုတာ တစ်ယောက်တည်းရှိတာမို့ နောက်တစ်ယောက်ကို မောင်လို့ ထပ်မခေါ်ချင်ပေ။

"မောင်လို့တော့ မခေါ်ပါရစေနဲ့ ညီသု"

"ဘာဖြစ်လို့လဲ မမ"

"အရင်က မမချစ်သူကိုမမ အဲဒီလိုခေါ်ခဲ့လို့ပါ"

ညီသု အပြုံးမပျက်ရှိနေပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးဖြစ်သွားသည်လေ။ အမည်မသိတဲ့ ဝေဒနာတစ်ရပ် ဖြစ်တည်သွားတာပေါ့။ နှောင်ကြိုးလည်း မျက်နှာလွှဲလိုက်မိသည်သာ။

"အဲဒါဆို…မောင်လို့ မခေါ်ပါနဲ့။ ကိုလို့ပဲ ခေါ်နော်"

"ကို"

"ဗျာ"

ညီသုက နှောင်ကြိုးထက် ငယ်သည်လေ။ ဒါပေမဲ့ မောင်လို့ မခေါ်ချင်ဘူးဆိုတော့ 'ကို'လို့ပဲ ခေါ်ရတော့မှာပေါ့။ ကိုလို့ခေါ်တာ ဆိုးနွဲ့ချင်လို့ဆိုရင် ညီသုက အလိုလိုက်မှာတဲ့လား။

"ညီသုက မမကို မမလို့ခေါ်တော့ မမက ညီသုကို ကိုလို့ခေါ်လို့ ဖြစ်ပါ့မလား"

"ဟာ…ချစ်ကလည်း ကိုက ချစ်ကို ချစ်လို့ခေါ်မှာပေါ့"

အင်း…ဒါလည်း ဟုတ်တာပါပဲ။ နှောင်ကြိုးမှာ အခုမှ ဘာကိုမှ မသိနားမလည်တဲ့ ကလေးတစ်ယောက်ပုံစံနဲ့ယ်ပါ။

"နော်…ချစ်"

"အင်းပါ"




ရွှေပဒေသာစာပေ

"ဘာအင်းပါလဲ…ချစ်ကလည်းကွာ…တအင်းအင်းနဲ့"

"အင်းမပြောလို့ ဘာပြောရမှာလဲလို့"

"ကို့ကို တကယ်ချစ်တယ်နော်"

"အင်း"

"လာပြန်ပြီ…အင်း"

"ချစ်တယ်လို့ပြောတာပါ"

"ချစ်"

"………"

"ပြန်ခေါ်လေ…ကို့ကို"

"ချက်ချင်းကြီး"

"ဘာဖြစ်လဲ ကိုယ့်ချစ်သူကိုယ်ခေါ်တာ…ခေါ်နော် ချစ်"

"ကို"

"ချစ်"

"ကို"

"အရမ်းချစ်တယ်…ချစ်ရယ်"

နှောင်ကြိုးရဲ့ပါးပြင်ဆီမှာ နွေးကနဲ ဖြစ်သွားလေသည်။ ကဲ…ဘာတတ်နိုင်သေးလဲ နှောင်ကြိုး။ ရောင်ချိန်တိမ်းချိန်ပင် မရလိုက်ဘူးလေ။





# အခန်း (၂၈)

ညီသု…

အိပ်ရာကနိုးတာနှင့် ဖုန်းကို လှမ်းယူလိုက်သည်။ ပြီးတော့ နှောင်ကြိုးရဲ့ဖုန်းနံပါတ်ကို နှိပ်လိုက်ကာ ဖုန်းခေါ်လိုက်လေလျှင်-

"ဟယ်လို"

"ချစ်"

"အင်"

"အခုထိ မနိုးသေးဘူးလား…ထတော့လေ"

"အင်း"

"အင်း…ဘာအင်းလဲ…ထတော့…ထတော့"

"အင်း…ထမယ်လို့"

"အင်း…ချစ်တယ်နော်"

"အင်း"

"ဟား…အင်း…အင်…အင်းပဲ။ ကိုကို ချစ်တယ်လို့ ပြောလေကွာ"

"ချစ်တယ်…ချစ်တယ်"

"ဆောင့်ဆောင့်အောင့်အောင့်အသံနဲ့ကွာ…စိတ်မပါဘူးလား…ပြောရတာ"

"စိတ်ပါပါတယ် ကိုရဲ့…ချစ်တယ်နော်…ဒါပဲကွာ"

"အင်းပါ…ကို ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါရှင့်"

နှစ်ယောက်သား ရယ်မိကြပြီး ညီသု ဖုန်းချလိုက်တော့သည်။ တကယ်ဆို ချစ်သူနဲ့ အချိန်တိုင်းစကားတွေ ပြောနေချင်တာပါ။ သူ့ဘက်က အားမအားကိုလည်း ငဲ့ရသေးတယ်လေ။ ပြီးတော့ ကိုယ်ကလည်း အလုပ်တစ်ဖက်နဲ့မဟုတ်လား။

ဒါကြောင့်…

ဆန္ဒကို မျိုသိပ်ထားရသည်သာ။ ချစ်သူဆိုတဲ့ခေါင်းစဉ်လေးက ရင်ကို နွေးထွေးလိုက်ခုန်စေတဲ့အရာလား။

"သားလတ်"

"ဗျာ…အမေ"

"အမေ…ထမင်းချိုင့်ထည့်ထားပြီးပြီ"

"ဟုတ်ကဲ့…အမေ"





"ကိုလတ်"

သူ့ဆီသို့ လျှောက်လာနေတဲ့ အငယ်ကောင် ကြည်သု မျက်နှာက စပ်ဖြဲဖြဲနှင့်ပါ။ ညီသုတို့မှာ သုတကို ညီသုတနဲ့ ကြည်သုတဆိုပြီး ညီအစ်ကိုသုံးယောက် ရှိကြသည်လေ။

"ကိုလတ်…ချစ်သူရနေပြီလား"

ညီသု မဖြေဘဲ ပြုံးစိစိ ဖြစ်သွားရလျှင်…

"သိနေတယ်နော်…ကိုလတ်…မလျှို့နဲ့။ ကိုလတ်ဖုန်းထဲမှာ မမတစ်ယောက်ပုံတွေ အများကြီးပဲ။ ဟဲ…ဟဲ…တို့အစ်ကို စွံပြီပေါ့လေ…ဟုတ်စ"

"ဟာ…ကြည်သု…မင်း ငါ့ဖုန်းကို ငါမရှိတုန်း ခိုးကြည့်တယ်ပေါ့…ဟုတ်လား"

"ခိုးမကြည့်ပါဘူး…တွေ့လို့ကြည့်မိတာ။ အပြန်အလှန်စာပို့ထားတာတွေလည်း တွေ့ပါ့။ ဘာတဲ့…ကိုတဲ့…ချစ်တဲ့…ဟား…ဟား"

"ဟာ…ကြည်သု မင်းကွာ"

ကြည်သုက ရယ်တော့ ညီသု မနေတတ်တော့ပေ။ ရှက်ရှက်နှင့်ပဲ ပြုံးစိစိပေါ့။ ချစ်သူရှိနေပါပြီလို့ အသိမပေးရဲတာမဟုတ်ပါဘူး။ အသိပေးရမှာ ရှက်နေတာပါလေ။

"ပြောပါဦး ကိုလတ်ရ…သူက ဘယ်ကလဲ။ ဘယ်လိုစတွေ့ကြတာလဲဆိုတာ"

"ကြည်သု…မစပ်စုနဲ့ကွာ၊ ငါ မဖြေတတ်ဘူး။ သိရင်လည်း သိတဲ့ဘာသာ အေးအေးဆေးဆေးနေကွာ"

"ဟား…ဟား…လူပျိုကြီး ရှက်နေပြီကွ"

အမေ့ရှေ့မှာဆိုတော့ ပိုဆိုးသည်လေ။ ညီသု မျက်နှာ ဘယ်လိုထားရမှန်း မသိတော့ပေ။ အမေကလည်း ပြုံးစိစိနဲ့။

"သားလတ်"

"ဗျာ…အမေ"

"သားလတ် တကယ်ပဲ ချစ်သူရနေပြီလား"

"အမေကလည်း"

ပြောပြီး ညီသု လည်ပင်းကို ပွတ်လေလျှင်…

"အမေကလည်းမလုပ်နဲ့…ဒါ ရှက်စရာမှမဟုတ်ဘဲ သားလတ်ရဲ့…သားလတ် အသက်သုံးဆယ်ကျော်နေပြီပဲကွယ်။ အိမ်ထောင်ပြုမယ်ဆိုပြုပါ"

"ဟုတ်ကဲ့ပါ…အမေ"

"ဒါနဲ့ သားရဲ့ချစ်သူက ဘယ်ကလဲ…မိဘတွေက ဘာအလုပ်လုပ်ကြလဲ…သားလတ်"

"သူ့နာမည်က သစ္စာနှောင်ကြိုးပါ အမေ…သူမှာ ညီမတစ်ယောက် ရှိတယ်။ နာမည်က သစ္စာလင်းလက်။ မိဘတွေ မရှိကြတော့ဘူး…အမေ။ ညီအစ်မနှစ်ယောက်တည်းနေပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နေကြတာပါ"





"သြော်"

ညီသု အမေ ဘာများထပ်ပြောမလဲလို့ အမေ့မျက်နှာကို ခပ်တွေတွေ ကြည့်လိုက်မိသည်။ အမေက သူ့ကို ခပ်တွေတွေလေး ပြန်ကြည့်ပြီး…

"အခု…သူတို့က ဘာအလုပ်လုပ်ကြလဲ…သားလတ်"

"စတိုးဆိုင်ဖွင့်ထားပါတယ် အမေ…အထည်တွေနဲ့ အလှကုန်ပစ္စည်းတွေပေါ့"

"အမေကလည်းဗျာ…စစ်ဆေးမေးမြန်းလိုက်တာ လွန်ရောပဲ…အဲဒီမမပုံစံက ရိုးသားဖြူစင်မယ့်ပုံပါ အမေရ…အမေ့သားကလည်း နှပ်စားသူငယ်လေးမှမဟုတ်တာ"

"အေးပါဟယ်…ငါက အမေဆိုတော့ တာဝန်အရ မေးရိုးမေးစဉ်အတိုင်း မေးတာပါ"

"စိတ်ချပါ အမေ…သားရွေးချယ်တဲ့မိန်းကလေးက အမေနဲ့ မသင့်မြတ်တဲ့ မိန်းကလေးမျိုး မဖြစ်စေရပါဘူး။ ပြီးတော့ သူက မိဘမရှိတော့ မိဘမေတ္တာငတ်နေတာပါ။ အမေ့ကို အမေရင်းတစ်ယောက်လို လေးစားချစ်ခင်နိုင်မယ့် မိန်းကလေးမျိုးပါ အမေ"

"သားလတ်ကို အမေ ယုံပါတယ်"

"သားလတ်ကို အမေ ယုံပါတယ်ဆိုတော့ သားငယ်ကို မယုံဘူးဆိုတဲ့သဘောလား အမေ"

ကြည်သုက အငယ်ဝီဝီ ပြောတဲ့စကားကို ဖောက်ပြီးမေးလေသည်။ တမင် နောက်နေမှန်းသိလို့ ညီသု ဘာမှမပြောဘဲ ရယ်ကျဲကျဲနှင့်သာ ထွက်လာခဲ့တော့သည်။ ညီသု အလုပ်သွားဦးမည်မဟုတ်လား။ ကြည်သုနဲ့ အမေ ဘာတွေပြောကျန်ခဲ့မလဲ နားမစွင့်တော့ပေ။

နှုတ်ခမ်းသားလေးက ပြုံးနေသည်။

ချစ်သူ့အကြောင်းကို တွေးလိုက်မိတိုင်း ဒီနှုတ်ခမ်းလေးက အမြဲပြုံးမိတာ။ အချစ်သည် အပြုံးကို ဖန်ဆင်းပေးနိုင်တဲ့ နတ်ဘုရားလား။

"ညီသု"

"............"

"ဟော့ကောင်"

ညီသု အသံကြားရာဆီသို့ ကြည့်လိုက်တော့ ကိုကြီးပါ။ ကိုကြီးကလည်း အိမ်ထောင်မကျသေးတဲ့ လူပျိုကြီးပါပဲ။

"ငါ့ညီ...တစ်ယောက်တည်း ဘာတွေတွေးပြီး ပြုံးလာတာလဲကွ"

"ဘာမှမဟုတ်ပါဘူး ကိုကြီးရာ...ဒီလိုပါပဲ"

ပြောပြီး ကိုကြီးရှေ့မှ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။ မဟုတ်ရင် ဟိုမေးဒီမေး မေးနေဦးမှာမဟုတ်လား။





## အခန်း (၂၉)

### သို့...ချစ်သူ

ချစ်သူ...
နံနက်မိုးသောက် အလင်းရောက်တာနဲ့
အချိန်မှန်အချက်ပေး
နင်က နိုးစက်လေးပါ ချစ်သူ။
ချစ်သူ...
လိုတရ ဘဝမဟုတ်ပေမယ့်
ဖြစ်နိုင်တာဆို လိုတာရစေ
ကလေးလို ပူဆာ ငိုပြစရာ မလိုခဲ့ဘူး။
အလိုကျအောင် ဖြည့်ဆည်း
သည်းခံခြင်းနဲ့ ချစ်တဲ့သူ...။

ချစ်သူ…
ငါရစ်သမျှ သည်းခံ
အမှားအမှန် ဝေဖန်ထောက်ပြ
ဆုံးမတတ်တာလည်း…သူ၊
မြတ်နိုးခြင်းတစ်သွယ်
ကြင်နာခြင်းတစ်လှည့်
ယုယခြင်းတွေဖက်လို့
ကရုဏာမျက်ဝန်းလဲ့လဲ့အောက်က
ငါ ရုန်းမထွက်နိုင်ပါဘူး ချစ်သူ…။

သစ္စာနှောင်ကြိုး

ကဗျာလေးဖတ်ပြီးလို့အဆုံးမှာ ညီသုရင်ထဲ နွေးထွေးရှိန်းမြ သွားလေသည်။ ပြီးတော့ သူလည်း ချစ်သူအတွက် ကဗျာတစ်ပုဒ် ပြန်ရေးပေးချင်စိတ်ပေါက်လာသည်လေ။ ဒါပေမဲ့ အခု မရေးသေးပါဘူး။ အေးအေးဆေးဆေးကျမှ ရေးမည်လေ။

ကဗျာတဲ့…

ကဗျာဆိုတာ နှလုံးသားက တီးခတ်ပေးတဲ့ သံစဉ်တွေကို သီကုံးစေတတ်သောအရာလား မသိပါဘူး။ နှောင်ကြိုးရဲ့ Account လေးက မီးစိမ်းနေတာမို့ သူ စပြီးနှုတ်ဆက်လိုက်သည်။

"ဟိတ်…ချစ်"





"ဟင်"

"ချစ်…ဘာလုပ်နေတာလဲ"

"ကဗျာလေးတင်နေတာပါ…ကို"

"အင်း…ကို ဖတ်ပြီးပါပြီ။ ချစ်ရဲ့ကဗျာထဲက ချစ်သူက ကိုလား"

ညီသုအမေးကြောင့် နှောင်ကြိုးရင်ထဲမှာ ကျင်ကနဲ ဖြစ်သွားရသည်သာ။

"ကိုက ဘယ်သူလို့ ထင်လို့လဲ"

"မသိဘူးလေ…ချစ်ပြောပြမှ သိမှာပေါ့"

"ကို"

"ဗျာ"

"ကိုက ချစ်ကို သံသယဝင်နေတာလား။ ချစ်က လူ တစ်ယောက်ကို စိတ်နာမိပြီဆိုရင် ဘယ်တော့မှ ပြန်လှည့်မကြည့် တတ်ဘူး ကို…အခုလက်ရှိ ချစ်သူက ကိုပဲ။ ကို့အပေါ် ချစ် သစ္စာရှိမယ်။ အခုကဗျာကလည်း ကို့ကို ရည်ရွယ်ပြီးရေးတာ။ အဲဒါကို သံသယရှိရင် ထားခဲ့ပါ…ကို၊ ချစ် မတားဘူး"

"ဟာ…မဟုတ်ပါဘူး ချစ်ရယ်…ကိုယ်က အဲဒီသဘော နဲ့ မေးတာမဟုတ်ပါဘူး။ ကို့ကို ရည်ရွယ်ပြီးရေးမှန်းလည်း သိပါ တယ်။ ချစ်ဖြေတာကို ကြားချင်လို့၊ ကိုယ်က မေးမိတာပါ"

နှောင်ကြိုးဘက်က ဘာမှဆက်မပြောတော့သဖြင့် ညီသု

ဘာလုပ်ရမှန်း မသိပေ။ အစကတည်းက နှောင်ကြိုးမှာ ချစ်သူရှိခဲ့ဖူးတာ သူ သိနေတာပဲလေ။ ခွင့်မလွှတ်နိုင်ရင် သူ ရှေ့ဆက်ဘယ်တိုးခဲ့ပါ့မလဲ။ ခွင့်လွှတ်နိုင်လို့ပဲ ချစ်သူဆိုတဲ့ခေါင်းစဉ်အောက်ကို တိုးဝင်ခဲ့တာပါ။

ချစ်သူရှိခဲ့ဖူးတာ ဘာဖြစ်လဲ။

ဒါ အရွယ်ရောက်သူတိုင်း မကင်းတဲ့အရာပဲလေ။

"ချစ်"

"……….."

"ကို့ကို စိတ်ဆိုးသွားတာလား"

"……….."

"ကို….တောင်းပန်ပါတယ် ချစ်ရယ်…ကို စကားပြောမတတ်တာကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပြီ။ ချစ်စိတ်ထဲမှာ ဘာမှမထားနဲ့နော်။ ကို…တောင်းပန်ပါတယ်"

"ရပါတယ်"

"ချစ်"

"နားလည်ရင်…ပြီးရော၊ အိပ်တော့မယ်…good night"

ညီသု ပြုံးလိုက်မိပါသည်။ ဩော်…အခုထိ ကလေးစိတ်မကုန်သေးပါလား နှောင်ကြိုးရယ်။





# အခန်း (၃၀)

နှောင်ကြိုး ပန်းသီးဝယ်ပြီး ပိုက်ဆံရှင်းကာ ပန်းသီးတွေကို ခြင်းထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ပန်းသီးဆိုင်မှထွက်သွားဖို့ ကိုယ်ကို လှည့်လိုက်စဉ်…

"အင့်"

"ဟာ"

နောက်မှာ ရပ်နေတဲ့သူရဲ့ရင်ဘတ်ကို ခေါင်းနဲ့တိုက်မိသွားလေလျှင်…

"ဆောရီး…ဆောရီး…တောင်းပန်ပါတယ်ရှင်"

နှောင်ကြိုး ပျာပျာသလဲ တောင်းပန်လိုက်စဉ်…

"ရပါတယ်…မမ…ကျွန်တော်က အသံမပေးဘဲ ရပ်
မိတာပါ"

"ဟင်"

နောင်ကြီး မော့ကြည့်လိုက်တော့ ကိုယ်နဲ့ရင်းနှီးဖူးတဲ့ မျက်နှာတစ်ခုပါ။

"ခွန်း"

"ဟုတ်တယ်…မမ…မမကိုမြင်လို့ ရပ်ကြည့်နေမိတာ"

"သြော်"

"မမ ပြန်တော့မှာလား"

"ဟုတ်တယ်…ခွန်း…မမ ပြန်တော့မှာ"

"အချိန်ရရင် ကျွန်တော်နဲ့ ခဏလောက်လိုက်ခဲ့ပါလား မမ…တစ်ခုခုစားရင်း စကားပြောရအောင်လေ"

နောင်ကြီး တွေကနဲ ဖြစ်သွားလေသည်။ တစ်ချိန်က မရိုးသားစွာ ပတ်သက်ခဲ့ဖူးသူဆိုတော့ လိုက်သင့်လား၊ မလိုက် သင့်လားပေါ့။ အတိတ်ဆိုတာကို စားပြီးသားအစားအစာ ပြန်အန် ထုတ်သလိုမျိုး အန်ထုတ်လို့ရရင်…

အာခေါင်ကို လက်ညှိုးထိုးပြီး အန်ထုတ်ချင်လိုက်တာ နောင်ကြီး မှားခဲ့တာပါလေ။ မင်းစေသော်အပေါ် သစ္စာမရှိသလို ဖြစ်ခဲ့လို့ သစ္စာရှူးလေရှော့သလား။ မင်းစေသော်နဲ့လည်း လမ်းခွဲ ခဲ့ရပြီး နောင်ကြီးသာ မျက်နှာများသူ၊ မာယာများသူ ဖြစ်ခဲ့ရ





သည်သာ။

"မမ"

"ဟင်"

"ကျွန်တော်နဲ့လိုက်ခဲ့ဖို့ကို အဲဒီလောက် စဉ်းစားနေရသလား ဗျာ…ဘာလဲ…မမ ကျွန်တော့်အပေါ်မှာ မောင်လေးတစ်ယောက် လိုတောင် သဘောမထားနိုင်ဘူးလား။ စိမ်းကားလိုက်တာ မမရာ"

"မဟုတ်ပါဘူး…ခွန်းက မမရဲ့မောင်လေးပါ။ မမ လိုက်ခဲ့ပါ့မယ်"

ဒီတော့မှ ခွန်းမျက်နှာလေး ပြုံးသွားပြီး…

"ကျေးဇူးပါ…မမ"

"ရပါတယ်"

"ဒါဆိုသွားရအောင်…ပေး…မမရဲ့ခြင်း၊ ကျွန်တော် ဆွဲခဲ့ မယ်"

"ရပါတယ်"

"ပေးပါ မမရဲ့…ကျွန်တော်က မမရဲ့မောင်လေးပဲဟာ… အားမနာပါနဲ့"

ပြောရင်း ခွန်းက ဆွဲခြင်းကိုယူလေတော့ နောင်ကြီး အလိုက်သင့်လွှတ်ပေးလိုက်လေတော့သည်။ စိတ်ကတော့ သိပ် မလုံပါဘူး။ ဘယ်လိုပဲ မောင်နှမလို သဘောထားထား ပတ်သက် ခဲ့ဖူးတဲ့ အချိန်ကာလတစ်ခုက စကားတွေအတွက် ရှက်သလိုလိုပါ။

ပြီးတော့…

ကို့အပေါ် နှောင်ကြိုး သစ္စာရှိရမည်လေ။ အရင်က ပတ်သက်ခဲ့ဖူးသူတစ်ယောက်နဲ့ အခုလို အတူရှိနေတာအတွက် ကိုယ့်မှာ အပြစ်ရှိသလိုပါပဲ။ စားသောက်ဆိုင်ကိုရောက်လို့ စားရင်းသောက်ရင်း…

"မမကို ကျွန်တော် ပြောစရာရှိတယ်"

"ပြောလေ"

"ကျွန်တော် အိမ်ထောင်ပြုရတော့မယ်…မမ"

နှောင်ကြိုး မျက်ခုံးလေးမြင့်တက်သွားပြီး…

"ဟုတ်လား…ပြုလေ…မင်းလည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်တာ"

"ကျွန်တော်"

"…………"

"ကျွန်တော်…သူ့ကို မချစ်ဘူး…မမ"

နှောင်ကြိုး မသိမသာ သက်ပြင်းလေးချကာ…

"အိမ်ထောင်ကျပြီးရင်…နောက်တော့ ချစ်သွားမှာပါ"

"မထင်ပါဘူး မမရာ…ကျွန်တော် အရမ်းခံစားနေရတာ"

"လူကြီးတွေ သဘောတူတာလား"

"မဟုတ်ဘူး…မမ…ကျွန်တော်လည်း အချစ်ဆိုတာကို မြေစမ်းခရမ်းပျိုးသလို ဖြစ်နေတာ။ အစားထိုးကြည့်ဖို့ ကြိုးစား





ရင်း…ဟူး…ကျွန်တော် မပြောချင်တော့ဘူးဗျာ…ယောကျ်ား မာနကြောင့်ပဲ ဆိုပါတော့"

"ဘာကြောင့်လဲ…တိတိကျကျသိရအောင် မမ မမေးပါဘူး။ တစ်ခုပဲပြောချင်တယ်"

"ပြောပါ…မမ"

"မင်း…သူ့အပေါ်မှာ ချစ်နိုင်အောင် ကြိုးစားပါ…ခွန်း"

ခွန်း စိတ်ရှုပ်စွာနဲ့ မျက်နှာကို လက်ဝါးနှင့်ပွတ်လိုက်မိသည်။ ချစ်နိုင်ဖို့ ကြိုးစားကြည့်တာပဲလေ။ ခက်တာက အစွဲအလမ်းကြီးတဲ့စိတ်ပါပဲ။ ခွန်းက အစွဲအလမ်းကြီးတတ်သူပါ။

"ကျွန်တော် အချစ်ရေးမှာ ကံမကောင်းဘူး…မမ"

"အချစ်ရေးမှာ ကံကောင်းဖို့ထက် အိမ်ထောင်ရေးမှာ ကံကောင်းဖို့က အဓိကပါ…မောင်လေး"

နှောင်ကြိုး အတတ်နိုင်ဆုံး စကားကို လမ်းကြောင်းလွှဲပစ်နေမိသည်။ ခွန်းစကားတွေက အငြိအစွန်းမှ မလွတ်ဘဲလေ။ ကိုယ်က ရက်စက်သလိုဖြစ်ခဲ့သူမို့ အတတ်နိုင်ဆုံး နှစ်သိမ့်ပေးနေမိတာပါ။ ဖြေသိမ့်နိုင်အောင်လို့ပေါ့။

"မမချစ်သူက မမကို အရမ်းချစ်လား"

"အင်း…ချစ်တာပေါ့။ ညီသုက မမကို အရမ်းချစ်တာလေ…မမ ကလေးလိုဆိုးရင်လည်း သည်းခံတယ်"

"သူ…Facebook သုံးလား…မမ၊ မမ Account ထဲမှာ

Friend အဖြစ်ရှိလား"

"ရှိပါတယ်"

နှောင်ကြိုး ဖုန်းကို ထုတ်လိုက်သည်။ ခွန်း ဘာကြောင့် သိချင်နေတာလဲဆိုတာ ရည်ရွယ်ဝေးဝေး စဉ်းစားမနေတော့ပေ။ မယုံတာလား၊ သိချင်ရုံသက်သက်ပဲလားတော့ မသိပါဘူး။ နှောင်ကြိုး Facebook ကိုဖွင့်ပြီး သူ့ Account ထဲသို့ ဝင်ကြည့်လိုက်သည်နှင့် ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရသည်။

'ချစ်သူ' တဲ့။

**ချစ်သူ**

ချစ်သူ...
ခင်မင်မှုကြိုးလေးတစ်မျှင်
ရစ်ပတ်လို့ တွယ်ငင်
သံယောဇဉ်နှောင်ကြိုး
တစ်ရစ်ထက် တစ်ရစ်တိုးလို့
နွေးထွေးခြင်းတွေနဲ့
ငါ့အထီးကျန်ခြင်းတွေကို
အဝေးထွက်ပြေးသွားစေခဲ့သူ...။
ချစ်သူ...
မျှော်လင့်ခြင်း မနက်ဖြန်တွေအတွက်
ရှင်သန်ခြင်းနေ့ရက်တွေမှာ





ငါ့ရင်ခုန်သံတွေကို အသက်သွင်းပေးနေသူ...။
ချစ်သူ...
မြတ်နိုးခြင်းတွေနဲ့
ရင်ခုန်သံစည်းချက်လိုက်လို့
ချစ်ခြင်းရဲ့တေးသွားတွေကို
တီးခတ်ပေးနေသူ...။
ချစ်သူ...
ချစ်တာကိုစတေးတပ်
သစ္စာဆို အလေးအမြတ်ပြုတယ်
ခန္ဓာကြွေပြန်း
အသက်ဆုံးလည်း
သံသရာအဆုံးထိ ချစ်နေမယ်...ချစ်သူ။

ညီသုတ

နှောင်ကြိုး ကဗျာကို ဖတ်ပြီး ပြုံးလိုက်မိသည်။ ပြီးတော့ နောက်တစ်ခေါက် ပြန်ဖတ်လိုက်မိ၏။ မရေးတတ်ရေးတတ်နဲ့ ရေးထားတဲ့ ကဗျာလေးက နှောင်ကြိုးရဲ့ရင်ကို နွေးထွေးရှိန်းမြစေတာ အမှန်ပါ။ မင်းစေသော်နဲ့တုန်းက ကိုယ့်ကိုရည်ရွယ်ပြီး ကဗျာရေးဖို့နေနေသာသာ ကိုယ်ရေးတဲ့ကဗျာကိုတောင် သေသေချာချာဖတ်သူ မဟုတ်ပေ။

ဒါပေမဲ့…

နောင်ကြီး သူ့ကို ချစ်ခဲ့သည်လေ။ နောင်ကြီး အတွေးစကို ဖြတ်ပြီး ခွန်းကို ကြည့်လိုက်မိတော့…

"အင်"

ခွန်းက နောင်ကြီးကို စေ့စေ့ကြည့်နေသည်။ နောင်ကြီး ပြန်ကြည့်တော့မှ မျက်နှာလွှဲသွားလေတော့၏။ ကိုယ့်အတွေးကို ခွန်း မသိပေမယ့် ခွန်းကို အားနာလိုက်တာ။ ဘာလို့လဲဆို…ခွန်းက ကိုယ့်ကိုရည်ရွယ်ပြီး ကဗျာတွေ အများဆုံးရေးခဲ့သူ။

ဂရုစိုက်တာလည်း ပိုခဲ့သူပေမယ့်…

နောင်ကြီးက သူ့အကြောင်းတွေကို လွမ်းတသသနဲ့ ပြန်တွေးတာ မရှိခဲ့ပေ။

"မမချစ်သူရဲ့ Account ကို ပြလေ…မမ"

နောင်ကြီး ခွန်းမျက်နှာရှေ့သို့ ဖုန်းကို ထိုးပေးလိုက်ပြီး…

"ဒီမှာလေ"

"………"

"သူ…ကဗျာရေးထားလို့ ဖတ်ကြည့်နေတာ"

"ဪ"

ခွန်းက ကဗျာကို ဖတ်ကြည့်ပြီး ဖုန်းကို ပြန်ပေးကာ…

"ကျွန်တော်ကတော့ ကဗျာမရေးတာကြာပြီ။ ကဗျာရေးရင် နှလုံးသားတွေက နူးညံ့လာလို့ မရေးချင်တော့ဘူး။ ကဗျာရေးတဲ့





သူတွေနဲ့လည်း မပတ်သက်ချင်တော့ပါဘူးဗျာ"

"မမကြောင့်လား"

,"မဟုတ်ပါဘူး"

ပါးစပ်က မဟုတ်ပါဘူးဆိုပေမယ့် မျက်လုံးတွေက ဟုတ်တယ်လို့ ဝန်ခံနေသလိုပါ။

"မမ တောင်းပန်ပါတယ် မောင်လေး။ တကယ် မရည်ရွယ်ခဲ့ပါဘူး"

"ရပါတယ် မမ…ကျွန်တော့်ကံလို့ပဲ သတ်မှတ်ပါတယ်။ ဒါနဲ့ အခုတစ်ယောက်ကိုရော မမ တကယ်ချစ်ရဲ့လား"

"အင်း…တကယ်ချစ်မိသွားတာပါ။ အချစ်ဆိုတာမှာ ယုံကြည်အားကိုးခြင်းတွေပါ ပေါင်းထည့်လိုက်မိတယ်"

"ကောင်းပါတယ်…ကျွန်တော် ဝမ်းသာပါတယ်…မမ၊ မမတို့ ပေါင်းစည်းခွင့်ရပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"ထုံးစံအရ ပေးတဲ့ဆုနဲ့ ပြည့်ပါစေပေါ့…ခွန်း၊ ဒါပေမဲ့ ဖူးစာပါမှလေ… မမလည်း အချစ်ရေးမှာ ကံကောင်းသူတစ်ယောက်မှ မဟုတ်တာ။ မင်းလည်း ပျော်ရွှင်ပါစေလို့ မမ ဆုတောင်းပေးပါတယ်"

"ပျော်ချင်ပါတယ်ဗျာ"

နောင်ကြီး သက်ပြင်းခိုးချလိုက်မိသည်။ ဘယ်လိုပဲ

ကွေ့ပတ်ပြောပြော စကားတွေက ဒီဘူတာပဲ ဆိုက်ဆိုက်လာတာ ဘယ်လိုလုပ်ရမလဲ။ ကိုယ်က အပြစ်ရှိသူမို့ ခွန်းရှေ့မှာ ထိုင်နေရတာ စိတ်မလုံတော့ပေ။

ထို့ကြောင့်…

"ခွန်း"

"ဗျာ"

"မမ ပြန်တော့မယ်"

"ဩော်…ဟုတ်ကဲ့…မမ…ဆောရီး…မမ…ကျွန်တော်လည်း ဘာတွေပြောနေမိမှန်း မသိဘူး။ မမ စိတ်ညစ်သွားပြီထင်တယ်"

"ရပါတယ်"

ခွန်း စိတ်ညစ်ညစ်နှင့် ပြောချင်ရာပြောပြီးမှ မမကို အားနာမိသွားလေသည်။ သူ…သူ့ကောင်မလေးကို တကယ်မချစ်ဘဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ မာနကြောင့်ပါ။ နှင်းနှင်းရဲ့မိဘတွေက သူတို့သမီးကို ခွန်းနဲ့ သဘောမတူဘူးတဲ့လေ။ အဲဒါကြောင့် ရအောင်ယူဖို့ ဆုံးဖြတ်လိုက်တာ။

ဒါကို အတ္တလို့ခေါ်ရင်…

ခွန်းက အတ္တသမားပေါ့။ ခွန်း တကယ်ချစ်ခဲ့တာက မမကိုပါ။





# အခန်း (၃၁)

"ကို"

"ပြောလေ…ချစ်"

နှောင်ကြိုးက ညီသုပခုံးကို မှီထားလေတော့ ညီသုနှောင်ကြိုးရဲ့လက်ကလေးကို ထွေးဆုပ်ထားလေသည်။ မင်းစေသော်နဲ့တုန်းကဆို အရမ်းချစ်ခဲ့ပေမယ့် နှောင်ကြိုး ဒီလို ပခုံးကို အေးအေးဆေးဆေး မှီခွင့်မရခဲ့ပါဘူး။

အကြောင်းပြချက်မျိုးစုံနဲ့…

သူက ပြန်ဖို့အချိန်ကို လက်ချိုးရေတွက်နေခဲ့သူပါ။ ဒီတော့ မိန်းကလေးကပဲ ရင်ခွင်ထဲ အတင်းတိုးဝင်ရမလိုပါပဲ။ ပြောလိုက်ပြီဆို သူ့မိသားစု၊ သူ့အိမ်အကြောင်းချည်းပဲဆိုတော့ ချစ်သူတွေ

ကြားမှာ ကြင်နာနွေးထွေးမှုဆိုတာက ပျောက်မှန်းမသိ ပျောက်သွားသည်သာ။

ဒါတောင် နှောင်ကြိုး သစ္စာရှိစွာနဲ့ ချစ်ခဲ့တာ သုံးနှစ်နီးပါးပါ။ မင်းစေသော်အတွက် နှောင်ကြိုးက နံပါတ်စဉ်တပ်လို့မရတဲ့သူပါ။ မိဘ၊ မိသားစု၊ ညီအစ်ကိုမောင်နှမ…ပြီးတော့ သူငယ်ချင်း…ဘယ်သူနဲ့ပဲယှဉ်ယှဉ် အခြားလူတွေကိုသာ ဦးစားပေးပြီး နှောင်ကြိုးက ချန်ထားခံရသူ။ ဒါကြောင့် နံပါတ်စဉ် မရှိတဲ့သူပေါ့။

ညီသုကျတော့…

နွေးထွေးမှုတွေ ပေးသည်။ နားလည်မှုလည်း ပေးသည်လေ။ သဝန်တိုတတ်ပေမယ့် ခွန်းလိုလည်း အတ္တမကြီးပေ။ မင်းစေသော်လိုလည်း ဥပေက္ခာမပြုသူ။

"ပြောလေ…ချစ်ရဲ့…ဘာပြောမလို့လဲ"

"ကိုကို ချစ် မဖုံးကွယ်ထားချင်လို့ ပြောမှာနော်…ကို။ ချစ်အပေါ် သံသယတော့ မဖြစ်စေချင်ဘူး"

"အင်းပါ…ချစ်ရဲ့၊ ကို…ချစ်ကို ယုံပါတယ်။ ပြောမှာသာ ပြော"

"ဟိုနေ့က ချစ် ခွန်းသိုက်ညီနဲ့ တွေ့ခဲ့တယ်…ကို"

"ဟုတ်လား"

"အင်း"





"သူက ဘာပြောလဲ"

"သူ…အိမ်ထောင်ပြုတော့မယ်လို့ ပြောတာပါ"

"ကောင်းတာပေါ့"

"တွေ့တဲ့အကြောင်းကိုပဲ ပြောပြတာပါ"

"ချစ်ရယ်…ချစ်…သူ့ကို မချစ်ခဲ့ဘူးမဟုတ်လား"

"ဟုတ်တယ်…ကို၊ ချစ်…သူ့ကို မချစ်ဘူး။ ချစ်…ဘကယ်ချစ်ခဲ့တာက ဟိုတစ်ယောက်ကိုပါ"

"အခုရော…သူ့ကို ချစ်သေးလား"

"စိတ်နာတယ်… ချစ်က စိတ်နာရင် ဘယ်တော့မှ ပြန်လှည့်မကြည့်တတ်ဘူး…ကို"

ဒါ မှန်ကန်သောစကားပါ။ နှောင်ကြိုး အခုဆိုရင် မင်းစေသော်ကို စိတ်နာနေသည်လေ။ စိတ်နာမိရင် လှည့်မကြည့်တတ်တဲ့အကျင့်က ညီသုကိုချစ်ဖို့ ဖြစ်တည်လာခဲ့တာပဲပေါ့။

"ချစ်"

"ဟင်"

"ကိုကို သူ့ထက်ပိုပြီး မချစ်နိုင်ရင်နေပါ။ သူနဲ့တန်းတူ ချစ်ပေးနိုင်မလား…ချစ်ပေးနိုင်အောင် ကြိုးစားကြည့်ပါနော်"

နှောင်ကြိုး သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ လောဘနည်းလိုက်တာလို့ အပြစ်တင်ရမလား။ နားလည်ခွင့်လွှတ်ပေးသူရယ်လို့ ကျေနပ်ပီတိဖြစ်ရမလား…မပြောတတ်တော့ပါဘူး။

ကိုက နှောင်ကြိုးကို ဥပေက္ခာမပြုသလို အတွယ်လည်းမကြီးပေ။ ဒါကြောင့်ပဲ ချစ်ခဲ့မိတယ်ဆိုရင် မမှားပါဘူး။

“ကိုရယ်”

“..............”

“ကို...ချစ်ကို အရမ်းချစ်တာပဲလားဟင်”

“ချစ်က ကို့ရဲ့အချစ်ဦးလေ...ကိုကသာ ချစ်ရဲ့အချစ်ဦး ဖြစ်ခွင့်မရတာ။ အချစ်ဦးလည်း မဖြစ်ချင်ပါဘူး။ အချစ်ဆုံးပဲ ဖြစ်စေချင်တာ။ အရင်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့...အခု ကို့အပေါ်မှာ သစ္စာရှိပေးရင် ရပါပြီ”

“အဲဒီအတွက် စိတ်ချပါ...ကို၊ ချစ်...ကို့အပေါ်မှာ သစ္စာရှိသွားမှာပါ။ ယုံပါ...ကို...ချစ်အပေါ်မှာ သံသယမဝင်ပါနဲ့နော်”

“ကို”

“ဟင်”

“ချစ်သူကဗျာမှာ သတ်ပုံမှားနေတယ်...ကို...ပြင်လိုက်ဦးနော်”

“ဟုတ်လား...ဘယ်နေရာမှာလဲ”

“မနက်ဖြန်ဆိုတာ...ဖြန့်မှာလေ။ မနက်ဖန်မဟုတ်ဘူး...မနက်ဖြန်လို့ ယရစ်ထည့်ရေးရမှာ...ကိုရဲ့”

“အဟဲ...ကိုက ကဗျာဆရာ မဟုတ်တော့...အဲဒီလောက်





အသေးစိတ် ဂရုမစိုက်မိလိုက်ဘူး။ ကို...ပြင်လိုက်မယ်နော်”

“ရှိသေးတယ်...ကို”

“အင်း...ပြောပါဦး”

“ဟိုအပိုဒ်မှာ...ကို...ချစ်သူ...ချစ်တာကို စတေးတပ်သစ္စာဆိုအလေးအမြတ်ပြုတယ်၊ ခန္ဓာကြွေပြုန်း အသက်ရှူးလည်းသံသရာအဆုံးထိ ချစ်နေမယ်ဆိုတာလေ”

“အင်း...ပြောပါဦး”

နှောင်ကြိုး အခုလို ပြောပြနိုင်တာသည် ချစ်သူကဗျာကို ခဏခဏ ပြန်ဖတ်ပြီး အလွတ်ရနေလို့ပါ။ ကိုယ့်ကိုရည်ရွယ်ပြီး ရေးတဲ့ကဗျာဆိုတော့ ကိုယ့်ချစ်သူရေးတာမို့ ခဏခဏ ဖတ်ဖြစ်တာပါ။

“အသက်ဆိုတာ ဆုံးတယ်ပဲရှိတာ။ ရှူးတယ်မရှိဘူးလေ...ကို...အဲဒါကြောင့် အသက်ရှူးလည်းအစား အသက်ဆုံးလည်းပဲ ဖြစ်သင့်တာ”

“အင်း...ကို...ပြင်လိုက်မယ်လေ”

ပြောပြီး ညီသုက ဖုန်းကိုဖွင့်၍ စတင်လှုပ်ရှားလေတော့သည်။ ကိုယ့်ချစ်သူက ကဗျာအကြောင်း နားလည်တဲ့ ကဗျာဆရာမဆိုတော့ ညီသု ချစ်သူဆီမှာပဲ လေ့လာသင်ယူရဦးမှာပေါ့။

“ကဗျာနဲ့ပတ်သက်ပြီး...ကို...ချစ်ဆီမှာ လေ့လာသင်ယူရဦးမယ်။ ကို့ကို သင်ပေးနော်”

"သင်ပေးရမှာပေါ့"

"ကိုတို့…လက်ထပ်ကြရအောင်…ချစ်"

"အမ်…ဘာမှလည်းမဆိုင်ဘူး"

စကားကို အဆက်စပ်မရှိ ပြောချလိုက်လေတော့ နှောင်ကြိုး က ရယ်လေသည်။ ဟုတ်တယ်လေ…ညီသုက စကားကို သွယ်ဝိုက်ပြီးမှ မပြောတတ်တာ။ ဘာပဲဖြစ်ဖြစ် ဒဲ့ပဲပြောတတ်သူ ပါ။

"မဆိုင်ဘူးလား…မဆိုင်လည်း ချစ်တယ်။ လက်ထပ်ချင် တယ်…ဒါပဲ"

နှောင်ကြိုး သူ့မျက်နှာကို မော့ကြည့်ပြီး ရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွားလေသည်။ ဩော်…မင်းစေသော်က ကိုယ့်ကို လက်ထပ်ဖို့ ကြောက်နေသလောက်…

ကို့ကျတော့…

လက်ထပ်ချင်တယ်တဲ့။





# အခန်း (၃၂)

"နှောင်ကြိုး"

"……….."

"နှောင်ကြိုး"

နောက်ကနေခေါ်တဲ့အသံက ကိုယ် ရင်းရင်းနှီးနှီး ကြားဖူး တဲ့အသံမို့ နှောင်ကြိုးရဲ့ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ နှောင်ကြိုး လှည့်မကြည့်ခင်ဘဲ သူက နှောင်ကြိုးရှေ့သို့ ရောက် လာလေလျှင်…

"ဩော်…ရှင်ကိုး"

"နှောင်ကြိုး…မောင် နှောင်ကြိုးကို တောင်းပန်ချင်လို့ပါ"

နှောင်ကြိုး မျက်မှောင်လေးကြုတ်သွားပြီး…

"ဘာအတွက်လဲ"

"မောင် မှားခဲ့ပါတယ် နှောင်ကြိုးရယ်…တကယ်တမ်းကျတော့ မောင် နှောင်ကြိုးကို တစ်နေ့မှ မေ့လို့မရခဲ့ဘူး။ နေ့တိုင်းသတိရတယ်။ လွမ်းတယ်…နှောင်ကြိုးကို မောင် အဆုံးရှုံးမခံနိုင်ဘူး…နှောင်ကြိုး၊ နှောင်ကြိုးနေရာမှာလည်း ဘယ်မိန်းကလေးကိုမှ အစားထိုးမချစ်နိုင်ဘူး"

"သြော်…အစားထိုးလို့ရရင်တော့ အစားထိုးမယ်ပေါ့…ဟုတ်လား"

"မဟုတ်ဘူး…မောင် အဲဒီလိုသဘောပြောတာ မဟုတ်ဘူး…နှောင်ကြိုး၊ မောင် နှောင်ကြိုးကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်နိုင်တော့ဘူးဆိုတာကို ပြောတာပါ"

နှောင်ကြိုးရဲ့နှုတ်ခမ်းသားလေး မဲ့ကနဲ ဖြစ်သွားလေသည်။ အမြဲတမ်း အေးချမ်းစွာ ပြုံးတတ်ခဲ့တဲ့ နှောင်ကြိုးရဲ့နှုတ်ခမ်းလေးက အချစ်ကြောင့် ခဏခဏ မဲ့ပြုံးပြုံးတတ်နေခဲ့ပြီလေ။ အဲဒီလိုဖြစ်အောင် ဘယ်သူ သင်ပေးခဲ့တာလဲ။

"မောင်ဆိုတဲ့အသုံးအနှုန်းကို မသုံးပါနဲ့တော့ ကိုမင်းစေသော်…အဲဒီမောင်ဆိုတဲ့အသုံးအနှုန်းနဲ့ မဆိုင်တဲ့အရပ်မှာ ကျွန်မရပ်နေပါပြီ"

"နှောင်ကြိုး"

"ကျွန်မဘဝထဲမှာ…ကျွန်မအတွေးထဲမှာ မောင်ဆိုတာ သေဆုံးသွားခဲ့ပါပြီ"





"ကျွန်မတဲ့လား နှောင်ကြိုးရယ်…မောင်ဆိုတာ သေဆုံးသွားပြီတဲ့လား။ ပြောရက်လိုက်တာလို့ မပြောတော့ပါဘူး။ မောင်မှားခဲ့တာပါ"

"မှားမှန်းသိရင် နောက်ဆုတ်လိုက်တော့ ကိုမင်းစေသော်"

"နှောင်ကြိုးရယ်"

"ကျွန်မ မကြာခင်မှာ လက်ထပ်တော့မယ် ကိုမင်းစေသော်"

"ဟင်"

မင်းစေသော် စကားပြန်မပြောနိုင်တော့ပေ။ နှောင်ကြိုးကိုသာ ငေးကြည့်နေလျက် အသက်ရှူဖို့ပင် မေ့နေသည့်အလားနှယ်။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘယ်လိုဆက်ပြောရမှန်း မသိတော့ပါဘူး။ သူ မိသားစုကို လိုသည်ထက်ပိုပြီး ဦးစားပေးမိခဲ့တာလေ။

ချစ်သူဆိုတာကို…

သူ ကိုယ့်ကိုချစ်နေတာပဲ၊ ကိုယ့်အပေါ် သစ္စာရှိနေတာပဲဆိုပြီး ဥပေက္ခာပြုခဲ့မိတာ။ အခုတော့…

"ကျွန်မ အချစ်စစ်ကို စော်ကားခဲ့မိလို့ သူ ကျိန်ခဲ့တဲ့အတိုင်း ကျိန်စာစူးခဲ့တာပါ။ ဝဋ်လည်တာဆိုရင်လည်း မမှားဘူး"

"နှောင်ကြိုးရယ်…မောင် ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး။ မောင် ရင်ကွဲရပါပြီ။ မောင် နောင်တရလို့ မဆုံးတော့ဘူး"

"ရပေါ့…ရှင်က နောင်တနဲ့ပဲ ထိုက်တန်တဲ့လူလေ။

နောင်တနဲ့ပဲ ရှင် ကျန်ခဲ့ပေါ့"

"နောင်ကြီး"

"..........."

"နောင်ကြီး...တကယ်ပဲ လက်ထပ်တော့မှာလား"

"ဒါ...နောက်စရာမှမဟုတ်တာ"

"သူက ဘယ်သူလဲ...ဘယ်ကလဲ"

"အဲဒါ ကိုမင်းစေသော် သိဖို့မလိုဘူးထင်တယ်။ နာမည်တော့ ပြောလို့ရပါတယ်။ သူ့နာမည်က ညီသုတတဲ့"

"ညီသုတ"

"ဟုတ်တယ်"

နောင်ကြီး ကိုယ့်ကို စိတ်နာလို့ တမင်ပြောနေတာ ဖြစ်ပါစေလို့ပဲ မင်းစေသော် ဆုတောင်းမိပါသည်။ သူ့အပေါ်မှာ နောင်ကြီးလောက်ကောင်းတဲ့၊ တော်တဲ့ချစ်သူမျိုး နောက်တစ်ယောက်မှ မရှိနိုင်ဘဲလေ။ ကိုယ့်ကိုက မှားခဲ့တာပါ။

မချစ်တာလည်း မဟုတ်ဘဲနဲ့...

ဥပေက္ခာပြုထားခဲ့မိတာ ကိုယ့်ကို နောင်တဆိုတဲ့ လှံတစ်ချောင်း ပြန်စိုက်ခံရဖို့လား။ မဟုတ်ပါစေနဲ့...မဟုတ်ပါစေနဲ့လို့ ဆုတောင်းမိတာ အခါခါပါ။

"နောင်ကြီး...သူ့ကို တကယ်ချစ်လား"

"အဲဒါ ကိုမင်းစေသော် မေးစရာမလိုဘူးထင်တယ်"





"လိုတာပေါ့ နောင်ကြီး...နောင်ကြီး သူ့ကို တကယ်မချစ်ဘဲနဲ့တော့ လက်မထပ်စေချင်ဘူး။ နောင်ကြီးပဲ တစ်သက်လုံး စိတ်ဆင်းရဲမှာလေ"

"အဟွန်း"

ချစ်နေရင် အပြစ်မြင်စရာမရှိပေမယ့် စိတ်နာတော့ လိပ်ပြာမလုတော့ဘူးပေါ့။ အရင်က ချစ်ခဲ့သမျှအတွက် အနစ်နာခံဖြည့်ဆည်းပေးမိတာတွေအတွက် အခု နောင်ကြီး နောင်တရနေပါပြီလေ။ ငါ ဒီလောက်ရူးသွပ်မိရမလားလို့ပေါ့။

ချစ်နေတုန်းက အစွမ်းကုန်သည်းခံခဲ့သလောက် စိတ်နာပြီဆိုတော့လည်း လှည့်မကြည့်ချင်တော့ပေ။

"ရှင်...ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲ ကိုမင်းစေသော်...ဘာလဲ...ကျွန်မကို ရှင်ကလွဲပြီး အခြားချစ်မယ့်ကြိုက်မယ့်သူ မရှိဘူးလို့ ရှင် ထင်နေတာလား"

"မောင် အဲဒီသဘောနဲ့ ပြောတာမဟုတ်ဘူး နောင်ကြီး...နောင်ကြီး သူ့ကို မချစ်ဘဲနဲ့ လက်မထပ်စေချင်တာပါ"

"ချစ်တယ်...ရှင် ဥပေက္ခာပြုသလောက် ကိုက နွေးထွေးမှုတွေပေးတယ်။ ရှင့်အတွက် ကျွန်မက ဖြည့်ဆည်းအနစ်နာခံခဲ့သလောက် ကိုက ကျွန်မအတွက် ဖြည့်ဆည်းအနစ်နာခံတယ်။ အဲဒါကြောင့် သူ့ကို ကျွန်မ ချစ်တယ်ဆိုတာထက် ယုံကြည်အားကိုးမှုတွေ ပေါင်းထည့်ထားတာ။ ကို့ကို ကျွန်မ အရမ်းချစ်တယ်"

မင်းစေသော် နှောင်ကြိုးရဲ့စကားအဆုံးမှာ အားအင်တွေ ဆုတ်ခန်းသွားသလိုပါပဲ။ ကိုယ် မျှော်လင့်ခဲ့သမျှ သွားပြီပေါ့။ အသက်ရှူပြင်ရပ်ချင်လောက်အောင် ခံစားရပါသည်။

"မောင်…မောင်…တကယ်ရင်ကွဲရပါပြီ နှောင်ကြိုးရယ်"

"အရာအားလုံးကို ရှင် ဖန်တီးခဲ့တာပါ"

"ဟုတ်ပါတယ်…မောင် မှားပါတယ် နှောင်ကြိုးရယ်… မောင့်အမှားတွေအတွက် မောင့်ကို ပြင်ဆင်ခွင့်ပေးပါ။ မောင် နှောင်ကြိုးကို တကယ်ချစ်တာပါကွာ…နှောင်ကြိုး သူ့ကို မချစ် ဘူးမို့လားဟင်"

"ပြင်ဆင်ခွင့်…ဟုတ်လား"

"…………"

"အရမ်းနောက်ကျသွားပြီ ကိုမင်းစေသော်"

မင်းစေသော် ထင်မထားခဲ့ပေ။ နှောင်ကြိုးကို ဒီလောက် အထိ ပြတ်သားလိမ့်မယ်လို့ ထင်မထားမိတာ ကိုယ့်အမှားပေါ့။ ဒါပေါ့လေ…ကိုယ်က စိတ်နာအောင် လုပ်ခဲ့မိတော့…

"ညီသုမှာ ဘာအပြစ်မှ မရှိတဲ့အတွက် ကျွန်မ မထားခဲ့နိုင် ဘူး။ သူ ကျွန်မအပေါ် ကောင်းသလို…ကျွန်မ သူ့အပေါ် ပြန် ကောင်းရမယ်။ ရှင်က နယူတန်ကို ရိုက်ချိုးခဲ့တဲ့သူလေ။ မျှော်လင့် မနေနဲ့…ကျွန်မ ရှင့်ဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူး"

"နှောင်ကြိုးရယ်"





"ရှင်…ကျွန်မရှေ့ကနေ ဖယ်ပါ"

မင်းစေသော် နှောင်ကြိုးရှေ့ကနေ ဖယ်ပေးလိုက်တော့ သည်။ ဒီလို ပြတ်ပြတ်သားသားပြောတာ နှောင်ကြိုးမှ ဟုတ်ရဲ့ လားလို့ ထွက်သွားတဲ့ နှောင်ကြိုးရဲ့ကျောပြင်ကို ငေးရင်း… ရင်ထဲမှာ ဆို့တက်လာတာ ဘယ်အရာတွေလည်းတော့ မသိပေ။

"နှောင်ကြိုး"

စိတ်က ထိန်းချုပ်ထားတဲ့ကြားက နှလုံးသားသည် သတိကို တွန်းလှန်ကာ နှောင်ကြိုးနောက်သို့ ခြေလှမ်းကျဲများနှင့် လိုက်သွား မိလေတော့သည်။ နှောင်ကြိုးလည်း ခြေလှမ်းများ ရပ်တန့်သွား လေလျှင်…

"နှောင်ကြိုး"

နှောင်ကြိုး သူ့မျက်နှာကို မော့ကြည့်လေသည်။ တစ်ယောက် မျက်နှာတစ်ယောက် အကြာကြီးကြည့်မိပြီး စကားမပြောဖြစ်ကြ ပေ။ နောက်မှ နှောင်ကြိုးက မျက်နှာလွှဲသွားပြီး…

"နှောင်ကြိုးကို မတားပါနဲ့တော့။ နှောင်ကြိုးကို ဘာမှ ထပ်မပြောပါနဲ့တော့ ကိုမင်းစေသော်"

"နှောင်ကြိုး"

"…………"

"မောင်…မောင်…ကျွတ်"

"ဖူးစာမပါလို့ ကွဲတယ်လို့ပဲ သတ်မှတ်လိုက်ပါ ကိုမင်းစေ

သော်…နောင်ကြီးက သစ္စာတရားကို တန်ဖိုးထားတတ်သူဆိုတာ ရှင် သိပါတယ်။ ကိုယ့်အပေါ် ကျွန်မ သစ္စာမပျက်နိုင်ဘူး။ ပြီးတော့ သူ့ကို ကျွန်မ တကယ်ချစ်မိသွားတာပါ"

"သြော်"

"နောင်ကြီး ရှင့်အပေါ်မှာ စူဠသုဘဒ္ဒါလို အငြိုးကြီးစွာနဲ့ အစွယ်ကိုတောင်းပြီး နားရွှောင်းမပန်ပါဘူး။ မိဖုရားစောလုံလို လည်း ပွဲတော်အုပ်ကို အဆိပ်မခပ်ဘူး…ကျေနပ်ပါ"

ပြောပြီး နောင်ကြီး…သူ့ရှေ့ကနေ ပြေးထွက်လာခဲ့တော့ သည်။

နောင်ကြီးရယ်လို့ ဆွေးဆွေးမြွေမြွေခေါ်မိပြီး မင်းစေသော် ခေါင်းငိုက်စိုက်ချကာ ကျန်ရစ်ခဲ့ရတော့သည်သာ။





## အခန်း (၃၃)

"ကို"

"ပြောလေ…ချစ်"

"အခု..ကို ဘာလုပ်နေလဲဟင်"

"ဘာဖြစ်လို့လဲ…နောင်ကြီး"

"အခု…နောင်ကြီး ဆူးလေမှာ ရောက်နေတယ်။ ကို လာခဲ့ပေးနိုင်မလားဟင်"

ညီသုတ မျက်မှောင်ကြုတ်သွားလေသည်။ နောင်ကြီးရဲ့ အသံက တစ်ခုခုဖြစ်နေသလိုပါပဲ။ ဝမ်းနည်းနေဟန်ပါ။ တိုးလျလျ အသံက တုန်နေသလိုဆိုတော့…

"လာခဲ့မယ်…ချစ်…စောင့်နေနော်"

"အင်းပါ"

"ကို…အခုလာခဲ့မယ်နော်…ချစ်၊ ဘယ်မှမသွားနဲ့နော်။ အခုရောက်နေတဲ့နေရာကနေပဲ စောင့်"

ဖုန်းချပြီးတာနှင့် ညီသု ထွက်လာခဲ့တော့သည်။ နောင်ကြီး ဘာများဖြစ်လို့ပါလိမ့်ဆိုတဲ့ စိုးရိမ်စိတ်က တထိတ်ထိတ်ပါပဲ။

မင်းစေသော်ကတော့…

နောင်ကြီးနောက်ကို နောက်ယောင်ခံပြီး လိုက်လာခဲ့ပေမယ့် ခပ်ဝေးဝေးကနေသာ နောင်ကြီးကို ငေးမောနေမိတော့သည်သာ။ ကိုယ့်မှာ နောင်ကြီးနဲ့ပတ်သက်ပြီး ဘာအခွင့်အရေးမှ မရှိတော့ဘူးလေ။ ကိုယ့်ရဲ့ဥပေက္ခာပြုမှုတွေက အခု ကိုယ့်ကို ပြန်စူးခံလိုက်ရတာ။

မင်း…ခံစားပေတော့ မင်းစေသော်။

ပန်းဆိုတာ ကိုယ်မခူးရင် သူများခူးနမ်းမှာပဲလေ။ ဒါကို မတွေးဘဲနဲ့ ဥပေက္ခာပြုခဲ့မိတာ။ အခုတော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲပေါ့။

နောင်ကြီးဘက်က…

မောင်ဆိုတာ ပါးစပ်ဖျားကမချဘဲ ကိုယ့်ကို ဂရုစိုက်တုန်းက တန်ဖိုးထားရကောင်းမှန်း မသိဘူးပေါ့။ အခုဆုံးရှုံးရတော့မယ်ဆိုမှ ရင်ထဲမှာ နေမထိထိုင်မသာပါ။

"ချစ်"





"ဟင်"

"ချစ်…ဘာဖြစ်လို့လဲ"

"ကို"

နောင်ကြီး ညီသု ရောက်လာတာနှင့် ညီသု ရင်ခွင်ထဲသို့ တိုးဝင်ပြီး ငိုလေတော့သည်။ ညီသု ချစ်သူကိုယ်လေးကို ပြန်ဖက်ရင်း…

"ဘာဖြစ်လို့လဲ…ချစ်၊ ကို့ကို ပြောပြလေ…ချစ်ရဲ့၊ ကို…စိတ်ပူလို့ပါကွာ"

"အဟင့်"

"ချစ်…မငိုနဲ့တော့ကွာ"

ပြောပြီး ညီသု…နောင်ကြီးမျက်နှာကို ဆွဲမော့ပြီး မျက်ရည်တွေ သုတ်ပေးကာ…

"ကို…အရမ်းစိတ်ပူနေပြီ…ချစ်ရဲ့၊ ဘာဖြစ်လို့လဲ…ပြောပါ"

"ကို"

"ပြောလေ"

"ချစ်လေ…ကို့ကို အရမ်းချစ်တယ်"

"ဩော်…ချစ်ရယ်…ကိုလည်း ချစ်ကို အရမ်းချစ်တယ်လေ။ ချစ်က ဘာကိုဝမ်းနည်းနေတာလဲ…ပြောပါဦး"

နောင်ကြီး ဘာမှမပြောတော့ပေ။ ခဏနေပြီးမှ မျက်ရည်

တွေကိုသုတ်ကာ…

"ချစ်…အရင်လူနဲ့ တွေ့ခဲ့တယ်…ကို"

"ဟုတ်လား"

"ဟုတ်တယ်…ကို"

"သူက ဘာပြောလဲ"

"သူ မှားပါတယ်တဲ့…ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ် ဆိုတဲ့စကားတွေပေါ့…ကို၊ ကို…စိတ်ချပါ…ချစ်…သူ့ဆီကို ဘယ်တော့မှ ပြန်မသွားဘူး။ ချစ်…ကို့အပေါ်မှာ သစ္စာရှိမှာပါ"

ညီသု တွေကနဲ ဖြစ်သွားလေသည်။ သစ္စာရှိမှာပါတဲ့။ အချစ်မပါဘဲထားတဲ့ သစ္စာဆိုရင်တော့ ညီသု မလိုချင်ပေ။ နောင်ကြီး ပြောခဲ့ဖူးတာ သူမ အရင်က သူမချစ်သူကို အရမ်းချစ်ခဲ့သည်တဲ့။

ထို့ကြောင့်…

"ချစ်"

"ရှင်"

"ချစ်…သူ့ကို ချစ်နေသေးလား။ ကို…ဘာသဘောနဲ့မှ မေးတာမဟုတ်ဘူးနော်။ ဆုံးဖြတ်ချက်တစ်ခု ချနိုင်ဖို့ပါ။ ကို့ကို အားမနာပါနဲ့…ပွင့်ပွင့်လင်းလင်းပဲပြောပါ"

"ကို"

နောင်ကြီး သူ့ကို အလန့်တကြားပုံစံနှင့် မော့ကြည့်ပြီး





ခဏကြာတော့ မျက်ရည်တွေ ဝေ့တက်လာကာ…

"ကို…ဘာလို့ အဲဒီလိုမေးတာလဲ"

"ချစ်…ဆုံးဖြတ်ရခက်နေသလားလို့ပါ"

နောင်ကြီး ခေါင်းခါလိုက်ကာ…

"ဟင့်အင်း"

"…………"

"ချစ်…ဆုံးဖြတ်ရမခက်ပါဘူး ကို၊ ချစ်…ကို့ကို တကယ်ချစ်တာပါ။ ကို့လက်ကို ဆုပ်ကိုင်လို့ ချစ်…သေမယ် ဆိုရင်တောင် ကို့ရင်ခွင်ထဲမှာပဲ ချစ် သေပါရစေ။ ချစ်…ကို့ကို အရမ်းချစ်တယ်။ ချစ်ကို သံသယမဝင်ပါနဲ့"

ညီသု နှုတ်ခမ်းလေးက ပြုံးသွားလေသည်။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုပေမယ့် ညီသုကတော့ စစ်ကိုသာ မတရား တိုက်ချင်တိုက်မယ်။ အချစ်ကိုတော့ တရားသောနည်းလမ်းဖြင့်သာ လိုချင်ပါသည်လေ။ ဘာလို့လဲဆို… နှလုံးသားချင်း ကိုယ်ချင်းစာတတ်လို့ပေါ့။

"ချစ်…ကို့ကို အရမ်းချစ်တာပဲလား"

"ဘယ်လိုသက်သေပြမှ ကို…ယုံမှာလဲ…ကို"

ညီသု နောင်ကြီးရဲ့ပခုံးလေးကို ဆုပ်ကိုင်လိုက်ပြီး ခေါင်းခါ လိုက်ကာ…

"ဘာနဲ့မှ ဘယ်လိုမှ သက်သေပြစရာ မလိုဘူး…ချစ်၊

ချစ်ကို…ကို…အကြွင်းမဲ့ ယုံကြည်သွားပြီ။ ကိုလည်း ချစ်ကို အရမ်းချစ်တယ်။ ကို့ကိုယုံနော်…ကိုတို့နှစ်ယောက် နားလည်မှုတွေနဲ့ လက်ချင်း ခိုင်ခိုင်ဆုပ်ကြတာပေါ့"

စောစောက လေးလံမွန်းကျပ်နေတဲ့ နှောင်ကြိုးရဲ့စိတ်တွေ ကို့ရဲ့စကားကြောင့် တစ်ခုချင်း ပြုတ်ကျသွားသလို ပေါ့ပါး လန်းဆန်းသွားလေသည်။ ပြီးခဲ့တဲ့ အတိတ်ကအကြောင်းတွေကို မစဉ်းစားချင်တော့ပါဘူး။ ပြီးခဲ့တာတွေ ပြီးပါစေတော့။ ကို့အချစ်နဲ့ အတိတ်ကအရိပ်တွေကို ဆေးကြောသန့်စင်လိုက်တော့မည်လေ။

"ကိုတို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်…ချစ်"

"အင်း"

"တကယ်နော်"

"ကို…ချစ်ကို ယုံကြည်ဖို့ပဲလိုတာပါ"

"ယုံကြည်ပါတယ်လို့…အရမ်းလည်းချစ်တယ်"

ညီသု နှောင်ကြိုးရဲ့ပါးပြင်လေးကို ဖျတ်ကနဲ ငုံ့နမ်းပြီး ကိုယ်လေးကို ထွေးပွေ့ထားလိုက်လေတော့သည်။ အရင်က ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အခု ကိုယ်က သူ့ကို ချစ်သည်။ သူကလည်း ကိုယ့်ကို ချစ်သည်။ ထိုနှစ်ဦးသားအချစ်တို့နှင့် အရာရာကို အကောင်းအတိုင်း ဖြစ်စေရမည်ပေါ့။

"ကိုတို့…သွားရအောင်နော်"

နှောင်ကြိုး ခြေဖျားလေးထောက်ပြီး ညီသုရဲ့မေးဖျားလေးကို





နမ်းလိုက်သည်။ နှောင်ကြိုး ယောကျ်ားတစ်ယောက်ကို နမ်းဖူးတာ ဒါပထမဆုံးအကြိမ်ပါပဲ။ ပြီးတော့ နှစ်ယောက်သား ထွက်လာခဲ့ကြလေလျှင်…

"နှောင်ကြိုးရယ်"

တစ်နေရာကနေ ချောင်းကြည့်နေသော မင်းစေသော်… နှောင်ကြိုးရဲ့နာမည်ကို မချိတင်ကဲလေသံနှင့် ခေါ်လိုက်မိရင်း ပါးပြင်ပေါ်သို့ မျက်ရည်က ပေါက်ကနဲ ကျလာလေတော့သည်။

မှားခဲ့တာက ကိုယ်…

ကိုယ့်အပြစ်နဲ့ကိုယ်မို့ လွမ်းရုံ၊ ဆွေးရုံ၊ တမ်းတရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့ပြီ။ နယူတန်ကို ရိုက်ချိုးတဲ့လက်တဲ့။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး…

ဩော်…ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲလို့…

**ပရိသတ်များကို ထာဝရ ချစ်ခင်လေးစားလျက်…**

**မိုးစက်ပွင့်**

၅-၆-၂၀၁၇

'ချစ်သူ' ကဗျာအား ပေးပို့ပါသော တင်မြို့ဝေ (ဆင်ဖြူကျွန်း) အား အထူးကျေးဇူးတင်ပါသည်။